

www.burmeseclassic.com

www.burmeseclassic.com


အသင်

ချစ်တုရင်

၂၀၁၄ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅·၈၃

အသင်

ချစ်တုရင်၊ အသင် (ရှန့်တုန်)


စေတနာစာပေ၊ ၂၀၁၄

၂၅၂-စာ၊ ၅×၇

(၁) ချစ်တုရင်




# အသင်




စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com


<u>အသင်စာတွက်ရှိပြီးစာအုပ်များ</u>

၁။ ညအါရစ်ဝတ်နှောင်ဖွဲ့တတ်သော
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)

၂။ မိုးပြောတဲ့နှင်းဆီပုံပြင်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)

၃။ ဝိုင်ချိုချိုလေးတစ်ခွက်
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)

၄။ ကောင်းကင်ဘုံသို့တမ်းချင်းတစ်ပုဒ်

၅။ ကြင်ယာတော် ခခလေး
(အောင်တိုင်းကျော် ဗီဒီယိုမှဝယ်ယူပြီး)

၆။ ပန်းနုရောင်သင်္ကေတလေးရဲ့ အနားသတ်မှာ
(စိမ်းဝါနီ ဗီဒီယိုမှဝယ်ယူပြီး)

၇။ ရင်သို့ကြွေလင့်လတစ်စင်း

၈။ စံပယ်တစ်ခင်းပေးရန်ရှိသည်
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)

၉။ အကြင်နာတကယ်စစ်ရင်
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)

၁၀။ အချစ်မှော်နှင်တဲ့ အမုန်းယဉ်
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)

၁၁။ ချစ်သူလက်နဲ့ကောက်ယူခဲ့တဲ့အလွမ်းတစ်ပွင့်
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)

၁၂။ လှည့်စားတတ်တဲ့ ကောင်မလေး
(လပ်ကီးဘောစ် ဗီဒီယိုမှဝယ်ယူပြီး)

၁၃။ ရင်ထဲက ဆောဘီ
(ဖိုးနှစ် ဗီဒီယိုမှဝယ်ယူပြီး)

၁၄။ ကျိန်စာပြယ် ဒဏ္ဍာရီ
(ဖိုးနှစ် ဗီဒီယိုမှဝယ်ယူပြီး)

၁၅။ အမုန်းနယ်နိမိတ်က အချစ်သူရဲကောင်း

၁၆။ ချစ်သောကိုကြီး

၁၇။ အသည်းကွဲလိပ်ပြာ

<u>ယခုလ</u>

၁၈။ ချစ်တုရင်




ဟစ်ဖြစ်နေသော တံခါးကိုတွန်းပြီး ချယ် အခန်းထဲဝင်လာတော့ တစ်ခန်းလုံး မြင်မကောင်းအောင် ရှုပ်ပွနေတာမို့ မျက်နှာမဲ့လိုက်မိသည်။ ကြည့်စမ်းပါဦး။ တူတော်မောင် ဆန္ဒပြထားလိုက်ပုံက။ ကွင်းလုံးပုံထားတဲ့ ပုဆိုးတစ်ထည်ကို ချယ်ကောက်ယူလိုက်သည်။ ပြီးတော့ Stand မှာ ချိတ်ထားတဲ့ တိုးလို့တွဲလောင်း အဝတ်တွေကို ဖြုတ်ယူရင်း သက်မချမိလိုက်ပါသည်။

"တီချယ် မရှင်းပေးရင်နေ၊ အိမ်ဖော်တွေတော့ ကျွန်တော့်အခန်းထဲ ပေးမဝင်ပါနဲ့"

www.burmeseclassic.com



"ဟဲ့ ... အိမ်ဖော်တွေကို အိမ်အလုပ်လုပ်ဖို့ တန်ရာတန်ကြေးပေးပြီး ခေါ်ခိုင်းထားတာလေ၊ နင်မရှိတဲ့အချိန်မှာပဲ ဝင်ရှင်းခိုင်းမှာပါ စိတ်ချ၊ တကတဲ ဖြစ်နေလိုက်တာ"

"ရတယ်လေ၊ စိတ်ဓာတ်လေးတွေ သိရတာပေါ့"

ထိုအချိန်မှစ၍ သူ အပြင်ထွက်ရင် အခန်းတံခါးကို သော့ခတ်လို့သွားပါသည်။ ချယ့်အစ်မအကြီးဆုံးက မွေးသည့်သူနှင့် အငယ်ဆုံးချယ်နဲ့က ခြောက်နှစ်သာ ကွာသော်လည်း သူက ချယ့်အပေါ်မှာ နွဲ့ဆိုး,ဆိုးပြီး ဗိုလ်ကျပါသည်။ ညီအစ်မချည်းငါးယောက် မွေးထားပြီး အိမ်ထောင်ကျကြသည့် သူတွေကလည်း မိန်းကလေးတွေချည်းပဲ မွေးကြတာမို့ တစ်ဦးတည်းသာပါသည့် ယောက်ျားလေး သူ့ကို အားလုံးက ဖူးဖူးမှုတ် အလိုလိုက်ထားကြတာ အခုအချိန်အထိလေ။

သူက သူ့အခန်းရှင်းတာ၊ သူ့အဝတ်မီးပူတိုက်တာ၊ အရာရာအားလုံးကို ချယ့်ကိုပဲ လုပ်စေချင်သည်။

"ဟင်း ... ငါလည်း ဝဋ်ကြွေးပါလို့ ထင်ပါရဲ့၊ ဒါကြောင့်သာ ဘဝဘဝက ဆပ်စရာအကြွေး ပါလာလို့ ငါ့ကိုပဲရွေး





ပြီး သူ့အလုပ်တွေ လုပ်နိုင်းဖို့ သင်း မျက်စီကျခဲ့လေသလား။ သူများအမြင်မှာတော့ ချယ်ရီ့ကို သူတူလေးက အရမ်းချစ်တာပဲလို့ပေါ့၊ ငါ ခံနေရတာကိုတော့ ဘယ်သူမှ မသိဘူး"

ပါးစပ်က ပွစိ ပွစိ ပြောရင်း ချယ် ပွရှုပ်နေတဲ့ သူ့အခန်းကို သပ်ရပ်သွားအောင် ဆတ်ဆတ် ဆတ်ဆတ်နှင့် ရှင်းပေးနေမိသည်။

ဒီနေ့မှ သူက တမင်ပဲ သော့ခတ်မသွားတာလား၊ မေ့သွားတာပဲလား၊ သူ့အနံ့ သူမခံနိုင်တော့လို့ပဲ ရှင်းချင်တဲ့သူ ရှင်းပါစေလို့ သဘောထားပြီး ထားသွားလေသလားတော့မသိ။

"ချယ်ရေ ... အင်း ... ငါ့ညီမလည်း တစ်ဒုက္ခပါပဲ"

အခန်းဝလာရပ်သည့် မမညို အပြောကြောင့် ချယ် နှုတ်ခမ်းလေးရွဲ့စောင်းသွားသည်။ ငယ်ငယ်လေးတည်းက "ညည်းတူက ညည်းကျွေးမှ"၊ "ညည်းတူက ညည်းတိုက်မှ သောက်မယ်တဲ့"ဆိုတာမျိုးတွေနှင့် သင်းမလုပ်ချင်လို့ ချယ့်ကို ညာခိုင်းခဲ့လို့သာ ဒီနေ့အထိ ဒီလိုအဖြစ်မျိုးတွေ ဖြစ်ရတာပေါ့။

www.burmeseclassic.com



"မမညို ... သားကို ဘယ်တော့လောက် အိမ်ထောင်ချပေးမယ် စိတ်ကူးထားလဲ၊ အခု သူ့အသက်နှစ်ဆယ့်ခြောက်နှစ်နော်၊ မငယ်တော့ဘူး"

"သူက ညည်းယူပြီးမှ ယူမယ်တဲ့"

"လာပြန်ပြီလား"

ပုပ်သိုးသွားတဲ့ ချယ့်ကိုကြည့်ပြီး မမညိုက သဘောတကျနှင့် ရယ်မောနေသည်။ အိမ်မှာက မေမေ၊ ဖေဖေ၊ အကြီးဆုံး မမညိုနှင့် အငယ်ဆုံးချယ်တို့သာ နေကြပြီး ကျန်အိမ်ထောင်သည်တို့ကတော့ သူ့အိမ်နဲ့သူ သပ်သပ်နေထိုင်ကြတာမို့ မမညိုနဲ့ ချယ်တို့က တခြားညီအစ်မတွေထက် ပိုရင်းသည်။ မမညိုအမျိုးသားက နိုင်ငံခြားနဲ့ဖက်စပ်လုပ်ထားတဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပြီး နိုင်ငံခြားကို အလုပ်ကိစ္စနဲ့ အိမ်ဦးနဲ့ကြမ်းပြင်လို သွားနေရသူမို့ မမညိုက အိမ်ခွဲမနေခဲ့တာ အိမ်ထောင်စ,ကျကတည်းက။

"မမညိုသား သိပ်ညစ်ပတ်တာပဲ၊ တွေ့လား"





"တွေ့တယ် ... တွေ့တယ်၊ သူ့ မိန်းမ,မရသေးသမျှတော့ ခံဦးပေါ့ ချယ်ရယ်၊ သိတဲ့အတိုင်း သူက သိပ်ဇီဇာကြောင်တဲ့သူဆိုတော့ မိန်းမရဖို့ဆိုတာကလည်း ဝေးပါတယ်လေ၊ မိန်းကလေးမြင်တာနဲ့ အပြစ်ကစ,ပြီးမြင်မှတော့ ဘယ်မှာလာပြီး အဆင်ချောတော့မှာလဲ"

ချယ်က air freshener နဲ့ သူ့အခန်းထဲက ဖျန်းနေရင်းက ဝင့်ရှိသမျှတော့ ခံဦးဟူ၍သာ သဘောပိုက်လိုက်တော့သည်။ ကိုယ်လည်း ကိုယ့်တူလေး သူ့ကို သိပ်ချစ်သည်ပေါ့။ သို့ပေမင့် ဒီအသက်အရွယ်ရောက်တဲ့အထိ နိုင်စားနေတာတော့ သိပ်ပြီးအထာမကျလှ။ ချယ်လည်း အလုပ်နဲ့အကိုင်နဲ့ အားအားလျားလျားမှ မဟုတ်တာ။

ချယ်က fancy house လေးတစ်ခု ဖွင့်ထားပါသည်။ ထောင်ကျော်တန်ကနေ သိန်းဂဏန်းအထိ ပစ္စည်းမျိုးစုံ တင်ထားပြီး နေရာကလည်း လှည်းတန်းဈေးနားမှာမို့ customer ပြတ်တယ်ရယ်လို့ကို မရှိဘဲ အရောင်းဝန်ထမ်း သုံး,လေးဦးခန့်ထားရသည်အထိ ရောင်းကောင်းလှသည်။

www.burmeseclassic.com



"ဆိုင် ဘယ်တော့သွားမှာလဲ ချယ်"

"အခုပဲ ... ရေချိုးပြီးတာနဲ့ သွားတော့မှာ"

ချယ် အားလုံးရှင်းလင်းပြီး၍ သပ်ရပ်လှပနေသော တူတော်မောင်အခန်းကို တစ်ချက်ကြည့်ပြီး ရေချိုးခန်းဘက်ထွက်လာခဲ့သည်။ ဟုတ်သည်။ မမညို ပြောတာမမှား။ မြင့်မြတ်သူဆိုတဲ့ တူတော်မောင်က နာမည်နဲ့လိုက်အောင် ကိုယ့်ကိုယ်ကိုယ် မြင့်မြတ်သည်ဟု အထင်ရောက်သူ။ ဇိမ်ခံကြောင်တဲ့နေရာမှာလည်း ပြိုင်စံရှား။ ဒီကောင်က အိမ်ထောင်ကျဖို့ဆိုတာ ... အဲဒီလိုပဲ ချယ် အိမ်ထောင်ကျဖို့ဆိုတာကလည်း ...။

✣ ✧ ✣





## ၂

သူ့ရှေ့က မှန်စားပွဲကို လက်ဖြင့်တို့ထိပြီးဆွဲတဲ့ အနိုက် ဆံချည်မျှင်သုံးလေးပင်လောက်ကို စမ်းမိတွေ့ရှိသွားတာမို့ မြင့်မြတ်သူ မျက်နှာက ဒေါသကြောင့် ခက်ထန်သွားသည်။

"ဟေ့ ... ရှေ့မှာ ဘယ်သူရှိလဲ၊ လာခဲ့စမ်း"

သူ့ရဲ့မာဆတ်ဆတ်လေသံကြောင့် ဝန်ထမ်းမလေး တစ်ယောက် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာထားလေးနဲ့ သူ့ရှေ့ ရောက်လာသည်။

"ဟုတ်ကဲ့ ... အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့တွေ ဘာတွေ လုပ်မနေနဲ့၊ ဒီစားပွဲကို ဘယ်သူ သန့်ရှင်းရေးလုပ်တာလဲ၊ ပြီးတော့ ဒီပန်းအိုး၊ ငါ့စားပွဲပေါ် ရှုပ်ရှုပ်ယှက်ယှက်တွေလုပ်တာ မကြိုက်ဘူးလို့ ပြောထားတယ် မလား"

"ကြည့်စမ်း ... စားပွဲပေါ်က ဆံပင်ချည်သုံးလေးပင်တောင် တွေ့တယ်၊ တိုနန့်နန့်လည်း မဟုတ်ဘူး အရှည်ကြီးတွေပဲ၊ အင်း ... နင်တော့ မဖြစ်နိုင်ဘူး"

မြင့်မြတ်သူက ယောကျ်ားလေးဆံပင်သာသာ,သာ ရှိသော သူ့ရှေ့က ကောင်မလေးကို တစ်ချက်ကြည့်လိုက်ရင်း မေးခွန်းတစ်ခုကို ထပ်မေးလိုက်သည်။

"ဒါ ဘယ်သူလုပ်သွားတာလဲ၊ ပြောစမ်း"

သူ့ကိုကြောက်လန့်ပြီး ပြူးကျယ်ကျယ် မျက်လုံးတွေနဲ့သာ ကြည့်နေတဲ့ ကောင်မလေးကို သူ စိတ်သိပ်မရှည်ချင်တော့။

"ခေါ်လိုက်စမ်း၊ ဝန်ထမ်းတွေအားလုံး"





သူ့အမိန့်ပေးသံအဆုံးမှာ ကောင်မလေးက သူ့အခန်းထဲက ပျာယီပျာယာ ထွက်သွားပြီး မကြာခင်မှာပဲ သူ့အခန်းထဲသို့ ဝန်ထမ်းတွေအားလုံး ရောက်ရှိလို့လာသည်။

သူက ယောကျ်ားလေးဝန်ထမ်းတွေကို ပြန်လွှတ်ပြီး မိန်းကလေးဝန်ထမ်းတွေကိုသာ နေခဲ့စေသည်။ သူ့မျက်လုံးတွေက ကောင်မလေးအားလုံးရဲ့ ဆံပင်ပေါ်တွေမှာသာ ရစ်ဝဲလို့နေသည်။ ပြီးတော့ သူ့လက်ထဲက ဆံချည်မျှင်နှင့် ချိန်ထိုးရင်း ခေါင်းခါနေမိသည်။ တစ်ယောက်မှ ဒီလောက်ဆံပင်ရှည်တာ မပါပါ။

ထိုအခိုက် အဖုံးလေးနဲ့ ကြွေမတ်ခွက်တစ်လုံးကိုင်ဆောင်ရင်း ဝင်လာတဲ့ ကောင်မလေးတစ်ယောက်ကိုအတွေ့ သူ့ပါးစပ်ဟ အံ့အားသင့်သွားသည်။ အလုပ်ပေါ်တွင် အယဉ်ဆင့်နေသည့် အရပ်ရှည်ရှည်၊ ဆံပင်ရှည်ရှည်နှင့် တောင့်တောင့်တင်းတင်း ကောင်မလေးတစ်ယောက်။ ခက်တာက သူမကို သူ မသိတာ။

"သောက်ပါ ... ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့ ကော်ဖီတစ်ခွက်ချရင်း ပြောလာတဲ့ သူမ လေသံက အနည်းငယ်တော့ မာကျောကျောနိုင်သည်ဟု သူခံစားမိသည်။

"နေပါဦး … မင်းကိုလည်း ငါ မမြင်ဘူးပါလား"

"ဟုတ်ကဲ့ … ပြီးခဲ့တဲ့ စနေနေ့က iterview မှာ အောင်သွားပြီး အလုပ်ခန့်ခဲ့တဲ့ စာရင်းကိုင် ခင်သန့်စင်ပါ"

"ဪ … ခင်သန့်စင်က မင်းလား"

"ဟုတ်ကဲ့"

"ဒါတွေ ဘယ်သူလုပ်ခိုင်းလို့ မင်းလုပ်တာလဲ၊ လုပ်ရင်လည်း စေတနာပါပါနဲ့ လုပ်လေကွာ၊ ဒီမှာ ဆံပင်ချည်တွေ၊ ပြီးတော့ ဒီပန်းအိုး၊ ငါ့စားပွဲပေါ် ပန်းအိုးတင်တာ လုံးဝမကြိုက်ဘူး၊ နောက် မခိုင်းဘဲနဲ့ မလုပ်ပါနဲ့"

"ဟုတ်ကဲ့"

ရိုကျိုးပုံရတဲ့ ထိုမိန်းမကို တစ်ချက်ကြည့်ပြီး ကော်ဖီအဖုံးကို လှပ်လိုက်တော့ ကော်ဖီခွက်မျက်နှာပြင်မှာ နှုတ်ခမ်းနီရာကို တွေ့လိုက်တာမို့ သူ့မျက်နှာ ရှုံ့မဲ့သွားရင်း …





"ဟော့ … ခင်သန့်စင်၊ မင်း ဒီကော်ဖီခွက်ကို ယူသောက်သေးတယ် မလား"

"ဟုတ်ကဲ့ ဆရာ၊ ကောင်းမကောင်း မြည်းကြည့်တာပါ"

"ကျစ် … သွားပမ်းကွာ၊ ဒီကော်ဖီခွက်ယူပြီး ထွက်သွားစမ်း"

သူ့ အော်ငေါက်သံကြောင့် ဝန်ထမ်းမလေးတွေ အားလုံး တုန်ယင်သွားကြသည်။ ကာယကံရှင် ခင်သန့်စင်က ဖြုံပုံမရ ခပ်ကြွကြွလေးပဲ သူ့ရှေ့က ကော်ဖီခွက်ကို ယူသွားသည်။

"တောက် … သွားကြတော့၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြတော့"

သူ့အမိန့်သံ အဆုံးမှာ အားလုံး သူ့ရှေ့ကနေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြတော့သည်။ မနက်စောစောစီးစီး ဒေါသထွက်လိုက်ရတဲ့အတွက် သူ့ရင်ထဲ မလန်းဆန်း ပူပူထူထူကြီးမို့ သူ့စားပွဲပေါ် တင်ထားတဲ့ ပန်းအိုးက နှင်းဆီပန်းနားနားကပ်ပြီး အားပါးတရနဲ့ ရှုလိုက်တယ်ဆိုရင်ပဲ …



www.burmeseclassic.com

www.burmeseclassic.com



"အားလားလား"

သူ့နှာခေါင်း ပွထသွားလို့ ကြည့်လိုက်တော့ ဆောက်ဖတ်တစ်ကောင်က တလန်းလန်းနှင့် နှင်းဆီပွင့်ချပ်တွေနားမှာ။

"ခင်သန့်စင်"

သူ့ရဲ့အာခေါင်ခြစ်အော်သံက ကုမ္ပဏီတစ်ခုလုံး လွှမ်းသွားတော့သည်။ ပြီးတာနှင့် သူ့ပါးစပ်က စုတ်စုတ်ပုံပုံ စကားလုံး (သူ တစ်ခါဖူးမှ ပြောဖို့မရည်ရွယ်ခဲ့သော စကားလုံးများ) အဆက်မပြတ် ထွက်ကျလာတော့သည်။

"... ... ..."

"ရှင် ... ဆရာ"

"မင်း အလုပ်ထွက်တော့"

နှာခေါင်းကို လက်နဲ့အုပ်ရင်းက သူ ဒေါသတကြီး ပြောပစ်လိုက်သည်။

"မလုပ် ... မလုပ်ပါနဲ့ဆရာ၊ ကျွန်မမှာ သားသမီးငါး ယောက်နဲ့မို့ပါ"





"ဘာ ... သားသမီးငါးယောက်၊ ငါးယောက်တောင်ဟုတ်လား"

သူ အံ့သြတကြီးနဲ့ နှာခေါင်းပေါ်အုပ်ထားတဲ့ လက်ကို ဖယ်လိုက်မိသည်။ ဒါကို သင်းကကြည့်ပြီး ရယ်ချင်နေတာကို အတင်းမျိုသိပ်ထားတာမို့ သင်းရုပ်က ပြိတ္တာရုပ် ပေါက်နေသည်လေ။

"ဘယ်အရွယ်ကထဲ ... အင်း ... ဘယ်အရွယ်က ယောက်ျားယူလို့ အဲဒီလောက်အထိ သမီးသား ပွားစီးနေရတာလဲ"

"ဟုတ် ... ဆရာ၊ ကြောင်လေးငါးကောင်ပါ"

"ဘာ ... မင်း ကိုယ့်သူဌေးကို ကိုယ်နောက်စရာလားကွ ဟင်"

"မနောက်ပါဘူးရှင်၊ သူတို့ကို ကျွန်မ သားလေး၊ သမီးလေးပဲ ခေါ်တတ်လို့ပါ၊ ကျွန်မကို အလုပ်မဖြုတ်ပါနဲ့ ဆရာရယ်၊ တစ်နေ့ တစ်နေ့ သူတို့ကို ကျွေးဖို့ မွေးဖို့ ဆေးကုဖို့ စရိတ်တွေက များလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



မာကျောကျောလေသံကို တမင်ပျော့ပျောင်းအောင် ပြောနေသော်လည်း သူမလေသံက မာကျောမှုအဆင့်က လျော့မကျသွားဘဲ ပိုလို့တောင် အကြားရဆိုးလို့ နေပါသည်။ သူ့ကို ကျောခိုင်းလိုက်တဲ့ သူမနောက်ကျောဆီ အကြည့်အရောက် သူ ဖျက်ခနဲ အတွေးလက်သွားသည်။

သူ့နှာခေါင်းက ပူထူယားယံမှုအတွက် သူမမှာ ဆေးရှိနေတာပဲ၊ သူမလုပ်ခဲ့တဲ့ အပြစ်ဒဏ်အတွက် သူမ ပြန်ပေးဆပ်ရမှာပေါ့။

"ခင်သန့်စင်"

"ရှင်"

"ဒီနားလာခဲ့"

"ရှင် … ဘာလို့"

မျက်လုံးတွေ ဝိုင်းဝိုင်းလည်ပြီး ရွံ့တွန့်တွန့် ဖြစ်နေတဲ့ သူမ ကုပ်ချောင်းချောင်းနှင့် သူ့အနား ရောက်လို့လာသည်။ သူမ သူ့အနားရောက်လာတာနှင့် တင်ပါးအထိရှည်သော သူမ





ဆံပင်တို့ကို အားရပါးရ ဆွဲယူပြီး သူ့နှာခေါင်းကို ပွတ်သပ်ပစ်လိုက်သည်။

"ဆရာ … ဆရာ … အဲဒီလို မလုပ်ပါနဲ့၊ ဒါ ဆရာရွံ့တဲ့ ဆံပင်တွေလေ"

"တိတ်စမ်း … တိတ်စမ်း၊ နှင့်ဆံပင်များ ငါနမ်းတယ်ထင်နေလို့လား၊ နှင့်ထိုးထားတဲ့ နှင်းဆီပန်းက ဘောက်ဖတ်က ငါ့ကို တုပ်လိုက်လို့လေ၊ အဲဒါ နှင့်မှာတာဝန်ရှိလို့ နှင့်ဆံပင်နဲ့ ပွတ်ပစ်တာ ရှင်းပြီလား"

ထိုအချိန်တွင် အခန်း၀,မှာ လာစပ်စုနေသော ဝန်ထမ်းမ,နှစ်ယောက်ကို သူတို့ သတိမထားမိလိုက်ကြ။ ဆယ်မိနစ်အတွင်းမှာပင် "မြင့်မြတ်သူ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ" ထဲမှာ boss က အသစ်ဝင်လာတဲ့ စာရင်းကိုင် ခင်သန့်စင်ရဲ့ ဆံပင်တွေကို နမ်းနေသည်ဆိုသည့်သတင်း တစ်မုဟုတ်ချင်းပျံ့နှံ့သွားတော့သည်။

♣ ◇ ♣



www.burmeseclassic.com

www.burmeseclassic.com



## ၃

"စိတ်တိုတယ်ဗျာ ... တကယ်ပဲ"

ခပ်ရဲရဲဖြစ်နေသေးသော မြင့်မြတ်သူရဲ့နှာခေါင်းကို ကြည့်ပြီး ချယ်တို့ညီအစ်မတွေ ရယ်ချင်ပါသော်လည်း သူ စိတ်ဆိုးသွားမည်စိုး၍ မရယ်ဝံ့ကြ။

"ဒီတစ်နေ့လုံး လူတွေက ကျွန်တော့်နှာခေါင်းကြည့်ကြည့်ပြီး ပြုံးစိစိ ဖြစ်နေကြတယ်၊ ဒါ ကောင်းသလား"

"မသိလို့ပဲလေ သူသူရယ်"





ချယ်က သူ့အတွက် နွားနို့ခွက်ထဲ ဆားထည့်မွှေပေးရင်းနဲ့ ပြေရာပြေကြောင်း ပြောလိုက်သော်လည်း သူ စိတ်ပြေပုံမပေါ်။

"ကြည့်နေ ... အလုပ်ကို ရအောင်ထုတ်ပစ်ဦးမယ်"

"သြော် ... သားကလည်း ကလေးကျနေတာပဲ၊ သဘောထားကြီးစမ်းပါ၊ သားပြောပုံအရဆို ကလေးမလေးကလည်း တမင်လုပ်တာမှ မဟုတ်တဲ့ဟာ၊ ကိုယ်က အေဂျင်စီမှာ boss လေ၊ စိတ်ခါတ်သိပ်ဖျင်းတယ်လို့ အပြောခံရမှာ သားမကြောက်ဘူးလား"

မာမီ့စကားက ထိမိလှတာမို့ သူ ငြိမ်သွားမိသည်။ တကယ်လည်း ခင်သန့်စင်က သူ့ကို တမင်ကြံရွယ်ပြီးလုပ်တာ မဟုတ်။ သို့သော်လည်း သူမလုပ်သမျှက သောက်တလွဲတွေဖြစ်ပြီး ကြားထဲက သူ အချောင်ခံရတာတော့ ဘယ်တရားပါမလဲ။

"မာမီပြောတာ ဟုတ်တယ်၊ သူ့ကို သား အလုပ်မထုတ်တော့ပါဘူး၊ ဒါပေမဲ့ သားမျက်စိရှေ့အောက်မှာ သူ မရှိအောင်တော့ သတိပေးထားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဖုန်းထမြည်လာတာမို့ သူ ဖုန်းကိုင်လိုက်သည်။

ခေါ်တာက သူ့ရဲ့ပါတနာ နေမျိုးဆီကဖုန်း။ နေမျိုးက ဒီအေဂျင်စီမှာ ရှယ်ယာလေးဆယ်ရာခိုင်နှုန်း ပါထားတာလေ။ သူ့ရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်ဆိုလည်း မမှား။

"ဟော့ကောင် ... နေမျိုး ပြော"

"ငါ့ကို ဘယ်တော့ တိုက်မှာလဲလို့ မေးမလို့ကွ"

"ဟမ် ... မင်းကို ငါက ဘာလို့တိုက်ရမှာလဲ၊ အတူလက်တွဲလုပ်လာတဲ့ သူငယ်ချင်းအချင်းချင်း ဘယ်ကနေ ဘာစကားတွေကြားလာလို့ လာပြောနေတာလဲ၊ ငါ မင်းကို ဘယ်တော့မှ တိုက်မှာမဟုတ်ဘူး ဟော့ကောင်"

"ဟော့ကောင် ... ကြောင်၊ ဘာတွေလာပြောနေတာလဲ၊ အရက်တိုက်ခိုင်းတာကွ ငတုံးရ"

"ဟင် ... ဘာကိစ္စ တိုက်ရမှာလဲ၊ ဘာအထိမ်းအမှတ်မှ မရှိဘဲနဲ့"





"ဟင်း ဟင်း ... ဒီမှာ ဟော့ကောင်၊ ဒီရက်ထဲ ငါရုံးမထိုင်ဘူးဆိုပြီး ဘာမှမသိဘူးလို့ ထင်မနေနဲ့၊ ရုံးမှာ အပ်ကျတာကအစ သိတယ်ကွ၊ မင်း အသစ်ဝင်လာတဲ့ ခင်သန့်စင်ရဲ့ ဆံပင်တွေကို အားရပါးရ နမ်းတယ်ဆို"

"ဘာ"

"သိတယ် ... မင်းနဲ့ဆို အဆင်ပြေလောက်တယ်ဆိုပြီး interview မှာ ငါ pass ပေးလိုက်တာကွ၊ ဟဲ ဟဲ ... အခု မင်း ငါ့ကို ကျေးဇူးတင်နေပြီမှုလား"

"ဩော် ... ဟော်၊ ဒါ မင်းစနက်ကိုး၊ ငါက သူ့ဆံပင်တွေ နမ်းစရာလားကွ၊ တော်ပြီ ... တော်ပြီ ဒီကိစ္စ ဖုန်းထဲက မပြောချင်ဘူး၊ မင်းမနက်ဖြန် ရုံးလာခဲ့၊ ငါသေချာပြောပြမယ်"

ဟိုဘက်က စကားပြန်တောင် မစောင့်ဘဲ သူ ဖုန်းချလိုက်ပါသည်။ ပြုံးစေ့စေ့ဖြစ်နေတဲ့ မာမီနဲ့ တီချယ်ကိုကြည့်ပြီး သူ့မျက်နှာ စူပုပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲဗျ၊ မာမီတို့က"

"ဘာမှမဖြစ်ပါဘူး"

ချယ်နဲ့ မမညိုတို့က သူသူ ရွှေစိတ်တော်ညိုမည်စိုး၍ အလျှင်အမြန် ခေါင်းခါပြလိုက်ကြသည်။

"ခက်တယ် ... လူတွေက တစ်စိတ်ကို တစ်အိတ်လုပ်ချင်ကြတာ၊ စကတည်းက ပြောတယ်၊ မိန်းမဝန်ထမ်းတွေ မခန့်ချင်ပါဘူးလို့၊ လျှာရှည်တဲ့ဟာတွေ"

စိတ်ဆိုးမာန်ဆိုးနဲ့ ထမင်းစားပွဲဝိုင်းက ထ,ထွက်သွားတဲ့ သူသူ့နောက်ကျောကိုကြည့်ပြီး ချယ်နဲ့မမညိုတို့ ကိုယ်စီပြုံးမိကြသည်။

"သူ့လို ကိန်းကြီးခန်းကြီးနိုင်တဲ့လူနဲ့မှ တွေ့မှတွေ့တတ်တယ်"

"ဟင်း ဟင်း ... ချယ်ကတော့ အဲဒီ ခင်သန့်စင် ဆိုတဲ့ ကောင်မလေးကို အခုတောင် မြင်ဖူးချင်ပြီ"

"ရှူး ... တိုးတိုးပြောပါ ချယ်ရယ်၊ သူသူ ကြားသွားမှဖြင့်"





ဘာပဲဖြစ်ဖြစ် ချယ်ကတော့ အားလုံးပေါ် မိုလ်ကျခဲ့တဲ့သူ မထင်မှတ်ဘဲ အခံကြီးခံရတဲ့အဖြစ်ကို ကျိတ်ပြီးမနောခွေ့မိပါသည်။ ခင်သန့်စင်နဲ့ သူသူ့ရဲ့ဇာတ်လမ်း ဒီမှာတင်ပဲ ဆုံးခန်းတိုင်လိမ့်မည်ဟုတော့ မထင်မိ။ စ,စချင်းနေ့ရက်မျိုးမှာ ဒီလိုအဖြစ်အပျက်မျိုး ကြုံရတယ်ဆိုတာ တော်တော်တန်တန် ဖူးစာမျိုးတော့ မဟုတ်နိုင်။

"ဟင်း ဟင်း ဟင်း ဟင်း"

"ဘာဖြစ်တာလဲ ချယ်"

"ဘာမှမဟုတ်ပါဘူး ချယ် ရယ်ချင်လို့ပါ၊ အင်း ... ချယ်လည်း အိပ်ရာဝင်တော့မယ် မမညို၊ good night နော်"

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



သဘောကြာ နားနေသည့် ကာလအတွင်းမှာ လင်းလုလင်တစ်ယောက် သာသာယာယာကြီးကို အနားယူ ဖိမ်ကျလို့နေပါသည်။ အဒေါ်အပိုကြီး ချက်ကျွေးသည့် ထမင်းဟင်းတွေကို တစ်ဖြုံ နှစ်ဖြုံ စားရင်း၊ အိပ်ရင်း မတွေ့တာကြာပြီဖြစ်တဲ့ သူငယ်ချင်းတွေဆီ သွားရောက်လည်ပတ်ရင်းနဲ့ သူ့ရဲ့အချိန်တို့ကို အကျိုးရှိစွာ ကုန်ဆုံးစေခဲ့သည်။

"ကိုကြီး"





အခန်းတံခါးခေါက် နှိုးသံကြောင့် သူ အိပ်မှုန်စုံမွှားဖြင့် ထ,ထိုင်လိုက်သည်။ နာရီကြည့်တော့ မနက်ရှစ်နာရီတောင် မထိုးတတ်သေး။

တံခါးထ,ဖွင့်ပေးတော့ စင်စင့်ရဲ့ ငိုမဲ့မဲ့ရုပ်ကို တွေ့လိုက်ရတာမို့ သူ ပျာယာခတ်သွားသည်။

"ဟဲ့ ... ဘာဖြစ်တာလဲ"

"ဝမ်းသွားတာ လေးခါရှိပြီ ကိုကြီး"

"ဟင် ... ဒါဆို ဆေးခန်းသွားမှပေါ့၊ အန်တီလေးကိုပြောပြီးပြီလား"

"ပြောပြီးပြီ၊ အခု စင်စင်တို့ ဆေးခန်းသွားကြတော့မလို့အဲဒါ ..."

"အေးလေ ... သွားပေါ့၊ သော့ခတ်သာသွား၊ ငါ ဒီနေ့ဘယ်မှသွားစရာမရှိဘူး၊ အိပ်ကျန်ခဲ့မယ်"

"ဟာ ... ဒါကိုပြောတာ မဟုတ်ဘူး၊ ကိုကြီးကို အကူအညီတစ်ခုတောင်းချင်လို့၊ အား ... အား ... ပြောရင်းနဲ့ဗိုက်နာလာပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကွပဲ ... ပြောမှာဖြင့် မြန်မြန်ပြောလေ"

ခင်သန့်စင်က မျက်နှာလေးရှုံ့မဲ့ရင်း သူမရဲ့အခက်အခဲကို ဤသို့ တင်ပြ၏။

"မနေ့ကမှ အလုပ်ဆင်းတယ်၊ သူဌေးနဲ့ ပြဿနာတက်တယ်၊ အဲဒီအမှုမပြီးခင် ဒီနေ့ ရုံးပျက်ရင် ညီမလေး အလုပ်ပြုတ်ပြီ"

"ပြုတ်ပြုတ်ပေါ့ ... နင် ဘယ်တုန်းကများ အလုပ်မြဲခဲ့လို့လဲ"

"ကိုကြီး မသိဘူးနော်၊ ဒီအလုပ်က အရမ်းကောင်းတာ၊ ဝန်ထမ်းတွေကလည်း ဖော်ရွေ၊ သူဌေးကလည်း သဘောကောင်းမှကောင်း၊ စင်စင်ဘက်က မှားလို့သာ ပြဿနာဖြစ်ရတာပါ"

"ကဲ ... ပြော၊ ငါ ဘာလုပ်ပေးရမလဲ၊ ကိုယ်တိုင် နင်တို့ရုံးကို ခွင့်တိုင်ပေးရမှာလား"





သူ စိတ်အိုက်အိုက်နှင့် ဆံပင်တွေကို လက်နဲ့ထိုးဖွရင်းက ညီမလုပ်သူရဲ့ ရှုံ့တွနေတဲ့ရုပ်ကို စိတ်မသာမယာနဲ့ကြည့်နေမိသည်။

"ဟုတ်ကဲ့"

"ကျစ် ... ငါက တမင်တကာ ပြောနေတာ၊ နင့်သူဌေးဆီမှာ ခွင့်တိုင်ပေးရအောင် နင်က ကျောင်းတက်နေတာမှ မဟုတ်တာ၊ အလုပ်လုပ်နေတာ၊ စိတ်လျှော့လိုက်ပါဟာ"

"လုပ်ပါ ကိုကြီးရယ်၊ စင်စင့်ကို ဒီတစ်ခါလေးပဲ ကူညီပေးပါ"

"နင့်ဘာသာနင် ဖုန်းဆက်အကြောင်းကြားပါလား"

"မယုံမှာစိုးလို့ပါ၊ အား ... အား ... မရတော့ဘူး"

"မြန်မြန်သွားပါဟာ၊ စိတ်ညစ်တယ်"

သူကတော့ စင်စင့်ရုံးကို မသွားရေးချ မသွားဖို့ဆုံးဖြတ်ထားပါသည်။ ခင်သန့်စင်အတွက် အလုပ်ပြုတ်တာများဆန်းတာကျလို့။ နေရာတကာ နမော်နမဲ့နိုင်ပြီး မျက်နှာပြ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကဲမသိ၊ တစ်တောင်ပြလို့ တစ်ထွာမမြင်တဲ့ သူမလိုမိန်းမမျိုးကို ဘယ်အလုပ်ရှင်ကမှ ကြိုက်မည်မဟုတ်ပါ။

"ကိုကြီး ... စင်စင်တို့ သော့အပိုတစ်စုံ ယူသွားတယ်၊ စိတ်ချမယ်နော်၊ please ပါ ကိုကြီးရယ်"

"အင်းပါ"

သူ ပြီးစလွယ်ပဲ ကတိပေးလိုက်သည်။ ဘယ်အရာမှာမဆို ဖြစ်သင့်သလား၊ မဖြစ်သင့်သလား မတွေး၊ ကိုယ်ဖြစ်ချင်တာကိုချည်း ဇွတ်လုပ်ချင်တတ်တဲ့ သူ့ညီမက ဆယ်ပြားလိုနေတာလား၊ ဆယ်ပြားပိုနေတာလားတော့ မသိ။ သူကတော့ တင်းပြည့်ကျပ်ပြည့်မို့ သူမ ရှုးတိုင်း လိုက်မရှုးပါ။ သူမတို့ထွက်သွားတော့ အေးအေးဆေးဆေးပဲ ဧည့်ခန်းဆိုဖာဆက်တီပေါ်မှာ လှဲအိပ်နေလိုက်သည်။

ဖုန်းမြည်သံကျယ်လောင်လောင်က သူ့နားစည်ထဲ ပြေးဝင်ရိုက်ခတ်လာတာမို့ သူ ကြည့်လိုက်တော့ ဆက်တီခုံပေါ်မှာ စင်စင့်ရဲ့ဖုန်း။ ဒီကောင်မလေး ဖုန်းမေ့ကျန်ခဲ့ပြန်ပြီ။





"ဟယ်လို"

သူ့ဖုန်းထူးသံကြောင့် ဟိုဘက်က ဘာမှပြန်မပြောဘဲ အတန်ကြာ ငြိမ်နေပြီးမှ ...

"ဒါ ခင်သန့်စင်ရဲ့ဖုန်း မဟုတ်ဘူးလား ခင်ဗျ"

"ဟုတ်ပါတယ် ... ကျွန်တော် သူ့အစ်ကိုပါ၊ ဒါနဲ့ အခုပြောနေတာ ဘယ်သူလဲ မသိဘူး"

"ကိုယ် မြင့်မြတ်သူပါ၊ သူ့အလုပ်ရှင်ပါ၊ ရုံးကစာရွက်စာတမ်းတွေ ထည့်ထားတဲ့ ဗီရိုသော့ သူ့ဆီပါသွားသလားလို့ မေးချင်လို့ပါ၊ ဒီမှာ ဘယ်သူ့ဆီမှာမှ မရှိပါဘူး ပြောနေကြလို့"

"ဪ ... ဗျာ ... ဟုတ်ကဲ့"

သူ့ခေါင်းက ဘာလုပ်ရကောင်းမလဲ အလျင်အမြန်စဉ်းစားလို့နေသည်။ ဒီဟာမလေး ပြဿနာရှာလာပြီ။

"ဟို ... သူ ရေအိမ်ဝင်နေလို့ပါခင်ဗျာ၊ ကျွန်တော်ပြန်ဆက်ခိုင်းလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... မပြန်မဆက်ခိုင်းနဲ့တော့၊ ကိုးနာရီအတီသာ ရုံးကိုဆက်ဆက် လာခဲ့ပါလို့ ပြောပေးပါ"

ပြောပြီးတာနဲ့ ဘိုးတော်က ဖုန်းချသွားသည်။ အသံကိုကြားကတည်းက အကြောတင်းမယ့်လူမျိုးမှန်း သူ သိသည်။ အဲဒါမှ ကွိုင်။ ရုံကနေ ဘာမှရှုပ်ရှုပ်ယှက်ယှက် လုပ်မထားဘူးဆိုရင် အေးရာအေးကြောင်း နေလို့ရသည်။ သူမကို မေးမြန်းရအောင်လည်း ဖုန်းက ကျန်ခဲ့ပြီ။ နာရီကြည့်လိုက်တော့ ရှစ်နာရီဆယ့်ငါးမိနစ်။

သူ အရင်ဆုံး လုပ်မိတာက သူမအခန်းထဲဝင်ပြီး မနေ့က သူမလွယ်ခဲ့တဲ့ စလင်းဘတ်ထဲ ဝင်မွှေမိတာ။ တွေ့ပါပြီ။ သော့တစ်စုံ။ ဒါကို သူ ဘယ်လိုပြောပြီး ပေးရပါ့။ နောက်ဆုံးတော့လည်း သူ စိတ်လျှော့လိုက်ရင်း ရေချိုးခန်း ကမန်းကတန်း ဝင်လိုက်ရပါသည်။

✣ ✧ ✣





၄ ၊ ၃

ကားလေးတစ်စီး ဝယ်စီးဖို့ စိတ်ကူးမိပါသော်လည်း ကပျက်ကချက်မ ခင်သန့်စင် လက်ထဲမှာ ဘဝပျက်သွားမည်စိုး၍ သူ စိတ်ကိုအောင့်အည်း ထားခဲ့ရပါသည်။ ဟိုကနေ ကားများဘာဖြစ်မလဲ၊ စင်စင်များ ဘာဖြစ်မလဲ တွေးပူပြီး နှလုံးရောဂါမရချင်တာမို့ taxi နဲ့နှစ်ပါးသွားဖို့ ဆုံးဖြတ်လိုက်တာဖြစ်သည်။

သုံးလွှာမှာရှိတဲ့ မြင့်မြတ်သူအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကို သူ လှေကားတစ်ထစ်ချင်းစီ တက်လာခဲ့သည်။ ဓာတ်လှေကားရှေ့ လူတွေပုံနေတာမို့ ကိုယ့်ခြေထောက်ကိုယ်သုံးပြီး တက်လာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... တီချယ် ဓာတ်လှေကားမစောင့်နိုင်လို့ ဒီအတိုင်းပဲ တက်လာခဲ့ပြီ သူသူရေ"

သူ့နောက်ကတက်လာတဲ့ အမျိုးသမီးဖုန်းပြောသံကြောင့် သူ နောက်လှည့်ကြည့်လိုက်သည်။ ကြည့်လိုက်သည်ဆိုတဲ့သဘောက ဆည်းလည်းသံလို ချိုလွင်လှသော အသံပိုင်ရှင်က ဘယ်လိုပုံမျိုးလဲလို့ သိချင်စိတ် ကြီးစိုးလာ၍ပါ။

မပိန်လွန်း မဝလွန်း အနေတော်ကိုယ်လုံးလေးနှင့် ရွှေညိုရောင် ပြေပြေလိမ်လိမ် ဆံပင်လေးနှင့် သူမ။ အစိမ်းပုပ်ရောင် v shape blouse တစ်ထည်နှင့် အစိမ်းနဲ့အဖြူပုံလိုလို၊ စာတမ်းလိုလို အဆင်မျိုး စကင်နီတစ်ထည်ကို တွဲဖက်ဝတ်ထားပြီး သူမရဲ့ဖြူနုနေသော လည်တိုင်ထက်မှာ အနက်ရောင်ကြိုးတပ် diamond ပုံ အစိမ်းရောင်ဖန်စီကျောက်တစ်လုံးကို ဆင်မြန်းထား၏။ ထို့အတူ ဖုန်းကိုင်ထားတဲ့ သူမရဲ့လက်ချောင်းတစ်ခုမှာနဲ့ လက်ကောက်ဝတ်မှာ ဖန်စီကျောက်အစိမ်းနဲ့ စီခြယ်ထားတဲ့လက်စွပ်နဲ့ လက်ပတ်ကြိုးဝတ်လို့။ ဒါတွေအားလုံးကို သူ စက္ကန့်ပိုင်းလေးမှာပဲ မြင်အောင်ကြည့်နိုင်ခဲ့ပါသည်။





မျက်လုံးရှည်ရှည်လေးတွေနှင့် သွယ်စင်းသောနှာတံ၊ ပါးလှပ်သော နှုတ်ခမ်းများနှင့် သူမက မိန်းမချောစာရင်းဝင်တစ်ယောက်ပါ။ ပြင်တတ်၊ ဆင်တတ်၊ ဝတ်တတ် စားတတ်တာမို့ ကြည့်လို့လည်း တော်တော်ကောင်းလှပါသည်။

"အင်းပါ ... သူသူရယ်၊ တီချယ်က ကလေးမို့လို့လား၊ ချော်ကျစရာလား"

အင်း ... ခေတ်တွေလည်း ပြောင်းလဲကုန်ပြီထင်ပါရဲ့။ ဆရာမတွေလည်း အလန်းဖယားတွေ ဖြစ်လိုဖြစ်။ ဆရာမအလန်းတွေထဲမှာမှ အခုမြင်တွေ့နေရတဲ့ ဆရာမက ထိပ်ခေါင်တင်ဖြစ်ပါလိမ့်မည်။

သူ့ကြည့်ရတာ အပြင်ဆရာမပုံ။ ကျောင်းဆရာမဆို ဒီလောက်တော့ ဝတ်ရဲလိမ့်မည်မဟုတ်။ အပြင်ဆရာမဆိုရင်ရော သူမ ဘာသင်တာဖြစ်မလဲ။

ကွန်ပျူတာနဲ့ ဘာသာစကားပဲ ဖြစ်မည်ပေါ့။ တော်လိုက်တဲ့ ငါ။ သူ့ဘာသာသူ တစ်ကိုယ်တည်းတွေးပြီး ပြုံးနေတုန်း တီချယ်က သူ့အားကနေ ဖြတ်တက်သွားသည်။ သူမဆိ



www.burmeseclassic.com

www.burmeseclassic.com



က လွင့်ပါးလာတဲ့ ရေမွှေးနဲ့ ချိုအီအီက သူ့နှာသီးဝမှာ ကလူ၏ သို့ မြူ၏သို့ လာလုပ်နေသည်။ တကယ်လို့သာ သူ ဒီနေ့ ဒီကို မရောက်ခဲ့ဘူးဆိုရင် တီချယ်နဲ့လည်း ဆုံစရာအကြောင်း ရှိမည် မဟုတ်။

"အမေ့"

နှစ်လက်မနီးပါးမြင့်သော ဖေါက်ဖိနပ်ချော်ပြီး လဲပြို မလိုဖြစ်သွားတဲ့ သူမကို သူ နောက်ကနေ ကပျာကရာလေး လှမ်းထိန်းလိုက်ပါသည်။

"တီချယ် ... သတိထားလေ၊ အနောက်မှာ လူပါလို့ပေါ့။ နို့မို့ဆို မလွယ်ဘူး"

ချယ့်ကို နောက်ကလှမ်းထိန်းရင်းက သားနားရောက် လာတဲ့ လူ့ရှယ်ဆီ ချယ့်အကြည့်တို့ ဖြန့်ကျက်သွားမိသည်။ မထူ မပါး ခပ်နက်နက်မျက်ခုံးတွေနဲ့ ကြည်လင်သော မျက်ဝန်းတစ်စုံ မှာ ရိုးသားမှုကို ချယ် တွေ့လိုက်ရသည်။ နှာတံလုံးလုံးနှင့် ပြည့် တင်းသော နှုတ်ခမ်းတစ်စုံက ကြင်နာမွေးထွေးမှုကို လှစ်ဟပြနေ သည့်အလား။





သို့ပေမင့် သူ့ရဲ့အခေါ်အဝေါ်ကြောင့်တော့ ချယ် ပြုံးတုံ့တုံ့ ဖြစ်သွားရပါသည်။ ကေန္တ ဒီကောင်လေး ချယ် ဖုန်း ပြောတာကို နားစိုက်ထောင်ထားလို့ပဲဖြစ်မည်။

"ကျေးဇူးပါကွယ်"

"ရပါတယ်ခင်ဗျ"

အလွန့်အလွန် ရိုကျိုးနေတဲ့ သူ့ပုံစံကြောင့် ချယ် မရယ်မိအောင် မနည်းနှုတ်ခမ်းလေးဖိကိုက်ထားရပါသည်။

"စပ်စုတယ်လို့ မထင်ပါနဲ့၊ တီချယ်က ဘယ်အထပ်ကို သွားမှာလဲ၊ နောက် အပေါ်တက်ရမယ်ဆိုရင် ဓာတ်လှေ ကားနဲ့ပဲတက်ပါ၊ ဒါမှမဟုတ်လည်း high heel တွေမစီး နဲ့ပေါ့ဗျာ၊ အန္တရာယ်များသလို ဇက်ကြောလည်း တက်တတ် တာမို့ပါ"

"အင်း ... တို့ မှတ်ထားလိုက်ပါ့မယ်၊ တို့က ဒီလာတာ လေ"

သူမ လက်ညှိုးညွှန်လိုက်တာ တတိယထပ်က "မြင့်မြတ်သူ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ"။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကျွန်တော်လည်း ဒီလာတာပဲ"

ဒီတော့မှ သူ ဆက်စပ်စဉ်းစားမိလိုက်သည်။ "သူသူ" ဆိုတာ မြင့်မြတ်သူဆိုသည့် ပိုင်ရှင်လူကို ရည်ညွှန်းတာဖြစ်မည်။ ဟင် ... ဒီလူက ဒီအရွယ်ကြီးအထိ စာသင်တုန်းလား။

"အလုပ်လာလျှောက်တာ ထင်တယ်"

"ခင်ဗျာ ... မဟုတ်ပါဘူး၊ ကိစ္စတစ်ခုရှိလို့ပါ"

"သြော် ... သြော်"

သူမက ဒါပဲပြောပြီး အေဂျင်စီထဲသို့ သူ့အရင် ဝင်သွားသည်။ သူကတော့ အဝင်အဝက reception နေရာက စာရေးမလေးတွေကို မြင့်မြတ်သူနဲ့တွေ့ဖို့ အရင် report တင်ရပါသည်။

"ဦးမြင့်မြတ်သူနဲ့ တွေ့ချင်လို့ပါ"

"appointment ယူထားသလားရှင့်"

"ဘာမန့်မှ မယူထားပါဘူး၊ ခင်သန့်စင်ရဲ့အစ်ကိုက တွေ့ချင်တယ်လို့ ပြောပေးပါ"





"သြော် ... သြော် ... ကျွန်မတို့မသိလို့နော်၊ boss ကို အခုပဲ ပြောပေးပါ့မယ်"

ချက်ချင်းလက်ငင်းကြီးကို ပြောင်းလဲသွားတဲ့ အမူအရာတွေကြောင့် သူက နားမလည်နိုင်အောင်ကို အံ့အားတသင့်ဖြစ်လို့နေပါသည်။ သူတို့ပုံစံက ကိုယ်ကပဲ VIP လိုလိုပုံမျိုး မဟုတ်လား။ ထူးဆန်းပေစွ။ အူယားဖားယားနဲ့ ထွက်သွားတဲ့ စာရေးမလေးကိုကြည့်ရင်း သူ ပခုံးတစ်ချက် တွန့်မိလိုက်ပါသည်။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁

"boss ... ခင်သန့်စင်ရဲ့အစ်ကိုက တွေ့ခွင့်တောင်းနေပါတယ်"

တီချယ်နဲ့ စကားပြောနေရင်းက သူ့အခန်းထဲ ဝင်လာပြီး သတင်းပေးတဲ့ စာရေးမစကားကြောင့် မြင့်မြတ်သူ မျက်မှောင်ကြုတ်လိုက်ရင်း ...

"ခင်သန့်စင်နဲ့ တွေ့ချင်တာလေ၊ သူ့အစ်ကိုနဲ့ တွေ့ချင်တာမှ မဟုတ်တာ၊ ကြည့်စမ်း ... ကိုးနာရီတောင်ကျော်ပြီ"





"ဟုတ် ... မခင်သန့်စင်တော့ ခုထိ ရုံးမလာသေးပါဘူး၊ သူ့အစ်ကိုပဲ ရောက်လာတယ်၊ အဲဒါ ..."

"သူ့ကို ဒီလွှတ်လိုက်"

သူ့အမိန့်ပေးသံအဆုံးမှာ စာရေးမလေး ထွက်သွားတော့ သူ တီချယ့်ဘက် ပြန်လှည့်ရင်း ...

"မစ္စတာဆိုအာကတော့ training ရှိတယ် ပြောသွားတာပဲ တီချယ်ရယ်၊ certificate တွေကို သူ သိပ်စိတ်ဝင်စားပုံမရဘူး"

"အေးလေ ... သူလည်း ကြားထားလို့နေမှာပေါ့၊ ဘာပဲဖြစ်ဖြစ် training ပြန်ပေးတာ အကောင်းဆုံးပဲ၊ တတ်ချင်ယောင်ဆောင်ပြီး အင်ထုလာတဲ့လူတွေအတွက် သူတို့လည်း ထည့်တွက်ထားပုံပဲ"

ဒီနေ့ အဂျင်စီမှာ ကိုရီးယားနိုင်ငံက ဆောက်လုပ်ရေးအတွက် အလုပ်သမားတွေ လူတွေ့အင်တာဗျူးရှိတာမို့ မြင့်မြတ်သူ စောစောရောက်ခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်လာတဲ့ သူ့ကိုတွေ့တော့ ချယ် မျက်လုံးလေးဝိုင်းသွားသည်။ သူ ... သူက ခင်သန့်စင်ရဲ့အစ်ကိုပေါ့။ သူကတော့ ချယ့်ကို ရိုသေသမှုနဲ့ တစ်ချက်ပြုံးပြ၏။

"ထိုင်ပါ"

သူ့အမိန့်ပေးသံ မတိုင်ခင်ကတည်းက ခင်သန့်စင်ရဲ့အစ်ကိုတော်က ခပ်တည်တည်နဲ့ ရှေ့ခုံမှာ ထိုင်ချလိုက်တာမို့ မြင့်မြတ်သူ အောင့်တောင့်တောင့်တော့ ဖြစ်သွားသည်။

"ဒီမှာပါခင်ဗျ — ဗီရိုသော့ပါ"

"ခင်သန့်စင်က ဘာဖြစ်လို့လဲ"

"သူ ဝမ်းသွားနေလို့ ဆေးခန်းသွားနေလို့ပါ ကိုမြင့်မြတ်သူ၊ အဲဒါ ကျွန်တော့်ကို ခွင့်တိုင်ပေးပါဆိုလို့ သူပြောရင်မယုံမှာစိုးလို့တဲ့ဗျာ"

မြင့်မြတ်သူကတော့ ရှေ့က ရုပ်ရည်သန့်သန့်နဲ့လူကို အကဲခတ်မျက်ဝန်းတွေနဲ့ ကြည့်လို့နေသည်။ ဟုတ်ရောဟုတ်ရဲ့လား။ ဒါ သူမရဲ့ယောကျ်ားကြီးများလား။





"မနေ့မှစ, အလုပ်ဝင်တယ်၊ ဒီနေ့ ပျက်တယ်ဆိုတော့လေ"

ချယ်ကတော့ အောက်ကနေ တူတော်မောင်ရဲ့ခြေဖမိုးကို ချယ်ရဲ့ခြေသည်းချွန်ချွန်နှင့် လှမ်းပြီးထိုးလိုက်ပါသည်။ သူသူ့စိတ်မှာ ခင်သန့်စင်ဆိုသည့် ကောင်မလေးကို အေဂျင်စီကနေ ကန်တောင်ထုတ်ချင်နေမှာ ချယ်သိသည်။ သို့ပေမဲ့လည်း ဘာကြောင့်ရယ်မသိ ချယ် ထိုကောင်မလေးကို ကြားထဲကနေ မျက်နှာပူပြီး အားတွေနာနေမိသည်လေ။

"ဩော် ... ထုတ်ပစ်မယ်ပေါ့၊ ဝမ်းသာတယ်ဗျာ၊ သူက နမော်နမဲ့ ကပျက်ကချက်နဲ့မို့ ကျွန်တော်က အလုပ်လုပ်စေချင်တာ မဟုတ်ဘူး။ ဒီအေဂျင်စီမှာ ဘာတစ်ခုမှ ကြီးကြီးမားမား ထိခိုက်မှုမဖြစ်ခင် ထုတ်လိုက်တာပဲအေးတယ်။ ကျွန်တော်တို့က မောင်နှမနှစ်ယောက်တည်းဗျ၊ ငယ်ငယ်ကတည်းက အမေနဲ့အဖေ ဆုံးသွားလို့ အဒေါ်အပျိုကြီးနဲ့ အတူ နေလာခဲ့ရတာ၊ သူ အလုပ်လုပ်စရာ မလိုအောင် ကျွန်တော် ရှာပေးထားတာပဲဗျာ၊ သူကိုက အလုပ်လုပ်ချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



လင်းလုလင်ရဲ့စကားအဆက်မှာပဲ မြင့်မြတ်သူတစ်ယောက် စကားထပ်မဆက်နိုင်တော့။

"ကျွန်တော့်ကို ခွင့်ပြုပါဦး၊ တီချယ်လည်း ခွင့်ပြုပါဦးနော်"

သူ့ကိုတင်မဟုတ် တီချယ့်ကိုပါ နှုတ်ဆက်နေတဲ့ ခင်သန့်စင်ရဲ့အစ်ကိုတော်ကို မနှစ်မြို့ဟန် တစ်ချက်ကြည့်ပြီး တီချယ့်ကိုလည်း မယုံသင်္ကာမျက်ဝန်းတွေနှင့် လှမ်းလို့ကြည့်လိုက်သည်။

"ဟော့လူ ... ခင်ဗျားညီမ ကျွန်တော် အလုပ်မထုတ်သေးဘူးနော်၊ သူ နေကောင်းတာနဲ့ အလုပ်ဆင်းနိုင်းဖို့လုပ်ပါ"

နောက်လှည့်မကြည့်ဘဲ ခေါင်းဆတ်ပြသွားတဲ့ ထိုလူ့ဆီက အကြည့်ကို ရုပ်သိမ်းပြီး တီချယ့်ကို သူ မေးခွန်းထုတ်လိုက်သည်။

"တီချယ်နဲ့ ဒီလူနဲ့ သိလို့လား"

"သိပါဘူးဟယ်၊ ငါနဲ့နှင် ဖုန်းဆက်တာ သူကြားသွားလို့ ငါ့ကို ဆရာမထင်ပြီး လိုက်ခေါ်တာပါ"

✤ ◇ ✤





## ၆

ခင်သန့်စင်တစ်ယောက် အေဂျင်စီထဲသို့ ခပ်သွက်သွက် ခြေလှမ်းတွေနဲ့ ဝင်လာသည်။ ကိုကြီးဆီက သူမကို အလုပ်မထုတ်ပါဘူး၊ နေကောင်းတာနဲ့ ပြန်ဆင်းပါဆိုတဲ့ သူ့ရဲ့ လူကြုံစကားကြောင့် ဖော်မပြနိုင်အောင် ဝမ်းသာမိပါသည်။

တကယ်တော့ စင်စင် ဒီအေဂျင်စီမှာ အလုပ်ဝင်ချင်ခဲ့တာ ကြာခဲ့ပြီ။

sakura တာဝါ အထပ်နှစ်ဆယ် ကော်ဖီဆိုင်မှာ သူ့ကို စ,တွေ့ကတည်းက ဆိုပါတော့။ မျက်နှာထားသန့်သန့်



www.burmeseclassic.com

www.burmeseclassic.com



မှုန်မှုန်နှင့် အေးဘီဝဲယာကို တစ်ချက်လေးမှ မကြည့်ဘဲ ရှေ့မှာရှိတဲ့ နိုင်ငံခြားသားတစ်ယောက်နဲ့သာ စကားပြောဆိုနေတဲ့ သူ့ပုံကြည့်လိုက်ကတည်းက စာအုပ်ကြီးမှန်း၊ မေတ်ကြီးမှန်း၊ စက်ရုပ်ကြီးမှန်း စင်စင် သိသည်။

"မိစင် ... ငမ်းလှချည်လားဟင်"

"မော်မော်က စင်စင့် လက်မောင်းကို တစ်ချက်ရိုက်ရင်းက သူ့ကို လှမ်းကြည့်လိုက်ပြီး ...

"အင်း ... ဒီဘဲကို ငါသိတယ်၊ information ပေးရင် ဒီဝိုင်း နင်ရှင်းမလား ပြော"

"သေချာရင်တော့ Ok ပါ၊ ဒီဝိုင်းလောက်တော့ အပျော့ပေါ့၊ ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ မျက်လုံးမကစားတတ်တာ တစ်ချက်လေးနဲ့ သူ့ကို ငါ ကြည့်ညိုသွားလို့"

"ဟား ဟား ... လာလာသေးတယ်၊ နင် သူ့အကြောင်းမသိသေးလို့ပါ၊ သိရင် ကိုးကွယ်ချင်သွားလိမ့်မယ်"

"ကဲ ... ပြောမှာသာ ပြောစမ်းပါဟာ"





မော်မော်က လည်ချောင်းတစ်ချက် ဟန့်လိုက်ရင်းက...

"သူ့နာမည်က မြင့်မြတ်သူ၊ မြင့်မြတ်သူ အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီက boss ပေါ့၊ အရမ်းဗီဇကြောင်ပြီး ဘယ်ဆော်မှ ကပ်လို့မရဘူး၊ အကပ်လည်း မခံဘူး၊ ကိန်းကြီးခန်းကြီးလည်း အရမ်းနိုင်တယ်၊ ငါသိသလောက်က ဒါပါပဲ"

"မဆိုးပါဘူး၊ စိတ်ဝင်စားတယ်၊ ဒါနဲ့ နင်က ဒါတွေဘယ်လိုသိလဲ"

"နင်ကလည်း မာမာက အဲဒီမှာ အလုပ်လုပ်နေတာလေ"

"နင့်ညီမ မာမာလား"

"အေးလေ ... ငါ အခုလုပ်နေတဲ့ ကုမ္ပဏီအတွက် interview က အဲဒီမှာ သွားဖြေရတယ်လေ"

စင်စင် မေးလေးထောက်လို့ သူ့ဘက်ငေးမိပါသည်။ အရမ်းကြီးချောတာမျိုး မဟုတ်ပေမင့် သူက လေးနက်တည်ကြည်တဲ့ ရုပ်အဆင်းနဲ့ ဆွဲဆောင်မှု တော်တော်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိဟိ … အေးဆေးနေစမ်းပါ စင်စင်ရယ်၊ ကိုယ့်အစ်ကို ရှာပေးတဲ့ ပိုက်ဆံတွေကို အေးအေးထိုင်ဖြုန်းစမ်းပါ၊ ဒီ ဘာသာရပ် နင်မကျွမ်းကျင်ပါဘူး၊ ကျွမ်းကျင်တဲ့လူတွေ တောင် သူ့နားကပ်မရဘူး၊ သဘောပေါက်စမ်းပါ ညီမ လေးရယ်"

အနားက ဖျက်လိုဖျက်ဆီး ပြောနေတဲ့ မော်မော့် စကားတွေ စင်စင့်နားထဲ မရောက်ပါ။ စင်စင့်အတွေးမှာ ရောက် နေတာက အဲဒီအေဂျင်စီမှာ အလုပ်တစ်နေရာရဖို့သာ။ ဒါမှ သူနဲ့ နီးမှာလေ။

"မာမာ့ကို ပြောပေးပါဟယ်၊ အဲဒီအေဂျင်စီမှာ လစ်လပ်နေ တဲ့နေရာရှိရင် ငါလုပ်ချင်လို့"

"အင်း … ရောဂါကတော့ မသေးဘူးပဲ၊ အေးလေ … စိတ် ချပါ၊ မာမာ့ကို ငါ မှာထားပါ့မယ်"

ဒီလိုနှင့် ငါးလကျော် ခြောက်လ အချိန်ကာလကြီး စောင့်စားပြီးပါမှ ဒီအလုပ်ကို စင်စင် ရခဲ့သည်လေ။ ခေါ်တဲ့





post က စာရင်းကိုင်။ စင်စင်က LCCI Level(3) အထိ အောင် ထားပြီး interview သည့် လူကလည်း စင်စင့်ကို ဘာတွေသဘော ကျသွားလို့ရယ်မသိ ခန့်လိုက်တာကြောင့် စင်စင့်ဆန္ဒလေးပြည့်ဝ ခဲ့ရတာလေ။

ရောက်ရောက်ချင်းမှာပဲ ဘယ်သူမှ မခိုင်းပဲ သူ့ အခန်းထဲဝင်ရှင်း၊ ပန်းအိုးထိုးပြီး ကော်ဖီဖျော်ပေးခဲ့ပါသည်။ စေတနာနဲ့ အရင်းခံခဲ့ပါသော်လည်း …

"ဩော် … တစ်ယောက်ကျန်နေသေးတာပဲ၊ လာ … လာ"

စာရင်းကိုင်ခန်းဘက် သွားဖို့ ခြေလှမ်းပြင်နေတဲ့ စင်စင်တစ်ယောက် interview ခန်းဘက်က ထွက်လာတဲ့ လူကြီး စကားကြောင့် ကြောင်တောင်တောင် ဖြစ်လို့သွားသည်။

"ဘာလဲဟင်"

"Psycho test စစ်မယ်လေ"

"ရှေ့ကလူတွေအားလုံး စစ်ပြီးသွားပြီ၊ မြန်မြန်လာစမ်းပါ"

"မဟုတ်ဘူးရှင့်၊ ကျွန်မက …"



www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်လာပါ ဆိုနေမှ"

လက်ဆွဲမအေါ်ရုံတမည်နဲ့မို့ စင်စင်လည်း သူ့နောက်က လိုက်သွားခဲ့ပါသည်။ မဆိုးပါဘူး။ အလှတားစစ်ရလည်း မနည်းဘူး။

"ထိုင် ... ရော့ ဒီမေးခွန်းတွေ သေချာဖြေ"

မေးခွန်းစာရွက်တွေ စင်စင့်လက်ထဲ ထိုးပေးတာမို့ စင်စင်လည်း အလိုက်သင့်ယူပြီး မေးခွန်းတွေကိုဖတ်ပြီး ဖြေပစ်လိုက်ပါသည်။ အားလုံးဖြေပြီးလို့ သူ့လက်ထဲ ပြန်ထည့်ပေးတဲ့ အချိန်မှာ သူက စင်စင့်ကို မေးခွန်းတွေ စ,မေးပါတော့သည်။

"ဒီအလုပ်ကို ဘာကြောင့် လုပ်ချင်ရတာလဲ၊ ငွေကြောင့်လား၊ ဂုဏ်ကြောင့်လား၊ ဒါမှမဟုတ် စိတ်ညစ်စိတ်ရှုပ်လို့ နှစ်မြှုပ်ချင်တာလား၊ မှန်မှန်ဖြေပါ"

"အမှန်အတိုင်း ဖြေရမှာလား"

"အမှန်အတိုင်း ဖြေရမှာပေါ့၊ အထဲမှာလည်း ဒီလိုပုံစံမျိုးတွေ မေးထားပါတယ်၊ လိမ်ရင် လိမ်မှန်းသိတဲ့ technique ကိုသုံးထားတာ၊ အားပေး ... ထားပါ ဖြေပါ"





"တစ်ခုမှ မဟုတ်ပါဘူး၊ စိတ်ဆန္ဒတစ်ခုကြောင့် လာလုပ်တာပါ၊ အဲဒီဆန္ဒက မေးခွန်းထဲမှာ မပါတဲ့ တခြားတစ်ခု ဖြစ်နေတဲ့အတွက် ဖြေမပြနိုင်ပါဘူး"

"အမ် ... အေး ... အေး ဟုတ်ပြီ၊ နောက်ထပ်မေးခွန်း တစ်ခု စ,လိုက်ရအောင်"

"အကူယ်ဈေးများ မင်းကို boss က မကြိုက်လို့ ထုတ်ပစ်မယ် ဆိုပါတော့ အဲဒီအတွက် မင်း ဘယ်လိုတုံ့ပြန်မလဲ"

"မသိသေးဘူးလေ၊ သူမှ မထုတ်သေးတာပဲ၊ ထွက်ရှင်ခံစားရမယ့် ခံစားချက်မှ ဖြစ်မလာသေးတဲ့ဟာ၊ အဲဒီပေါ်မှာ မူတည်ပြီး တစ်ခုခုတော့ တုံ့ပြန်မိမှာပေါ့၊ ဘာရယ်လို့တော့ အတပ်မပြောနိုင်ဘူး"

"good ... မင်း မဆိုးဘူး"

"ဆရာ ... မပြီးသေးဘူးလား"

အခန်းထဲဝင်လာရင်း ပြောလိုက်တဲ့အသံကြောင့် စင်စင် လှည့်ကြည့်တော့ သူ။ သူကလည်း အံ့အားတသင့်နှင့် စင်စင့်ကို ကြည့်လို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်သန့်စင် ... မင်း အခန်းမှာ အလုပ်မလုပ်ဘဲ ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ဟင် ... သူက ဒီကဝန်ထမ်းလား၊ အင်တာဗျူးလာဖြေတဲ့ သူမှတ်လို့၊ ရုံးယူနီဖောင်းလည်း ဝတ်မထားလို့လေ၊ ကတ်ပြားလည်း ဆွဲမထားတာမို့"

"မဝတ်ထားဆို ဝင်တာမှ နှစ်ရက်တစ်ပိုင်း မပြည့်သေးဘူးလေ၊ ထားလိုက်ဝါ ဆရာက မသိလို့၊ မင်းက ဘာလို့သိသိနဲ့ လာဖြေနေတာလဲ"

"ကျွန်မလည်းပြောမလို့ဘဲ၊ သူကအတင်းကြီးခေါ်နေတာနဲ့"

"သွား ... သွား၊ ကိုယ့်အလုပ် ကိုယ်သွားလုပ်၊ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ပြောနေရတာပဲ"

မာဆတ်ဆတ် သူ့လေသံက စင်စင့်နားထဲမှာတော့ နဝင်ပီယံ သူ့လက်သံပါ။ စင်စင်က သူ့အခန်း မသွားရတော့လို့ သူ့ကို မတွေ့ရတော့ဘူးလို့တောင် ထင်ထားတာလေ။





"sorry ပဲဗျာ ကိုမြင့်မြတ်သူ၊ သူ့ကို လျှောက်လွှာလာတင်တဲ့သူ မှတ်လို့ပါ"

"ရပါတယ် ဆရာ၊ သူကိုက အူကြောင်ကြောင် နိုင်တာပါ"

သူကတော့ ခင်သန့်စင် နောက်ကွယ်မှာ မဲ့ဖဲ့ရွဲ့ရွဲ့လေး ပြောမိပါသည်။ တကယ်လည်း အူကြောင်ကြောင်နိုင်တာ မဟုတ်လို့လား။

✤ ✧ ✤



www.burmeseclassic.com

“ကိုလင်း ဒီဆိုင် ခဏဝင်ရအောင်နော်”

မီးမီးကို သူ တကယ်စိတ်မရှည်ချင်တော့ပါ။ ဝယ်လိုက်တဲ့အဝယ်၊ လျှောက်လိုက်ရတဲ့လမ်း၊ သူ ခြေတစ်လှမ်းတောင် မလျှောက်ချင်တော့။ အဲဒါတောင် အခုထိ ဝယ်လို့မပြီးနိုင်မစီးနိုင်။ သူ့မ ဝယ်သမျှကို နောက်ကနေ အိတ်ဆွဲရအောင် သူ့အဆင့်က ဘာလဲ။

သူ လျှော့ရဲရဲခြေလှမ်းတွေနှင့် ဆိုင်ထဲဝင်လာခဲ့သည်။ နံရံကပ်မှန်ဗီရိုတွေထဲမှာ ဖန်စီလက်ဝတ်လက်စားတွေကို လှလှပပ





ခင်းကျင်းပြထားပြီး ဆိုင်အလယ် ဆိုလည်တန်းတွေမှာလည်း နားဆွဲတွေ၊ foot chain ၊ hand chain လေးတွေ ချိတ်ဆွဲထားလို့ မြင်မြင်သမျှ လိုချင်စရာဖြစ်အောင် ပြန်မထွက်ချင်အောင် ဖမ်းစားထားပါသည်။

မိန်းကလေး ကြီးကြီးငယ်ငယ် အရွယ်စုံတို့က ဒီ facy house ထဲမှာ အလုပ်ပေးနေတဲ့အလား ကြိတ်ကြိတ်ကိုတိုးလို့လေ။ သူကတော့ စိတ်တွေရှုပ်၊ စိတ်တွေအိုက်လို့ ခေါင်းတွေ ဝါမူးနောက်လို့လာသည်။

“ကိုလင်း အပြင်မှာပဲ စောင့်နေမယ်နော် ... မီးမီး”

“အင်း ... စောင့်နေလေ၊ မီး ခဏလေးပါ”

အဲဒီ “မီးခဏလေးပါ” ကို သူက ကြောက်တာ။ ဒီတစ်နေ့လုံး “မီး ခဏလေးပါ” ဆိုဆိုပြီး။ ဟင်း ... သူ့စိတ်တွေတို မနည်းကို ဆွဲဆန့်လို့ ထားရပါသည်။

ဆိုင်အပြင်ဘက်မှာ သူ ထွက်ရပ်နေတုန်း တစ်စီးစာ လွတ်နေတဲ့ နေရာထဲ အဖြူရောင် swift ကားလေးတစ်စီး တိုး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။ ပြီးတော့ ကားထဲက အမျိုးသမီးထွက်လာပြီး ထို အမျိုးသမီးရဲ့မျက်နှာကို မြင်စဉ်ခဏ သူ တဒင်္ဂတော့ မှင်သက် သေးမောသွားမိသည်။

ဒီနေ့တော့ သူမက ဖြူလွလွဂါဝန်တစ်ထည်ဝတ် ထားပြီး အဖြူရောင်ဖန်စီကျောက်တစ်ဆင်ဆာကို ဆင်မြန်းထား ပါသည်။

သူမက တီချယ်ပေါ့။ ကြည့်လိုက်တိုင်း အမြဲလန်း နေသည့် တီချယ်ပေါ့။

အဖြူရောင်ကြိုးသိုင်း ဒေါက်ဖိနပ်တစ်ရန်ကို ဝတ် ဆင်ထားပြီး သူမက မသိရင် model လေလား။ သူ့ထက်ကြီးပုံ ရပေမင့် သူနဲ့ မတိမ်းမယိမ်းလို့သာ ထင်ရပါသည်။ တကယ် လည်း အသက်သိပ်ကွာမည်တော့ မဟုတ်။ အရိုးအဆစ်ကြည့်ပြီး တော့သာ သူ့ထက်ကြီးမည် ခန့်မှန်းရတာ မျက်နှာကတော့ နုညက်လို့နေသည်။ ပန်းနုရောင်ဖျော့ဖျော့ဆိုးထားတဲ့ သူမနှုတ်ခမ်း လေးတွေက ချစ်စရာကောင်းလေစွ။





ပထမ နှုတ်ဆက်မည် လုပ်ပြီးတော့မှ သူ မမြင်ဟန် ဆောင်နေလိုက်ပါသည်။ သူမ မှတ်မိချင်မှ မှတ်မိမှာပါ။ ပြီးတော့ လည်း သူ့မှာက အရှုပ်ထုပ်နဲ့ မဟုတ်လား။ သူမကတော့ သူ့ ကို ကျော်ဖြတ်လို့ မှန်တံခါး တွန်းဖွင့်ရင်း ဝင်သွားသည်။

သူ လက်ကနာရီကို ကြည့်လိုက်သည်။ မိနစ်နှစ် ဆယ်ကြာသွားပြီ၊ ဟိုကောင်မလေး ထွက်မလာသေး။ လက်ထဲ ကအိတ်တွေနဲ့ သူ့လက် အံ့သေလုလု။

"တောက် ... သည်းမခံနိုင်တော့ဘူး၊ လွန်သွားပြီ"

သူငယ်ချင်းစုံတွဲရဲ့ လှော်ပေးမှုကြောင့် ကောက်ကာ ငင်ကာ ရခဲ့သည့် ရည်းစားအသစ်စက်စက် ပုံစံပေးလိုက်ပုံက။ ဒီနေ့ တစ်ခါတည်း အပြတ်ဖြတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့များ တမင်ပညာပြလေရော့သလား။ နောက် ဆယ်မိနစ်အထိ သူ စောင့်ပါသော်လည်း သူမအရိပ်ပင် မမြင်ရတာမို့ သူ စိတ်ဒုန်းဒုန်း ချရင်း မှန်တံခါးကို လက်ထဲက အထုပ်ဗရပွနှင့် မနည်းတွန်းရင်း ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးမီး"

"ဟင် ... ကိုလင်း၊ ခဏလေးပါနော်၊ ဒီမှာ ရွေးနေလို့"

"sorry ပဲ၊ ကိုယ် မရတော့ဘူး၊ ရော့ ... ဒီမှာ မင်းအိတ်တွေ"

သူမကို အိတ်တွေထိုးပေးတော့ မယုံနိုင်လေဟန် မျက်ဝန်းတွေနှင့် သူ့ကို ကြည့်လာသည်။

"ခဏလေးပါလို့ ပြောနေတဲ့ဟာ"

"ဟော့ ... ဒီမှာ၊ ငါ့မှာ အချိန်တွေ အဲဒီလောက်မပိုဘူး၊ ရော့ ... ယူ၊ မယူရင် ထောက်ချထားခဲ့မှာနော်"

"တောက်"

မီးမီးက တက်တစ်ချက်ခေါက်ရင်း သူ့လက်ထဲက အထုပ်တွေကို လှမ်းပြောင်းယူသည်။

"တာတာပဲ ... ဒီအတွက်တော့"

"ကျေးဇူးတင်ပါတယ်၊ စိတ်တတ်လေးကို စေစောစီးစီး သိခွင့်ပေးတာ"





သူ့စကားကို သူမ အားကျူမခံ ခွန်းတုံ့ပြန်၏။ ဘေးနားမှာ သူတို့အဖြစ်အပျက်ကို စပ်စုနေတဲ့ မျက်လုံးတွေကြား သူ နေရထိုင်ရ အနည်းငယ် ခက်နေတာမို့ ခပ်တည်တည်နဲ့ပဲ လှည့်ထွက်လာခဲ့ပါသည်။

"အိုး"

အမျိုးသမီးတစ်ယောက်နဲ့ ဝင်တိုးမိပြီး သူမရဲ့ အာမေဍိတ်သံ ခပ်အုပ်အုပ်ကြောင့် သူ ကျုပျာကရာ တောင်းပန်လိုက်သည်။

"sorry ပါ၊ ဪ ... တီချယ်ပါလား"

"ဟင် ... မင်းပါလား"

"မှတ်ကဲ့ ... တီချယ် ဈေးလာဝယ်တာနဲ့ တူတယ်"

တီချယ်က သူ့မေးခွန်းကို မဖြေဘဲ အသာအယာ ပြုံးလို့နေသည်။ ထိုအခိုက်မှာပဲ မီးမီးက သူ့ကို အိတ်တွေနဲ့တမင် တွန်းတိုက်လို့ ထွက်သွားသည်။ သွားပေါ့။ ယောက်ျားကို နွားလို နိုင်းချင်တဲ့မိန်းမ။ ဒါမျိုးတော့ လာချိုးလို့ ဘယ်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



"တို့က ဒီဆိုင်ပိုင်ရှင်ပါ"

"ဗျာ"

"တို့နာမည်က ချယ်ရီမောင်ပါ၊ သူသူက တို့တူပါ၊ အဲဒါကြောင့် တီချယ်လို့ ခေါ်တာ"

"ဗျာ … အဲဒီလိုလား၊ ကျွန်တော်က မသိပါဘူး၊ ဆရာမ မှတ်လို့"

"အင်း … ဒါနဲ့ မင်းကောင်မလေး စိတ်ဆိုးသွားတယ် ထင်တယ်၊ လိုက်သွားလိုက်ပါဦး"

တီချယ်က သူတို့အဖြစ်သနစ်ကို တွေ့ထားတဲ့ပုံ။ သူ ခေါင်းကို သွက်သွက်ခါလိုက်ရင်း …

"မလိုအပ်တော့ပါဘူး တီချယ်၊ ပြီးဆုံးသွားပါပြီ"

"ဟင်း ဟင်း … လွယ်လိုက်တာနော်"

"ဟုတ်ကဲ့ … အကြောင်းမတိုက်ဆိုင်ရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်၊ တီချယ်နဲ့ ခင်မင်ခွင့်ရလို့ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် 'လင်းလုလင်'ပါ"





"ဟုတ်ပါပြီ၊ တို့ မှတ်ထားလိုက်ပါ့မယ်"

"ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"

သူ ကျောခိုင်းလာတော့ သူ့မျက်ဝန်းထဲ တီချယ့်ပုံရိပ်လေးက ခိုဝင်ဖက်တွယ် လိုက်ပါလာသည်။ သူ့နှလုံးသားထဲမှာ မီးမီး ပုံရိပ်က ပျောက်ချင်းမလှ ပျောက်ကွယ်လို့နေသည်။ အခု သူ့စိတ်တွေက လွတ်လပ်ပေါ့ပါးလို့ပေါ့။ နောက်တစ်ခါ နှလုံးသားဆန္ဒမပါဘဲ ဘယ်မိန်းကလေးနဲ့မှ မတွဲဖို့ သူ ဆုံးဖြတ်ချက်ချလိုက်မိသည်။ ဒီဆုံးဖြတ်ချက်နဲ့အတူ ရှေ့ဆင့်နောက်ဆင့် သူ့အတွေးထဲ ဝင်လာတာက တီချယ့်အကြောင်းလေးပါ။ တီချယ်သာသိရင် အခုပဲ တစ်ယောက်ထွက်သွားတဲ့နေရာ တစ်ယောက်ကို အစားထိုးနိုင်လို့ "လွယ်လိုက်တာနော်"လို့ ပြောလေဦးမလားမသိ။

✤ ◇ ✤



www.burmeseclassic.com

"[illegible]"

"[illegible]"

"[illegible]"

[illegible]

၄ ၊ ၅

[illegible]

ဒီနေ့ ရုံးယူနီဖောင်း ရတာမို့ စင်စင် ဝတ်ကြည့်ပြီး မှန်ရှေ့မှာ အဆင်ပြေ၊ အဆင်မပြေ ရပ်ကြည့်နေမိသည်။ ဖက်ဖူးစိမ်းကုတ်လက်တိုနှင့် ထဘီစကတ်က အသားဖြူသော စင်စင်နှင့် လိုက်ဖက်လှသော်လည်း ရုံးက အသားမည်းမလေးများခမျာတော့ ဒီ အဝတ်အစားကြောင့် နေရင်းထိုင်ရင်း လူများမျက်စိစပါးမွေးစူး ခံရပေသည်။

မသကာ အပြာရောင်လေး၊ မီးခိုးဖျော့ဖျော့လေး ရွေးပါတော့လား။ ကိုယ်တွေ အမြင်မရှိလည်း အမြင်ရှိတဲ့သူနဲ့





တိုင်ပင်ရွေးနွေးပေါ့။ အစိမ်းတောင်မှ ဖက်ဖူးစိမ်းရောင်သွားသုံးတော့၊ အင်းလေ ... ထပ်ဖန်နေစရာမလိုပါဘူး၊ ဒီဖက်ဖူးစိမ်းရောင် uniform ကို စင်စင်တောင် အခုမှ စ,ဝတ်ရတာမှလား။

မျက်စိထဲ မမေချန်ထားခဲ့တဲ့ လက်ဝတ်လက်စားတွေထဲက ကျောက်စိမ်းလက်စွပ်လေး ပြေးမြင်မိတာကြောင့် အန်တီလေးဆီမှာ တောင်းဝတ်ရအောင် အန်တီလေးအခန်းဘက် ထွက်လာခဲ့သည်။

အဖိုးတန်ပစ္စည်းမှန်သမျှ အန်တီလေးကပဲ စင်စင့်ကိုယ်စား ထိန်းသိမ်းပေးထားသည်လေ။

"အန်တီလေး ... ဒါ ရုံးယူနီဖောင်းလေ၊ စင်စင်နဲ့လိုက်လား ကြည့်ပါဦး"

"လှတာပေါ့၊ တူမလေးရယ်၊ တူမလေး ဘာဝတ်ဝတ်လှပြီးသားဟာ၊ မေးနေစရာလား"

"လှတာတော့ လှတာပေါ့၊ ဒါပေမဲ့ စင်စင်နဲ့ လိုက်ဖက်မယ့် တစ်ခုခုလိုနေတယ်လို့ မထင်ဘူးလား"

www.burmeseclassic.com



"အဲဒါပဲ အန်တီလေး ပြောမလို့ပဲ၊ တကယ်တော့ ဒီအသက် အရွယ်ဆိုရင် ကိုယ့်အနာဂတ်မှာ လက်တွဲဖို့ အဖော်မွန် ကောင်း တစ်ယောက်တော့ ရှိသင့်နေပြီ၊ အန်တီလေးလို တော့ အပျိုကြီးမလုပ်နဲ့ စင်စင်"

"ဟမ် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ စင်စင်က မေမေ့ရဲ့ကျောက်စိမ်းလက်စွပ်လေး တောင်းချင်လို့ စကား စ,တဲ့ဟာ"

"သြော် ... ဟော်၊ စောစောတည်းက ပြောပါတော့လား စင်စင်ရယ်၊ ငါလည်း ဘယ်သိပါ့မလဲ"

"အန်တီလေးလည်း ဒါပဲ စိတ်ထဲရှိနေတယ်နဲ့တူတယ်"

"ကြည့်စမ်း ... ကောင်မလေး၊ လူကြီးကို ဒီလိုပြောစရာ လား။ ငါက ညည်းရှေ့ရေးအတွက် စိတ်မအေးဘူး ဖြစ် နေလို့ပါ။ ညည်းအစ်ကိုလည်း တစ်နေ့ မိန်းမယူမှာပဲ၊ ငါ လည်း ဘယ်အသက်ထိ နေရမယ် သိတာမဟုတ်ဘူး၊ ညည်းတစ်ယောက်တည်း လောကအလယ်မှာ ယောင်လည် လည်နဲ့ အထီးကျန်နေမှာစိုးလို့"





"အင်းပါ ... နောက်တော့လည်း သူ့ဟာနဲ့သူ ဖြစ်သွား မှာပေါ့၊ လောလောဆယ်တော့ လက်စွပ်လေး"

အန်တီလေးက စင်စင့်ကို မျက်စောင်းခဲရင်း သူမရဲ့ ဗီရိုသော့ဖွင့်ကာ ဘူးတစ်ဘူးထုတ်ပြီး စင်စင့်ကို လှမ်းပေးသည်။

"တော်မှ တော်ပါ့မလားအေ၊ ချောင်မယ်ထင်တယ်နော်၊ ညည်း လက်ချောင်းတွေက ခပ်သွယ်သွယ်ရယ်"

လက်စွပ်ဘူးဖွင့်ပြီး ကြည့်လိုက်တာနဲ့ စင်စင့်လက် နဲ့မတော်ဘဲ တော်တော်လေး ကြီးနေတာ စင်စင် သိပါသည်။ သို့သော်လည်း ဝတ်ချင်စိတ်က ပြင်းထန်နေတာမို့ လက်ခလယ် မှာ သတိထားပြီးဝတ်ဖို့ စဉ်းစားထားသည်။

"ဝတ်ကြည့်စမ်း"

"တော်ပါတယ် အန်တီလေးရဲ့"

"ဟဲ့ ... တော်ပါတယ် လုပ်မနေနဲ့၊ ညည်းက နမော်နမဲ့၊ မတော်ကျပျောက်သွား ဘယ့်နှယ်လုပ်မလဲ"

"သြော် ... အန်တီလေးကလည်း စင်စင်က ကျပျောက် ရအောင် ကလေးမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း … ကိုယ့်အကြောင်း ကိုယ်သိနော်၊ မပြောလိုက်ချင်ဘူး၊ ဒီလက်စွပ်ကို ညည်း နယ်နယ်ရရမှူး မှတ်နေသလား၊ ဒီလက်စွပ်မှာ ရာဇဝင်ရှိတယ်၊ အဲဒါကြောင့် လုံးဝအပျောက်မခံနိုင်ဘူး"

"ဟင် … တကယ် … အဟုတ်"

စင်စင်က အရမ်းကြီးကို စိတ်ဝင်စားသွားပြီး အန်တီလေး ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်ရင်း အန်တီလေး ဆက်ပြောမယ့်စကားတို့ကို စိတ်ဝင်တစားနှင့် နားစွင့်နေမိသည်။

"ဒီလက်စွပ်ရဲ့မူရင်းပိုင်ရှင်က အန်တီလေးတို့အဘွား၊ ညည်းနဲ့ဆိုရင်တော့ အဘွားတော်မှာပေါ့၊ အပျိုဖော်ဝင်စ,မှာပဲ ဖအေကိုယ်တိုင် ပန်းတိမ်အပ်ပြီး ဒီလက်စွပ်လေး လုပ်ပေးခဲ့တာ၊ သူကလည်း ဒီလက်စွပ်လေးကို အမြတ်နိုးဆုံးမို့ ဘယ်သွားသွား ဝတ်လေ့ရှိတယ်တဲ့၊ တစ်နေ့ ဟိုဘက်ရွာက သူငယ်ချင်းမတစ်ယောက်ရဲ့ အလှူပွဲမှာ သွားကူလုပ်ပေးဖို့သွားတော့ တိုက်ရ၊ ချတ်ရ၊ ဆေးရ၊ ကြော်ရတွေနဲ့





ဆိုတော့ လက်စွပ်ဝတ်ထားလို့ မသင့်တော်ပါဘူးဆိုပြီး လက်ကိုင်ပဝါထဲ သေချာထုတ်ပြီး ခါးကထဘီမှာ ထိုးထားပြီး အလုပ်လုပ်တယ်တဲ့"

"အင်း … ဒီလောက်ဆို သဘောပေါက်သွားပြီ၊ အဲဒီလက်စွပ် ကျပျောက်သွားတယ် မဟုတ်လား၊ အိမ်ရောက်တော့ အဆူခံထိ၊ အလှူအိမ်ကလူတွေ မေးစမ်းပြီး ရှာလိုက်တော့ ပြန်တွေ့၊ ဒါကြောင့်မို့ နောက်မပျောက်အောင် သေသေချာချာ ဂရုတစိုက်နဲ့ ထိန်းသိမ်းခဲ့တာ ဒီနေ့အထိပဲ၊ ဒါမှုလား"

အန်တီလေးရဲ့လက်က စင်စင့်ဗိုက်ပေါ် ကျရောက်လာတာမို့ စင်စင် ကိုယ်လေးယိမ်းပြီး မနည်းရှောင်လိုက်ရသည်။

"မိစင် … လူကြီးစကားပြောတာ ကောင်းကောင်းနားထောင်စမ်း"

"ဟုတ်ကဲ့ပါ အန်တီလေးရဲ့၊ စင်စင်က ခန့်မှန်းကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ လက်စွပ်က ကျပျောက်သွားတာပါ၊ အလှူဆို တော့ တစ်ရွာလုံး မီးနိုးတိတ်ကျွေးတာဆိုတော့ လူတွေ ဘယ်လောက် အုန်းအုန်းထ,နေမလဲ တွေးသာကြည့်၊ ပြန် ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့တာ"

"အဲဒီတော့ ..."

"အဲဒီတော့ ပြန်မရနိုင်တော့မယ့် အတူတူ သူငယ်ချင်းကို တောင် လက်စွပ်ပျောက်ကြောင်း မပြောဘဲ ပြန်လာခဲ့တယ် တဲ့၊ ဟိုခေတ်က လူတွေက ဒီလိုပဲ၊ ကိုယ့်ကြောင့် တစ်စုံ တစ်ယောက် အနှောင့်အယှက် ဖြစ်သွားမလားဆိုတဲ့ အတွေး လေးတွေ မနောလေးတွေ ရှိကြတယ်"

ကိုယ်က နောက်ဘာဖြစ်မလဲ သိချင်နေတဲ့ အချိန် မှာမှ ကြော်ငြာနဲ့တိုးတာကို စင်စင့်မျက်နှာ လငပုပ်ဖမ်းသွားသည်။ ကြားဖြတ်ဝင်ပြောပြန်ရင်လည်း အဆူခံရမှာ မြင်ယောင်လို့ ခပ်မ ဆိတ်ပဲ အောင့်အည်းနေလိုက်ရသည်။





"အိမ်ကသိတော့ ဆူတာပေါ့၊ ဒါပေမဲ့လည်း လူတွေက ဒီလောက်အများကြီး ဘယ်လိုနည်းနဲ့မှ ပြန်မရနိုင်တာသိ ထားတော့ ဒီလိုပဲ မေ့မေ့ပျောက်ပျောက်နဲ့ နေလိုက်ကြတာ၊ ဒေါ်တင်အုန်း စင်စင်တို့အဘွား အိမ်ထောင်ကျတော့ မင်္ဂလာဦးညမှာ အဘိုး ဦးမြင့်ဖေက အဲဒီလက်စွပ်ကို လက်ဆောင်ပေးသတဲ့လေ"

"ဟင် ... ဒါဆို အဘိုးက အဘွားလက်စွပ်ကြီး ခိုးသွား တာပေါ့"

"ဟဲ့ ... ဘယ်ကသာ၊ လက်စွပ်ကို အဘိုးကကောက်ရခဲ့ တာ၊ အဘိုးက ဟိုဘက်ရွာက ရွာသူကြီးသားလေ၊ လက်စွပ် တစ်ကွင်း ဘယ်သူပျောက်တယ် ပြောမလဲ စောင့်နားထောင် ရင်းက ဘယ်သူမှ မပြောကြတာမို့ သိမ်းထားခဲ့တာတဲ့"

"ခိ ခိ ... ကောက်ရတဲ့လက်စွပ်နဲ့ မျက်နှာလုပ်တာပေါ့လေ၊ တော်တော့ တော်တယ်နော်၊ ကိုယ်တကယ်ပိုင်ပြီဆိုတော့မှ ထုတ်ဆင်တာ၊ သမီးရည်းစားဖြစ်တုန်းကကျ ချစ်သက်လက် ဆောင်မပေးဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ … ဘိုးဘွားပိုင်ပစ္စည်းကို မပျောက်ပစ်ခဲ့နဲ့နော်"

"အင်းပါ"

တကယ်တော့ စင်စင် ဒီဇာတ်လမ်းကို လုံးဝမယုံပါ။ အဘိုး ဦးမြင့်ဖေက အဘွားဒေါ်တင်အုန်းကို အစောကြီးတည်းက သိနေလိမ့်မည်။ လက်စွပ်ကို ကောက်ရတယ်ထား။ ဒါ အဘွား လက်စွပ်မှန်း သူသိလို့သာ သိမ်းထားတာနေမှာပေါ့။ ပြီးတော့ မင်္ဂလာဆောင်ပြီးမှ အံ့သြသွားအောင် ထုတ်ဝတ်ပေး။ ဟင်း … romance လည်း မဖြစ်ပါဘူး၊ အဘွားကတော့ ပျော်ချင်ပျော်ခဲ့မှာပေါ့လေ။

✤ ✧ ✤





# ၉

ဝတ်ထားတဲ့ လက်စွပ်ကို စင်စင် တကယ်ပဲ အရိပ်လိုကြည့်နေမိပါသည်။ သူ အခုအချိန်ထိတော့ စင်စင့်လက်ခလယ်ကနေ ဘယ်ကိုမှ အလည်အပတ် မထွက်သေး။ မနေ့က အန်တီလေး ပြောတဲ့ လက်စွပ်ရဲ့ရာဇဝင်ကို ပြန်ကြားယောင်တော့ စင်စင့် လှောင်ပြုံးလေး ပြုံးမိပါသည်။ ဒါ အန်တီလေး တမင်လုပ်ကြံပြောတဲ့ ဇာတ်လမ်းရော မဖြစ်နိုင်ဘူးလား။ စင်စင် ဒီအသက်အရွယ်ရောက်တဲ့အထိ ဒီအကြောင်း တစ်ခါမှမဟဘူးပဲ လက်စွပ်လေးတောင်းဝတ်တော့မှပဲ ပြောတယ်ဆိုတော့ စဉ်းစားမိ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကောင်းနေပြီ။ သူပြောတာ ဟုတ်မဟုတ် သွားမေးစရာလူ မှမရှိတဲ့ဟာ။

ရုံးဆင်းတော့ စာရေးမလေး တစ်ယောက်က စင်စင် နဲ့အတူ ဘေးချင်းကပ်လျှောက်လာရင်းက ...

"မသန့်စင်"လို့ ခေါ်လိုက်တာမို့ စင်စင့်မျက်နှာ ရှုံ့မဲ့သွားသည်။ လူက တကယ်ကို မသန့်စင်သလိုလိုတောင် ခံစားလိုက်ရ၏။

"စင်စင်လို့ ခေါ်ပါနော်၊ ဒါမှမဟုတ်လည်း ခင်သန့်စင်လို့ ခေါ်ပါနော်"

"ဪ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဟိုလေ တစ်ခုလောက် မေးလို့ရမလား"

"အင်း ... မေးလေ"

"boss နဲ့ မခင်သန့်စင်တို့ ရန်ဖြစ်ထားကြတာလား"

"ဟင် ... ဘာလို့"

"ဪ ... ဒီရက်ထဲ ခပ်တန်းတန်း ဖြစ်နေကြသလားလို့ပါ"





သူတို့ထင်သလို ဘာမှမသက်ဆိုင်ဘူးလို့ ပြောမလို့ လုပ်ပြီးမှ စင်စင်တို့နှာ ရုတ်တရက် ရောက်လာတဲ့ သူ့ကြောင့် နှစ်ယောက်သား ပတ်တောပိတ်ရင်း ခေါင်းတွေတောင် ပုဝင်သွား သလို ခံစားလိုက်ရသည်။ အခု စင်စင်တို့က ဓာတ်လှေကားရှေ့ မှာလေ။

သူ့လက်ထဲက အဝကျယ်ကြိမ်ခြင်းကိုအတွေ့ စင်စင် မျက်နှာ ပြုံးယောင်သမ်းသွားသည်။ သူ ဘယ်လို boss မျိုးပါ လိမ့်။ အခုအချိန်အထိ မူကြိုကျောင်းတက်နေတဲ့ ကလေးတစ် ယောက်လို ထမင်းဘူးနဲ့ ဟင်းဘူးနဲ့။ တစ်ခါတလေ သူ့အန်တီက လာပို့တတ်သလို တစ်ခါတလေ ရုံးကကောင်လေးတွေကို သွား ယူခိုင်းတတ်သည်။ သူ့အနေအထားနဲ့ အပြင်ဆိုင်မှာမှာပဲစားစား၊ ဝယ်ပဲစားစား စားလို့ရနေတဲ့ဟာ။ ခါတိုင်းဆို ရုံးကတစ်ယောက် ယောက်က သူ့ကားအထိ သူ့ကြိမ်ခြင်းကို လိုက်သယ်ပေးနေကျ လေ။ အခုတော့ အနီးအပါးမှာ တစ်ယောက်မှ မပါခဲ့။

"ဆရာ ကျွန်မ ကိုင်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲကကြိမ်ခြင်းကို အရဲစွန့်ပြီး ခွင့်တောင်းတော့ သူက ရှုတည်တည်ရုပ်နှင့် မကြားယောင်ပြုနေတာမို့ စင်စင် စာရေးမလေးရှေ့မှာ ရှက်သွားမိသည်။

"စိတ်ဆိုးတုန်းမို့ပါ မခင်သန့်စင်ရယ်၊ နားလည်ပေးလိုက်ပါ"

စာရေးမက သူ မကြားအောင် စင်စင့်နားနားကပ်ပြီး ပြောတာမို့ စင်စင် အရှက်ပြေပြီး ရယ်တောင်ရယ်ချင်သွားသည်။

လာပြီး ဖော်လံဖား လုပ်ချင်သည့် ခင်သန့်စင်ကို သူ တမင်ကို အဖက်မလုပ်ဘဲ နေလိုက်တာဖြစ်သည်။ ဘယ့်နှယ် အခုအချိန်အထိ သူမဆံဝင်တွေ သူနမ်းသည့်ကိစ္စ ဖြေရှင်းလို့မှ မဆုံးသေးခင် ယုန်ထင်ကြောင်ထင် ထင်မည့်ကိစ္စမျိုး လုပ်လို့ဖြစ်ပါ့မလား။

ဓာတ်လှေကားပွင့်တော့ သူမတို့ကို အရင်ဝင်စေပြီးမှ သူ နောက်ကလိုက်ဝင်ပြီး ကျောပေးထားလိုက်သည်။ လူမှု





ရေးအနေနဲ့ ကြည့်မယ်ဆိုရင် သူ့ကိုရိုင်းတယ်လို့ သတ်မှတ်လို့ရကောင်းရပေမင့် သူကတော့ အခုကတည်း နွယ်လာမယ့်ကြိုးတွေ ကြိုဖြတ်ထားဖို့ အာသီသရှိနေပါသည်။

စင်စင်ကတော့ ဒီလောက်ကြီးဘဝင်ကိုင်နေတဲ့သူ့ကို သိပ်ကြည့်မရချင်တော့။ ဘာမှမခံစားရသလို ပုံစံမျိုးနှင့် ဘေးက စာရေးမလေးနှင့် စကားတွေ ပြောနေမိသည်။

"မခင်သန့်စင် ဘာကားစီးမှာလဲ"

"taxi စောင့်နေတယ်လေ၊ ကိုကြီးက taxi ကို လမြတ်ငှားပေးထားတာ"

"သြော် ... ဒါဆို taxi ဖိုးနဲ့တင် တော်တော်ကုန်နေပြီပေါ့နော်"

"ဒါကတော့ ဒီလိုရှိတယ်လေ၊ ဘယ်လိုပြောမလဲပေါ့နော်"

လက်နှစ်ဖက်နဲ့ အိုက်တင်လုပ်ပြီး ပြောနေတဲ့ စင်စင့်လက်ခလယ်ကနေ လက်စွပ်က ကဆုန်ပေါက်လို့ ရှေ့က မြင့်မြတ်သူ ကိုင်ထားတဲ့ ဆွဲခြင်းထဲသို့ ကျသွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

လက်ကလက်စွပ် ခုန်ထွက်သွားတာ သိသိချင်း စင်စင် မျက်လုံးအစုံပြူးကျယ်လို့ ဓာတ်လှေကားကြမ်းပြင်တွေဆီ မျက်လုံးကစားမိလိုက်သည်။ ဘယ်ကျသွားတာပါလိမ့်။ တကယ်ဆို လိုလိုပိုပို အပ်ချည်လေးနဲ့ဖြစ်ဖြစ် ပတ်ထားခဲ့ရမှာ။

ကျိုးကန်းဆိုတောင်းမှောက်ဖြစ်နေတဲ့ စင်စင့်အပြုအမူကြောင့် စာရေးမလေးကလည်း ဟိုကြည့် ဒီကြည့် လိုက်လို့ကြည့်ရင်း ...

"မခင်သန့်စင် ဘာဖြစ်လို့လဲဟင်"

"လက်စွပ် ... တို့ လက်စွပ်ကျသွားလို့"

"ဟင် ... ဟုတ်လား"

ကောင်မလေးကလည်း ပြူးပြူးပျာပျာနှင့် စင်စင်နဲ့အတူ ဝိုင်းလို့ကြည့်ပေးသည်။ ရှေ့က boss ကတော့ မတုန်မလှုပ်ကျောက်ဆစ်ရုပ်၊ နားမပါလေသည့်အလား။ ထိုအချိန်မှာပဲ ဓာတ်လှေကားတံခါးက ပွင့်သွားပြီး အပေါ်ထပ်တက်ဖို့ စောင့်နေတဲ့





သူတွေ ပြုံဝင်လာကြတာမို့ စင်စင်နဲ့ စာရေးမလေးမှာ အပေါ်ထပ်ပြန်၍ လိုက်ပါခဲ့ရပြန်သည်။

ဘယ်လိုပဲရှာရှာ၊ ဘယ်နေရာမှာမှ မတွေ့တဲ့အဆုံး စင်စင် စိတ်လျှော့လိုက်ရပါသည်။ သွားပြီ။ အန်တီလေးကို ဘယ်လိုမျက်နှာပြရမှာပါလိမ့်။ လူက စိတ်ဆင်းရဲလွန်းလို့ သေတောင် သေချင်မိသည်။ တဖွဖွပြောနေတဲ့ ကြားထဲက ပျောက်ဖြစ်အောင် ပျောက်ခဲ့သည် မဟုတ်လား။

တကယ်ဆို ကိုယ်နဲ့ ဘယ်လိုမှမအပ်စပ်တဲ့ ဒီလက်စွပ်ကို စင်စင် မဝတ်သင့်။

"စိတ်မကောင်းပါဘူး မခင်သန့်စင်ရယ်၊ ဒါပေမဲ့ လက်စွပ်တစ်ကွင်း လက်ထဲကနေ ကျွတ်ကျဖို့ဆိုတာ လွယ်တာမှမဟုတ်တာ"

"ဟုတ်တယ် ... အဲဒီလက်စွပ်က တို့လက်စွပ်မှ မဟုတ်တာ၊ တို့အဘွားလက်စွပ် အရမ်းလည်းလှပြီး တို့ အခုဝတ်တဲ့ uniform နဲ့လည်းလိုက်လို့ အဒေါ်ဆီက တောင်းဝတ်



www.burmeseclassic.com

www.burmeseclassic.com



လာတာ၊ နောက်နေ့မှ ဆိုင်မှာ သွားကျဉ်းမလို့ပဲ၊ အခု တော့ ..."

"သြော် ... ဖြစ်ရမယ်၊ အဒေါ်ကို ဘယ်လိုပြန်ပြောမလဲ"

"မသိတော့ပါဘူးဟယ်၊ ဘာပဲဖြစ်ဖြစ် အတူလိုက်ရှာပေး တဲ့အတွက် ကျေးဇူးနော် မှုမှုစိုး"

မဖြုတ်ရသေးတဲ့ ရင်ဘတ်က နာမည်တံဆိပ်ကို ကြည့်ရင်း သူ ကောင်မလေးကို နှုတ်ဆက်လိုက်သည်။ လက်စွပ် ပျောက်လို့ စိတ်ညစ်ရသလို သူ့ရဲ့အေးစက်တဲ့၊ အကြြင်နာကင်း တဲ့ အပြုအမူကြောင့်လည်း ဝမ်းနည်းရပါသည်။ တကယ်တော့ ဒါတွေအားလုံး စင်စင် ဆတ်ဆော့လို့ ဖြစ်ရတာချည်းပဲလေ။

✣ ✧ ✣





## ၁၀

"သားရေ ... အမေပြသံပရာရည်လေး မာမီဖျော်ပေးထား တယ်၊ ရေခဲသေတ္တာထဲမှာ ယူသောက်လိုက်၊ မာမီလက် မအားသေးလို့"

သူ ညှော်ခန်းထဲက ဆိုဖာဆက်တီပေါ် ထိုင်ထိုင်ချင်း မာမီက show case ထဲက ဖန်ပန်းကန်ပြားတွေ ထုတ်နေရင်းက လှမ်းပြောသည်။

"ဟုတ်ကဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ ထိုင်နေရင်းက ဆိုဖာဆက်တီပေါ် လှဲချလိုက်သည်။ ရှေ့အပတ်ထဲမှာ နိုင်ငံခြားကုမ္ပဏီသုံးခုက ဒီမှာ အင်တာဗျူးဖို့ရှိသည်။ ဒီကိစ္စအတွက် သူ အလုပ်တွေရှုပ်နေခဲ့သည်။ သူ့အဂျင်စီက နာမည်တစ်လုံးနဲ့ နေလာခဲ့တာ။ အမှန်အကန်ပဲလုပ်သည်။ အမှန်အကန်ဖြစ်ဖို့လည်း မျက်ခြေမပြတ် လေ့လာဆင်ခြင်တွေးတော သုံးသပ် ညှိနှိုင်းဆောင်ရွက်ရလေသည်။

"အဆင်ပြေရဲ့လား သား"

"ပြေပါတယ် မာမီ၊ ဒီနေ့ ဒူဘိုင်းက ဟိုတယ်တစ်ခုက အင်တာဗျူးလာတယ်လေ၊ လာလျှောက်တဲ့ခြောက်ယောက်လုံးကို ခေါ်မယ်လို့ ပြောသွားတယ်"

"good news ပေါ့ သားရဲ့"

သားအမိနှစ်ယောက် စကားကောင်းနေတုန်း အိမ်ဖော်မလေးတစ်ယောက်က သူ့ရှေ့မှာ ချထားသည့်ကြိမ်ခြင်းကို လာယူသည်။

"ဟော့ ... နေဦး"





သူက ကောင်မလေးကို လှမ်းဟန့်ရင်း ကြိမ်ခြင်းထဲက သူ့ဖုန်းအားသွင်းတဲ့ကြိုးကို ယူငင်တုန်း ကြိုးအောက်က တစ်စုံတစ်ရာဆီ အကြည့်အရောက် သူ့ရင်ထဲ ဒိန်းခနဲ တုန်သွားသည်။ တုန်ယင်တဲ့လက်နဲ့ သူ ယူလိုက်ပြီး လက်ထဲပါလာတာက လက်စွပ်တစ်ကွင်း၊ ကျောက်စိမ်းပွင့်လေးတွေ စီခြယ်ပြီး စွန်ကုပ်လေးတွေနဲ့ ခပ်ကြွားကြွား ပန်းပွင့်ပုံ ကျောက်စိမ်းလက်စွပ်လေး။

ဒါ ... ဒါ ... ဟိုမိန်းမရဲ့လက်စွပ်ပေါ့။ ဘာလို့ သူ့ခြင်းထဲ ပါလာရတာလဲ။ သူ နားမလည်နိုင်အောင်ကို ဖြစ်ရပါသည်။ အခု သူ ဘာလုပ်ရမလဲ။

"ယူသွားတော့"

အိမ်ဖော်မလေး မမြင်အောင် လက်စွပ်ကို သူ အုပ်ကိုင်လိုက်သည်။ သို့ပေမဲ့ အိမ်ဖော်မလေးက မြင်ဖြစ်အောင်မြင်လို့သွားပါသည်။

"အေးအေးရေ ... ညည်းအစ်ကို့ကို ရေခဲသေတ္တာထဲက သံပရာရည်လေး ယူပေးလိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"နေ ... ငါ့ဘာသာ ငါယူမယ်၊ နှင့်အလုပ် နှင့်လုပ်"

ကောင်မလေးကို သူ နှင်ပြီးတာနှင့် လက်ထဲက လက်စွပ်ကို စူးစူးစမ်းစမ်း ကြည့်မိပြန်သည်။ တော်တော်လက်ရာ မြောက်လှပတဲ့ လက်စွပ်ပေမင့် ကွင်းကတော့ အတော်အတန်ကြီး နေတာမို့ ခင်သန့်စင်ရဲ့ သွယ်ပြောင်းတဲ့ လက်နဲ့ဆို ကြီးနေမှာ သေချာ၏။ ဒါကြောင့်သာ လက်စွပ်ကျွတ်ထွက်ပြီး သူ့ခြင်းထဲကျ လာခဲ့တာဖြစ်မှာ။

"ဟူး"

သူ သက်ပြင်းချလိုက်သည်။ ဒီဟာမလေးနဲ့ ရေစက်က ကုန်မကုန်နိုင်ဘူး ထင်ပါရဲ့။

ကိုယ်နဲ့မတော်တဲ့လက်စွပ်ကို ဟန်လုပ်ပြီး ဘာလို့ သူမကရော ဝတ်လာရတာလဲ။

ဖန်ပန်းကန်ပြားတွေ နောက်ဖေးခန်းဘက် သယ်လာတဲ့ ဒေါ်ခွာညိုနားသို့ အေးအေးတစ်ယောက် ကပ်လာသည်။ ဒေါ်ခွာညိုက အေးအေးကို ပန်းကန်တွေပေးရင်း ...





"အေး ... အေး၊ ဒီပန်းကန်တွေကို ဖော့နဲ့ဆပ်ပြာရည်နဲ့ ဆေးပြီး အဝတ်ခြောက်နဲ့ စင်အောင်သုတ်နော်၊ မကွဲစေနဲ့ သေချာဂရုစိုက်"

"ဟုတ် ... အန်တီညို ... ဟို ..."

ထွက်မသွားသေးဘဲ ပြောစရာစကား ကျန်နေသေးတဲ့ အေးအေးကို ဒေါ်ခွာညို မျက်မှောင်တစ်ချက်တွန့်ရင်းက ...

"ဘာလဲ ... ဘာပြောမလို့လဲ"

"ဟိုလေ ... ကိုသူ၊ လက်စွပ်တစ်ကွင်း ဝယ်လာတာလား မသိဘူး အန်တီညို၊ ကျောက်စိမ်းလက်စွပ်လေး အရမ်းလှတာပဲ"

"ဟဲ့ ... ဟုတ်လို့လား၊ သူက ဘာလို့ဝယ်ရမှာလဲ"

"မသိဘူးလေ၊ ကြိမ်ခြင်းသွားယူတော့ ခြင်းထဲကဖုန်းအား သွင်းတဲ့ကြိုးနဲ့အတူ ထုတ်လိုက်တာ"

"သေချာလို့လား"

"သေချာပါတယ် အန်တီညိုရယ်၊ ဒါပေမဲ့ သူ အေးအေး မမြင်အောင် လက်ထဲဆုပ်ကိုင်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခွာညို တစ်ယောက် အိမ်ဖော်မလေးစကား ကြောင့် စဉ်းစားသွားသည်။ သူသူက ဘာလို့ ကျောက်စိမ်းလက်စွပ် ဝယ်ရတာလဲ။

သူ့မှာများ ကောင်မလေး ဘာညာရှိနေပြီလား။

ညေ့ခန်းဘက် ထွက်လာတော့ ဆက်တီပေါ်မှာ သံပရာရည်ခွက် အလွတ်သာတွေ့ရပြီး သူသူ့ကိုတော့ မတွေ့ရတော့။

"ဟော ... ချယ်၊ နင် ပြန်လာတာနဲ့ အတော်ပဲ"

ပခုံးက စလင်းဘတ်ကိုဖြုတ်ရင်း ဆိုဖာဆက်တီပေါ် ကိုယ်လေးပစ်ချထိုင်လိုက်တဲ့ ချယ်က သူမကို လက်ကာပြလိုက်ရင်း ...

"ခဏလေး ... ဘာမှမပြောပါနဲ့ဦးလား၊ ဒီမှာ မောလာလို့"

"ဩော် ... ဟုတ်တယ်၊ ဘာတွေများ ပင်ပင်ပန်းပန်းလုပ်ရလို့လဲ၊ ညည်းကိုယ်တိုင် ဝင်ရောင်းနေရလို့လား"





"ဟုတ်တယ်၊ လက်မှမလည်တာ၊ ဝန်ထမ်းမလေးသုံးယောက်တောင် မနိုင်ဘူး၊ မျက်စိကိုလည်း ရှင်ရှင်ထားရသေးတယ်၊ တစ်ခုလောက်ပါသွားရင်တောင် မနည်းဘူးလေ၊ လူက ခေါင်းတွေလည်းမူး၊ မျက်လုံးတွေလည်းပြာတောင်လာတယ်"

အေးအေးယူလာပေးတဲ့ သံပရာရည်တစ်ခွက်ကို ချယ်က မက်မက်မောမော သောက်နေတာမို့ ဒေါ်ခွာညို စိတ်ကိုရှည်ရှည်ထားရင်း သူမ ပြီးတဲ့အထိ စောင့်နေခဲ့ပါသည်။

"ကဲ ... ပြော၊ ဘာပြောမှာလဲ၊ တူတော်မောင်ကိစ္စပဲမဟုတ်လား၊ ဒီကောင် ဘာကျိုပြန်ပြီလဲ"

"ကျိုတာ မဟုတ်ဘူး ချယ်ရေ၊ ဒီလိုဟော့ ..."

ချယ်ထိုင်နေတဲ့ ဆိုဖာဆက်တီမှာ ဒေါ်ခွာညို ဝင်ထိုင်ရင်းက ဖြစ်အင်ကို ပြန်၍ဖောက်သည်ချပြလိုက်သည်။

"ဟင် ... ဒါဆို ဒီကောင်မရိုးတော့ဘူး မမညို"

"ဟုတ်တယ် ... အဲဒါ ဘယ်လိုမေးရ ကောင်းမလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေးမနေနဲ့၊ အချိန်တန် ပေါ်မှာပဲဟာ၊ သူကြိုက်နေတဲ့ မိန်းမ ဘယ်လိုမိန်းမမျိုးလဲဆိုတာပဲ စောင့်ကြည့်တော့မယ်_ ဟဲ ဟဲ"

"အေး ... ညည်းကတော့ ရယ်နိုင်တယ်၊ ငါတော့ မရယ်နိုင်ဘူး၊ တော်ကြာ မဟုတ်မဟတ် ..."

"အံမယ်လေး ... မပူစမ်းပါနဲ့၊ အကြောင်းမသိသေးလို့၊ သိရင် မမသားလိုယောကျ်ားမျိုးနဲ့ တစ်လတောင်ခံမှာ မဟုတ်ဘူး၊ မမသားကလည်း မဟုတ်မဟတ်ကို လက်စွပ်ဆင်ပေးရအောင် မညံ့သေးပါဘူး"

✤ ✧ ✤





## ၁၁

နမော်နမဲ့နိုင်လွန်းတဲ့ သူမကို တမင်ညှဉ်းပြီး သုံးလေးငါးရက်လောက် နှောင်ကြဉ်အောင်ထားပြီးမှ လက်စွပ်ပြန်ပေးဖို့ စိတ်ကူးမိသော်လည်း ငိုသံပါနေတဲ့ သူမရဲ့လက်စွပ်ပျောက်ကြောင်း ပြောနေတဲ့စကား ပြန်ကြားယောင်တော့ ဒီအတွေးကို သူ စွန့်လွှတ်လိုက်ပါသည်။

ဘာပဲပဲဖြစ်ဖြစ် ဘယ်လိုပဲကြည့်မရ မရ၊ သူမက သူ့ဝန်ထမ်း မဟုတ်ပါလား။

"ခင်သန့်စင်ကို ငါဆီလွှတ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲ စာရင်းစာအုပ်လာပို့တဲ့ ကောင်မလေးကို သူ ခင်သန့်စင်ကို အခေါ်လွှတ်လိုက်သည်။ မကြာခင်မှာပဲ ခင်သန့်စင်တစ်ယောက် သူ့မြင်ကွင်းအောက် ရောက်လို့လာခဲ့သည်။

"ထိုင်"

မရှင်မလန်းမျက်နှာလေးနဲ့ သူမ သူ့ရှေ့မှာဝင်ထိုင်ရှာသည်။ ဒီလိုဆိုတော့လည်း သနားဖို့ကောင်းသား။ နှုတ်ခမ်းနီ ပါးနီတောင် မဆိုးနိုင်ရှာပဲ သနပ်ခါးရည်ကျဲ ခပ်ပါးပါးတင်လို့၊ ဆံပင်တွေကို ခေါင်းစည်းကြိုးတစ်ခုနှင့် စုစည်းထားတဲ့ သူမရုပ်က တကယ့် hopeless ဖြစ်နေတဲ့ပုံလေ။

တကယ်တမ်း သူမ သူ့ရှေ့ရောက်လာပြန်တော့ သူ အလွယ်တကူနဲ့ သူမလက်စွပ်ကို ထုတ်မပေးချင်ပြန်ပါ။ ဘာကြောင့်ရယ်လို့တော့ သူကိုယ်တိုင်လည်း သေချာမသိ။ နည်းနည်းလောက်ရစ်ပြီးမှ သူ ပြန်ပေးချင်မိသည်။ ညစ်တတ်တဲ့ စိတ်မျိုး သူ့မှာမရှိသော်လည်း အင့် ... ရော့ ဆိုပြီး ပေါ့ပေါ့ကြီးလည်း မဖြစ်စေချင်ပါ။





"မနေ့က လက်စွပ်ပျောက်သွားတာ ပြန်တွေ့ပြီလား"

"ရှင် ... ဆရာ ... ဟင့်အင်း ... မတွေ့ပါဘူး"

"လက်စွပ်က ကျပျောက်တတ်တဲ့အရာမှ မဟုတ်တာ"

"ဟုတ် ဆရာ ... ကျွန်မအဘွားရဲ့လက်စွပ်ပါ၊ လှလည်းလှပြီးတော့ အဝတ်အစားနဲ့လည်းလိုက်လို့ ချောင်မှန်းသိသိနဲ့ ဝတ်လာခဲ့မိတာပါ"

"လက်စွပ် ဘယ်ရောက်သွားတယ်လို့ ထင်မိလဲ"

"အင် ... ဘယ်လိုလုပ် သိမှာလဲ၊ ဖြေပြီးတော့ဘဲ တွေးထားတယ်"

ခပ်အေးအေး သူမစကားကြောင့် သူမျက်ခုံးအသာပင့်မိလိုက်သည်။ ဘယ်လိုများ ဖြေတွေးပါလိမ့်။

"ကျွန်မရဲ့ဖူးစာရှင်လက်ထဲ ရောက်နေပြီလို့ပေါ့"

"ဘာ ... ဘာ"

သူမစကားကြောင့် သူ လိပ်ပြာမလုံ ဖြစ်လို့သွားသည်။ သူမများ သူ့ခြင်းထဲ လက်စွပ်ပါသွားတာသိလို့များလား။



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်မျက်ဝန်းတွေနဲ့ သူမကို သူတစ်ချက် စိုးကြည့်မိလိုက်ပါသည်။

"ဘာလို့ အဲဒီလိုဖြေနိုင်တာလဲ"

"ဒါကတော့ ရာဇဝင်ရှိတာကိုး ဆရာရဲ့"

ခင်သန့်စင်ရဲ့လက်စွပ်ရာဇဝင်ကြားတော့ သူ ဖျားသွားပါသည်။ အံမယ်လေးလေး ... ဒီဟာမလေးနဲ့တော့ ကံပါလို့ မဖြစ်ချေဘူး။ မြန်မြန်ပြန်ပေးမှ တော်ရကျတော့မယ်။

"အင်း နားထောင်လို့တော့ ကောင်းသားပဲ၊ ဒါပေမဲ့ ဒီလို အဖြစ်အပျက်မျိုး နှစ်ကြိမ်တော့ ထပ်လာနိုင်မှာ မဟုတ်ဘူး၊ တကယ်တော့ မနေ့က မင်းလက်စွပ် ငါ့ခြင်းထဲကျလာခဲ့တာ၊ ငါလည်း အိမ်ရောက်မှပဲ တွေ့တယ်"

သူက အံဆွဲကိုဖွင့်လို့ လက်စွပ်ကိုယူပြီး ခင်သန့်စင်ကို လှမ်းပေးလိုက်သည်။

"ဟင် ... တကယ်ပဲ ဆရာ့ခြင်းထဲ ပါသွားတာပဲ၊ ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျေးဇူးလည်း အရမ်းတင်ပါတယ်"





တကယ်ပဲ စင်စင် ဝမ်းသာတာ ထ,ကမတတ်ပါ။ အန်တီလေးကို မနေ့က ညာထားခဲ့ရသည် မဟုတ်လား။ ရာဇဝင်လက်စွပ်ကိုမှ ပျောက်ပစ်ရကောင်းလား ဆိုပြီး ပြောဆိုခံရမည့်ဘေးက အခုတော့ လွတ်ပြီလေ။

ပျော်လွန်းလို့ ပြန်ပေးတဲ့ စင်စင့်ရှေ့က သူ့ကို ဖက်ပြီးတောင် နမ်းပစ်ချင်ပါသည်။ (ပျော်လွန်းလို့ ပါ၊ ဘာညာ ဘာညာ ဆန္ဒမျိုးနှင့် မဟုတ်ပါ။)

ခင်သန့်စင်က သူလှမ်းပေးတဲ့ လက်စွပ်ကိုယူပြီး သူမ ဘယ်လက်ခလယ်မှာဝတ်တုန်း နေမျိုးက အနားရောက်လာတာမို့ သူ ရင်ထိတ်သွားသည်။ ဒီကောင် ဝင်လာတာ သူ ဘာလို့များ သတိမပြုမိလိုက်ရတာပါလိမ့်။

"မင်း သွားလို့ရပြီ ခင်သန့်စင်၊ လက်စွပ်ကို သေချာဂရုစိုက်လိုက်ပါဦး၊ နောက်တစ်ကြိမ် ခုလိုကံကောင်းနိုင်မှာ တော့ မဟုတ်ဘူး"

"ဟုတ်ကဲ့ ဆရာ ... ကျေးဇူးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပါ ပြုံးပြပြီး နှုတ်ဆက်သွားတဲ့ ခင်သန့်စင် နောက်ကျောကို လိုက်ကြည့်နေရင်းက နေမျိုးက မြင့်မြတ်သူဘက် ခေါင်းလှည့်လို့ ပြောင်စပ်စပ် မျက်နှာပေးနှင့် ခုံမှာဝင်ထိုင်လိုက်ရင်း ...

"မင်းတို့က ဒီအခြေအနေထိတောင် ရောက်ကုန်ကြပြီကိုး"

"ဟောကောင် ... ဟောကောင် ... ထင်ရာတွေစွတ်ပြောမနေနဲ့၊ မနေ့က သူ့လက်စွပ် ငါ့ခြင်းထဲကျလာလို့ ဒီနေ့ခေါ်ပြီး ပြန်ပေးတာ၊ ဒါပဲ ... ဘာအကန့်မှ မရှိဘူး"

"ဟား ဟား ... စဉ်းစဉ်းစားစားလည်း ပြောစမ်းပါ ကိုယ့်လူရာ၊ သူ့လက်စွပ်က မင်းခြင်းထဲ ဘယ်လိုကျလာတာလဲ၊ သူ ချွတ်ထည့်လိုက်တာ ဖြစ်ချင်ဖြစ်မယ်"

"မယုံနေကွာ"

မျက်နှာထားအတည်ကြီးနဲ့ မြင့်မြတ်သူ ပြောတော့ သူလည်း ပါးစပ်မိတ်လိုက်ပါသည်။ ဘာဖြစ်ဖြစ် သူတို့နှစ်ယောက် ဓာတ်လမ်းလေးတော့ စချင်ချင် အနေအထားမှာ ရှိနေလိမ့်မည်။





ဟန်နဲ့ မာန်နဲ့ ကြီးကြီးကျယ်ကျယ် မြင့်မြင့်မြတ်မြတ် နေတတ်တဲ့ ဒီကောင် မိန်းကလေးတစ်ယောက်ကို ကြွေသည့်အကြောင်းတော့ လွယ်လွယ်နဲ့ ဝန်မခံချင်တာကို သူ နားလည်ပေးလို့ရပါသည်။

"အေးပါကွာ ... အေးပါ ... အေးပါ၊ ဒီနေ့ကစ,ပြီး ငါလည်း ရုံးပုံမှန်ပြန်ထိုင်ပါပြီ ... ငှင်း ငှင်း"

"ထိုင်ပေါ့ကွာ ... ထိုင်ပေါ့၊ အမှန်တရားဆိုတာ ပန်းကန်ပြားနဲ့ အုပ်ထားလို့ မရပါဘူး၊ မင်းအထင်လွဲခဲ့သမျှ တက်တက်စင်အောင် မှားနေတယ်ဆိုကာ သိလာရတော့မှာပါ"

"အခု မျက်မြင်ပဲဟာကိုကွာ"

"တော်ကွာ"

သူက မြင့်မြတ်သူ မခံချင်အောင် တမင်တကာကို စ,လိုက်တာဖြစ်သည်။ ဒီကောင်က မ,ဆိုရင် ယင်မတောင်မသမ်းဘူးသည့် လူထူးလူဆန်းလို့ပဲ ပြောရမလား၊ အူကြောင်ကြောင်ငနဲ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ နာမည်တပ်ရမလား မသိသည့် ယောက်ျားတစ်ယောက်။ ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို ချာန်လျှောစေချင်တာတော့ သူ့စိတ်ရင်းအမှန်ပါ။ စေတနာဆိုးကြောင့်တော့ မဟုတ်ခဲ့။ အချစ်ဆိုတဲ့ အရသာကို ဒီကောင် အခုထိ မသောက်သုံးဘူးတာ သူ ဘဝင်မကျနိုင်၍ဖြစ်သည်။

✤ ✧ ✤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်-၅၃၊ ၁၉-လမ်း၊ လသာမြို့နယ်သို့
ရေးသား ပေးပို့နိုင်ပါသည်။





## ၁၂

အဖြူရောင် body fit စပို့ရှပ်နှင့် အနက်ရောင်ဂျင်းတစ်ထည် ဝတ်ထားသော မြင့်မြင့်မားမား သားသားနားနား လူရွယ်လေး တစ်ယောက်သည် သူနှင့် လားလားမှ မအပ်စပ်သော fancy house ထဲသို့ဝင်ကာ ဟိုကြည့် ဒီကြည့် လုပ်နေတာကြောင့် အရောင်းဝန်ထမ်းမ,လေးများသာမက customer မလေးများပါ ပြုံးစပ်စပ်နှင့် အချင်းချင်း လက်တို့နေကြသည်။

"အစ်ကို ဘာရှာလဲ မသိဘူး"

အရောင်းဝန်ထမ်းမ,လေးတစ်ယောက် သူ့အနား ရောက်တာနှင့် သူ့ပါးစပ်က အော်တိုမစ်တစ် ထွက်သွားတာကို...



www.burmeseclassic.com

www.burmeseclassic.com



"တီချယ်"

"ရှင်"

"သြော် ... သြော် ... ကိုယ့်ဆရာမတစ်ယောက် birthday အတွက် လက်ဆောင်ဝယ်ပေးမလို့ ကြည့်နေတာပါ၊ ကြိုက်တာတွေ့ရင် ပြောမယ်လေနော်"

"ဟုတ်ကဲ့ ... ကြည့်ပါရှင်၊ စိတ်ကြိုက်ကြည့်ပါ"

သူ မှန်ဗီရိုထဲထည့်ထားတဲ့ fancy one set တွေကို လိုက်ငေးရင်း တစ်စုံတစ်ယောက်နဲ့ တိုက်မိတာကြောင့် ကြည့်လိုက်တော့ ဝဝဖိုင့်ဖိုင့် ကောင်မလေးတစ်ယောက် ဖြစ်နေသည်လေ။ သူမက သူ့ကို ပါးစုံ့ထွက်အောင် ပြုံးပြရင်းက မျက်စိတစ်ဖက်မှိတ်ပြပါသည်။

ကိုယ့် body မှ ကိုယ်အားမနာ ပေါင်တစ်ဝက်လောက်ရှိသည့် ဂျင်းစကတ်တိုကို ဝတ်ထားတာမို့ သူမရဲ့ပေါင်တွေ၊ ခြေသလုံးတွေက အတစ်လိုက် အတစ်လိုက် ထွက်နေတာမို့ ဝက်သားစားချင်စိတ်တောင် ကုန်ခန်းလို့သွားသည်။





သူမဆီက မျက်လုံးလွှဲရင်း သူ ပုလဲနဲ့လုပ်ထားတဲ့ facy one set လေးဆီကို အကြည့်ပို့မိလိုက်သည်။ ပုံစံလေးက ဆန်းဆန်းလေးမို့ စင်စင်နဲ့ဆိုရင် လိုက်လောက်သည်ဟု သူ တွေးမိသည်။ တကယ်တော့ သူ တီချယ့်ကို တွေ့ချင်၍ ရောက်လာခဲ့တာပါ။ ဒါပေမင့် စာရေးမလေးတွေကို မေးဖို့ကျပြန်တော့လည်း သူ့စိတ်ထဲ တစ်မျိုးဖြစ်နေတာမို့ ဈေးလာဝယ်ဟန်ပဲ ဆောင်လိုက်ရတာဖြစ်သည်။

"ညီမလေး ... ဒီပုလဲ one set လေး"

"ဒီပုလဲ one set လေး",

သူနဲ့အတူ ထိုဝတုတ်မက လက်ညှိုးထိုးတာမို့ သူ စိတ်ညစ်သွားသည်။ lady firtst ဆိုသည့်အတိုင်း သူ ထိုကောင်မလေးကိုပဲ ဦးစားပေးလိုက်ပါသည်။ သို့သော်ငြားလည်း သူမရဲ့ လက်ကောက်ဝတ်တုတ်တုတ်ကြီးနဲ့ ပုလဲလက်ပတ်ကြိုးနဲ့ လားလားမှ တော်ပုံမရသလို၊ နားဆွဲကလည်း သူမနားမှာ ဝတ်လိုက်ရင် အတော်လေး အကြည့်ရဆိုးပြီး ရယ်ချင်စရာကောင်းပါလိမ့်မည်၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဒီလိပ်ပြာကြိုးလေးပဲ ပြပါတော့"

"ဟင် ... ဒါလေးကို ညလေး ယူဖို့ အစောတည်းက ရည်စူးထားတာ"

အသံစာစာနှင့် ဝင်ပြောလာတဲ့ ဝတုတ်မကို သူ သိပ်ကြည့်မရချင်တော့။ သူမနဲ့အတူ အဖော်လိုက်လာတဲ့ ကလေးမတွေကလည်း ပြုံးတုံ့တုံ့နှင့်။ သူ့ကို တမင်တကာ လိုက်နောက်နေမှန်း သိသာလှသည်။ "လင်းလုလင်"များ ဘာကောင်မှတ်လို့။ လုံးဝကျွတ်တဲ့ပုံကို မပြတာ။ သင်းတို့လောက်ကတော့ သနားတောင် သနားသေးသည်။

"sorry ပဲ ညီမရေ၊ တကယ်တော့ ကိုယ်လိုချင်တာကလေ ဖိုးဝရုပ်ဆွဲတဲ့ ရွှေဒင်္ဂါးအကြီးကြီးနဲ့ ဆွဲကြိုးတစ်ကုံးပါ"

သူ့ရဲ့အစွဲ့စကားကြားတော့ ကောင်မလေးတွေက နိုးနိုးခစ်ခစ်နှင့် ရယ်ကြသော်လည်း ဝတုတ်မလေးကတော့ မျက်လုံးထောင့်ကပ်လို့ သူ့စကားကို ဤသို့ချေပ၏။

"အစ်ကိုက ဖိုးဝရုပ်ကို ချစ်တတ်တယ်နဲ့ တူတယ်နော်"





"အင်း ... ဖိုးဝရုပ်ပဲ ချစ်တာပါ၊ မယ်ဝရုပ်တော့ မချစ်ဘူး၊ မြင်တာနဲ့ကို လန့်တာ"

"ဟင်း ဟင်း ဟင်း ဟင်း"

ဝတုတ်မအုပ်စုက မအောင့်နိုင်တော့ဘဲ ရယ်မောကြတော့ မယ်ဝရုပ်က နှုတ်ခမ်းချွန် စူပုပ်ရင်း သူ့လက်ဝါးကြီးနဲ့ ရယ်နေတဲ့ ငတိမလေးတွေကို ရှက်ရှက်နဲ့ လိုက်ရိုက်တော့သည်။

"လင်းလုလင်"

ဆည်းလည်းသံလို အသံလွင်လွင်လေးက သူ့နှလုံးသားစည်ကို လာ၍တီးခတ်သည်။ လှည့်ကြည့်တော့ ခပ်ပြုံးပြုံး မျက်နှာပေးနဲ့ တီချယ်။ သူ့ရင်ထဲကို ဆောင်းတွင်းလေးတစ်ခု ရောက်ရှိလာသလို အေးမြလို့သွားသည်။

"သြော် ... တီချယ်"

"ဘာလာဝယ်တာလဲ မသိဘူး"

"တကယ်တော့ ဘာရယ်တော့ မဟုတ်ပါဘူး၊ လမ်းကြုံတာနဲ့ ဝင်လာခဲ့တာပါ၊ တီချယ့်ကိုများ တွေ့ရလားလို့"



www.burmeseclassic.com

www.burmeseclassic.com



သူ မလိမ်ညာချင်တာနှင့် အမှန်အတိုင်း ထွက်ဆို တော့ တီချယ်က သိမ်သိမ်မွေ့မွေ့လေး ပြုံးသည်။ မိုနာလီဆာ တောင် ရှုံးလောက်ပါသည်။

ဖက်တီးမအုပ်စုကတော့ counter မှာ ပိုက်ဆံရှင်း ရင်းက သူတို့ကို လှည့်ကြည့် လှည့်ကြည့်နှင့်။

"မင်း ရှိုးသား,သားပဲ"

"တီချယ့်ကို အရိုးသားဆုံးပဲ ဆက်ဆံချင်တာပါ၊ ရောက် တုန်း ညီမလေးအတွက် fancy one set လေး ဝယ်သွား မလားလို့၊ တီချယ် ရွေးပေးပါလား"

"တီချယ် … တီချယ်နဲ့ မခေါ်နဲ့လေကွာ၊ ဟိုနေ့ကလည်း တူတော်မောင်က သူခေါ်သလို လိုက်ခေါ်ရကောင်းလားလို့ စိတ်ခုနေတယ်၊ အသိလား ဘာလား ညာလားနဲ့ မေးမဆုံး တော့ဘူး"

"ဟင် … ဟုတ်လား၊ အဲဒါဆိုလည်း တီကိုဖြုတ်လိုက်မယ် လေ၊ ချယ်လို့ ခေါ်ပါရစေနော်"





"ကဲပါ … ထားပါ၊ ဒီအခေါ်အဝေါ်ကိစ္စ၊ မင်းညီမလေး အတွက် တို့ရွေးပေးလိုက်ပါ့မယ်၊ မိတ်ဖြစ်ဆွေဖြစ် ဈေး ရင်းနဲ့ပဲ ပေးလိုက်မယ်နော်"

ချယ်က အဖြူနဲ့အနက် စပ်ထားတဲ့ fancy ကျောက် one set လေးတစ်စုံကို သော့ခတ်ထားတဲ့ show case အောက် ဆုံးထပ်ကနေ ထုတ်ယူလာခဲ့သည်။ ဒီ design လေးက မနေ့ကမှ ဝင်လာတာဖြစ်ပြီး ထုတ်ပြီးတော့တောင် အရုပ်လည်ပင်းမှာ မဆင် ရသေး။

"ဒါလေးနဲ့ဆို ခင်သန့်စင်နဲ့လိုက်မှာ"

"ကျေးဇူး … ချယ်၊ ကျွန်တော့်ကိုလည်း လုလင်လို့ပဲခေါ် ပါနော်"

ရှုံးတောက်တောက် မျက်ဝန်းတွေနဲ့ ချယ့်ကိုပြုံးပြ နေတဲ့ သူ့ကို ဖက်တီးမလေးက တိုက်ပြီးထွက်သွားတာမို့ သူ ယိုင်ပြီးလဲပြိုမတတ်တောင် ဖြစ်သွားသည်။

"တချို့များ မိန်းမချောချောပိုင်တဲ့ဆိုင်ဆို ဘော်လီဆိုင်ဆို လည်း ဝင်တာပဲ၊ ဘရာစီယာဆိုင်ဆိုတာလည်း ဝင်တာပဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တမင်ချုပ်သွားမှန်း သိတာမို့ သူ တီချယ့်ရှေ့မှာ ရှက်ရဲရဲရုပ်နှင့် အနေခက်လို့နေသည်။

"လုလင် ... ပိုက်ဆံကို ကောင်တာမှာ သွားရှင်းလိုက်နော်"

"ဟုတ်ကဲ့ ... ချယ်"

သူ့ရှေ့က လှည့်ထွက်ဖို့ ခြေလှမ်းပြင်နေတဲ့ ချယ့်ကို သူ အရဲကိုးပြီး မေးလိုက်ပါသည်။

"ချယ့်ဖုန်းနံပါတ်လေး ပေးလို့ရမလား"

"ကိုယ့်ဘာသာကိုယ် ကြိုးစားကြည့်ပေါ့"

မချိုမချဉ်ရုပ်နှင့် မယုတ်မလွန်လေးပြောတဲ့ သူမစကားအကြားမှာ သူက ရယ်ဟာဟာပြုံးရင်းက အရောင်းစာရေးမလေးဆီက ဆိုင် visiting card လေးကို တောင်းလိုက်ပါသည်။ အဲဒီ visiting card ထဲမှာ ဆိုင်ဖုန်းသာမက ဆိုင်ရှင် ချယ်ရီမောင်ရဲ့ဖုန်းနံပါပတ်ပါ ပါနေသည်မှလား။ တစ်ဖက်လှည့်နေတဲ့ ချယ့်ရင်ထဲမှာ လေပြည်တစ်ခု ဝင်သုတ်နေသည်လေ။ ဒီလေပြည်ထဲမှာ အချစ်ရနံ့လေးတွေ ပါဝင်ပေါင်းစပ်နေလေသလား။





၁၃

စားပွဲမှာ မီးပူထိုင်တိုက်နေတဲ့ တီချယ့် အနားသို့ မြင့်မြတ်သူ မယောင်မလည်နှင့် ရောက်လို့လာသည်။ တီချယ့်ကို အနုတလော သူ မသက်မသာဖြစ်နေမိပါသည်။ သူ ဒါကို မေးစမ်းတီးခေါက်ကြည့်ဖို့ ရောက်လာတယ် ဆိုရင်လည်း မမှား။

"သူသူ ... နင် ဘာတိုက်စရာ ကျန်သေးလဲ၊ ပြီးတော့မှ ကျန်ခဲ့တယ် တိုက်ပေးပါ မပြောနဲ့နော်"

"မကျန်ပါဘူး၊ ဒါအကုန်ပဲဟာ၊ ဒါနဲ့ တီချယ် ..."

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မီးပူတိုက်နေရာက မော့မကြည့်ဘဲ ထူးလိုက်တဲ့ တီချယ့်ကို ဘယ်ကနေ ဘယ်လိုစစ်မေးရ ကောင်းမလဲ သူစဉ်းစား နေမိသည်။ အခေါ်လိုရော၊ မောင်နှမလိုပါ သူ တီချယ့်ကို ခင်တွယ်ခဲ့သည်မို့ ပေါက်ကရလေးဆယ် ကလေကချေကောင်မျိုးတွေနဲ့ လုံးလုံးသဘောတူမည် မဟုတ်ပါ။ အခုတလော တီချယ်မူမမှန်တာကို သူ သတိထားမိသည်လေ။

"ဖုန်းလာတိုင်း ဘာလို့ တီချယ် ထ,ထထွက်သွားတာလဲ"

"စကားပြောတာ TV ကြည့်နေတဲ့သူတွေ အနှောင့်အယှက်ဖြစ်မှာစိုးလို့လေ၊ ဘာထူးဆန်းနေလို့လဲ"

"ထူးဆန်းတာပေါ့၊ ညတိုင်း တီချယ့်ဆီကို ဘာလို့ ဖုန်းတွေလာနေတာလဲ၊ အရင်ကဆို နေ့တိုင်းတော့ ဖုန်းမလာပါဘူး၊ မှန်မှန်ပြောပါ တီချယ်၊ တီချယ့် အဆက်ဟောင်းကြီးနဲ့ ပြန်ဆက်သွယ်နေတာလား"

"ငါ မီးပူနဲ့ထိုးကပ်လိုက်ရ မကောင်းရှိရော့မယ်၊ အဟောင်းဆိုရင် အကျီအဟောင်း လုံချည်အဟောင်းတောင် လက်လှမ်းတဲ့မိန်းမမျိုး မဟုတ်ဘူး"





"ဒါကတော့ အကျီအဟောင်း လုံချည်အဟောင်းကိုးဗျ"

"တီချယ် ဘယ်သူနဲ့ ဖုန်းပြောနေလဲဆိုတာ သူသူ သိချင်နေတာမှလား"

"ဟုတ်တယ်"

"အဲဒီလို တည့်တည့်မေးစမ်းပါ၊ အချင်းချင်းတွေပဲ၊ ဒါပေမဲ့ ဒါ တီချယ့်ရဲ့ personal ဖြစ်နေတဲ့အတွက်တော့ ပြောမပြနိုင်တာ စိတ်မကောင်းပါဘူး၊ သူ အပေအတေတစ်ယောက်မဟုတ်တဲ့အတွက်၊ တီချယ်လည်း စဉ်းစားနေဆဲဖြစ်တဲ့အတွက် သူသူ စိတ်မပူပါနဲ့"

"ပြီးတာပဲဗျာ၊ ဒါပေမဲ့ ဒီကောင်က ကျွန်တော် သဘောမကျတဲ့လူစားမျိုး ဆိုရင်တော့ တီချင် စိတ်မရှိပါနဲ့၊ ကျွန်တော် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှင်းထုတ်ပစ်ရမှာပဲ၊ ကျွန်တော့်မှာ တာဝန်ရှိတယ်လေ"

"ဒါပေါ့ ... ဒါပေါ့ ... ကိုယ့်အခေါ်အတွက် ကိုယ့်တူမှာ တာဝန်ရှိတာပေါ့၊ အဲဒီလိုပဲ ကိုယ့်တူအတွက် ကိုယ့်အခေါ်မှာ တာဝန်ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိချယ့်စကားကြောင့် သူသူ မျက်မှောင်တစ်ချက် ကုတ်သွားသည်။ ရယ်ဟဟနှင့် မီးပူကို ခလုတ်ပြန်ဖွင့်ပြီး ပြန်တိုက်နေတဲ့ ထိချယ်က တစ်စုံတစ်ရာကိုပဲ သိနေသလိုလို။ ခက်တာက သူ့မှာ ဘာဇယားမှ မရှိခဲ့။

"ထိချယ် သဘောမကျတဲ့ မိန်းကလေး သူသူ့မှာရှိနေရင်လည်း စိတ်မရှိပါနဲ့ ထိချယ်လည်း သူသူ့အနားကနေ သူ လွှင့်သွားအောင် lesson ပေးရလိမ့်မယ်"

"ဟက် ဟက် ... ကျွန်တော့်မှာ ဘာအကန့်မှ မရှိတာ ထိချယ်လည်း သိသားနဲ့၊ အချစ်ဆိုတာ ကျွန်တော်နဲ့ သူစိမ်းပါ၊ အဲဒီလိုပဲ မိန်းမဆိုတာကိုလည်း ကျွန်တော်က အပျင်းပြေအပျော်သဘောမျိုးနဲ့တောင် ကစားချင်တတ်တဲ့ ကောင်မှ မဟုတ်ဘဲ"

"အင်း ... သိတယ်လေ၊ ဒါပေမဲ့ ဒါတွေက အရင်တုန်းကပါ

"တော်ပြီ"





"ကောင်းသားပဲ၊ အိပ်တော့ သူသူ၊ good night"

အားနားကနေ ရုပ်တည်ကြီးနဲ့ ထွက်သွားတဲ့ သူသူ့နောက်ကျောကိုကြည့်ပြီး ချယ် ပြုံးလို့ကျန်ခဲ့သည်။ အိပ်စရာရှိ အိပ်တာမဟုတ်ဘူး။ အိပ်ခါနီး လာရစ်နေသေးသည်။ အခုနေများ ဖုန်းပြောနေတဲ့သူဟာ ခင်သန့်စင်အစ်ကိုလို့ ပြောလိုက်ရင် ထ, သတ်မလားတောင်မသိ။

"ချယ်ရေ ... ခဏလောက် လာပါဦးဟေ့"

မမညို့ အသံကြောင့် ချယ် မီးပူခလုတ်ကိုပိတ် မီးပူကို သန်ဆန်ခါပေါ်တင်ပြီး မမညိုဆီ အပြေးသွားမိသည်။

မြင့်မြတ်သူကတော့ အခန်းထဲရောက်ပြီးမှ ထိချယ့်စကားတွေကို ရင်ထဲမတင်မကျ ဖြစ်နေတာမို့ အခန်းထဲကနေ တစ်ခေါက်ပြန်ထွက်လာခဲ့သည်။ မီးပူတိုက်တဲ့ခုံမှာ ထိချယ့်ကို မတွေ့ရ၊ မြည်နေတဲ့ဖုန်းကိုသာ တွေ့ရတာမို့ သူ ဟိုဟိုဒီဒီတစ်ချက်ကြည့်ပြီး ဖုန်းကို ဆတ်ခနဲ ကောက်ကိုင်လိုက်သည်။

screen မှာပေါ်နေတဲ့ နာမည်ကြောင့် သူ ခေါင်းနပန်းတွေ ကြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"Lin Lu Lin"

ဟ ... ဘာနာမည်ကြီးလဲ။ လင်းလုလင်းလား၊ လင်လုလင်လား။ ချယ် မလာခင် သူ ဖုန်းကို နားထောင်လိုက်ပါသည်။

"ဟယ်လို ... ချယ်"

သူ ဘာမှပြန်မထူးဘဲ ဟိုဘက်ကတေိ ဘာဆက်ပြောမလဲ နားထောင်နေလိုက်သည်။

"ချယ် ... ကျွန်တော့်ကို စိတ်ကောက်နေတာလားဟင်၊ ရှစ်နာရီလောက်က ဆက်မလို့ပါပဲ၊ အန်တီလေးခိုင်းတဲ့ ကိစ္စလေးတစ်ခုရှိလို့ လုပ်နေရလို့ပါ၊ ချယ် ... ချယ် ... စကားလေးတော့ ပြန်ပြောဦးလေ"

"ဟော့ကောင် ... မင်း ဘယ်ကကောင်လဲ၊ ယောကျ်ားလေးဖြစ်ပြီးတော့ အသံကပျစ်ချွဲချွဲနဲ့"

"ဟမ်"





လင်းလုလင်တစ်ယောက် ဟိုဘက်က ခပ်မာမာလေသံကြောင့် ရင်ထိတ်သွားသည်။ ဒီလူ ... မြင့်မြတ်သူပဲပေါ့။ ချယ်ချယ့်ဖုန်းကို ယူကိုင်သည်ဆိုတော့ သူတို့အကြောင်းများ သိကုန်ကြလို့လား၊ အင်းလေ ... အခု သူနဲ့ ချယ်နဲ့က ဘာမှမဖြစ်သေးတာမှ မဟုတ်တာ။

"နေစမ်းပါဦး၊ မင်းနာမည်က ဘာလဲ၊ လင်လုလင်လား ... လင်းလုလင်းလား၊ လူတော့ ဘယ်လိုနေမယ် မသိဘူး၊ နာမည်မှတင် တော်တော်အမြင်ကတ်ဖို့ ကောင်းနေပြီ"

ချယ် မမည်ျိုဆီကအပြန် မီးပူတိုက်တဲ့နေရာကို ပြန်အသွား သူမဖုန်းကို ဟန်ပါပါနဲ့ ကိုင်ဆက်နေတဲ့ မြင့်မြတ်သူကိုတွေ့တော့ မျက်လုံးတွေ ပြာဝေသွားသည်။

"သူသူ ... တီချယ့်ကို ဖုန်းပေးစမ်း"

သူ့လက်ထဲကဖုန်းကို ဖွတ်လုသွားတဲ့ တီချယ့်ကို သူ မျက်ထောင့်နီနဲ့ လှမ်းလိုကြည့်မိလိုက်ပါသည်။ တီချယ်က သူ့ကို အရေးမစိုက်ဘဲ ဖုန်းကိုနားနားကပ်ပြီး သူမအခန်းဘက်ထွက်သွားသည်။



www.burmeseclassic.com

"တောက် ... ဘာကောင်ဖြစ်ဖြစ် လုံးဝသဘောမတူဘူး၊ ရအောင်ဖျက်ပြမယ်၊ ကြည့် ... မြင့်မြတ်သူအကြောင်း သိနေရမယ်၊ သူကများ ငါ့တီချယ်ကို ရာရာစစ၊ အသံကို က ယောက်ျားမဟုတ်တဲ့ အကိုင်းပဲ၊ ဟင်း ဟင်း ... တီချယ်တို့များ စဉ်းစားဆဲမို့လို့သာပဲ တော်တော့တယ်၊ တွေ့ကြသေးတာပေါ့ကွာ"

မြင့်မြတ်သူကတော့ မခံချိမခံသာနဲ့ ခပ်နာနာလေး ကြိမ်းရင်း သူ့အခန်းထဲ ဝင်သွားတော့သည်။ အဲဒီည သူ လင်းလုလင်းလား၊ လင်လုလင်လား မသိသည့်ကောင်အကြောင်းစဉ်းစားရင်းနဲ့ပင် အိပ်ရေးပျက်ခဲ့ရပါသည်။

✣ ✧ ✣





## (၁၄)

"ဟော့ကောင် ... ဘာဖြစ်နေတာတုန်း"

မှုန်ကုပ်ကုပ်နှင့် မြင့်မြတ်သူတစ်ယောက် တစ်စုံတစ်ရာကို တစ်ချိန်လုံးတွေးတောနေဟန် ရှိတာမို့ မနေနိုင်တော့တာနှင့် နေမျိုးပါးစပ်က ထုတ်မေးမိလိုက်သည်။

"ငါ စိတ်ညစ်နေတယ် နေမျိုး"

"သိတယ်လေ၊ မင်းရုပ်မြင်တာနဲ့ သိတယ်၊ ပြော ... ဘာတွေဖြစ်လဲ၊ ခင်သန့်စင်နဲ့ အဆင်မပြေဘူးလား"

"လာပြန်ပြီ၊ ငါနဲ့ ဘာမှမသက်ဆိုင်ဘူးလို့ ဘယ်နှခါပြောရမလဲ"

www.burmeseclassic.com



“အေးပါကွာ ... ပြောစမ်းပါ၊ မင်း ဘာတွေစိတ်ညစ်နေလဲ”

ဆုံလည်ကုလားထိုင်ကို ခေါင်းမှီရင်းက မြင့်မြတ်သူ သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်းက ...

“တီချယ်ပေါ့ကွာ၊ ပြောတော့ တစ်သက်လုံး အိမ်ထောင် မပြုဘူးလေး ဘာလေးနဲ့၊ အခုတော့ ဇာတ်လမ်းစ,ချင်နေပြီလေ”

“ဟား ဟား ... ဘာများလဲလို့၊ မင်းတီချယ်က အလန်းကြီးပဲ ရှိသေးတဲ့ဟာ၊ ယောက်ျားယူချင်ရင် ဆယ်ခါပြန်တောင် ယူလို့ရတယ် ဟေ့ကောင်”

“တော်စမ်းပါကွာ၊ မနေ့က သူနဲ့ ဘာလိုလိုဖြစ်ချင်နေတဲ့ကောင်နဲ့ ငါ စကားပြောဖြစ်သေးတယ်”

“ဟုတ်လား ... ဒီကောင် ဘယ်ကလဲ၊ ဘယ်သူလဲ၊ ဘာလုပ်လဲ”

“အေး ... ဒါပဲ ငါသိချင်တာ၊ နာမည် ဖုန်းထဲမှာပေါ်နေတာတော့ Lin Lu Lin တဲ့၊ ဒီကောင့်နာမည် ဘယ်လိုနား





လည်ရမလဲကို မသိဘူး၊ အသံကလည်းကွာ ယောက်ျားလို မာထန်ထန်လေသံ မဟုတ်ဘဲ ချိုရဲရဲ ပျစ်ချွဲချွဲနဲ့ကွာ”

“ဘာလဲ ဟေ့ကောင်၊ မင်း လျှက်ကြည့်လိုက်လို့လား”

“သွားစမ်းပါကွာ၊ တီချယ် အရောက်မြန်လို့ပေါ့၊ နို့မို့အငိုကောပစ်လိုက်မလို့”

“စိတ်လျှော့ ... စိတ်လျှော့ ... အဲဒါမျိုး သွားအကြမ်းကိုင်လို့ မဖြစ်ဘူး၊ တော်ကြာ မင်းတီချယ်ကို မ,ပြေးသွားရင် ဘယ်လိုလုပ်မလဲ၊ ဒီလိုကိစ္စမျိုးဆိုတာ အကိုင်အတွယ် ညင်သာရတယ်ကွ”

တရှူးရှူး တရှဲရှဲ ဖြစ်နေတဲ့ မြင့်မြတ်သူကို နေမျိုးက ချော့မော့ပြောဆိုနေသည်။ ဒီကောင့်စိတ်က လက်တစ်ဆစ် မဟုတ်လား။

“အရင်ဆုံး လုပ်ရမှာက ဒီကောင် ဘာကောင်လဲဆိုတာ စုံစမ်းဖို့”

“ပြောတာ လွယ်လိုက်တာ၊ ဘယ်လိုစုံစမ်းရမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ်၊ မင်းတီချယ်ဆိုင်ကို တစ်ပတ်လောက် စောင့်ကြည့်ရုံပေါ့၊ မိတော့ မိမှာပါ၊ စောင့်ကြည့်ဖို့ လူကလည်း အဆင်သင့် ရှိပြီးသား၊ ငါ့တူမ ပိုပိုကို မင်းသိတယ်မှုလား"

"အေး ... သိတယ်လေ၊ ဒီနှစ် ဆယ်တန်းအောင်သွားတဲ့ ကလေးမ မဟုတ်လား"

"ဟုတ်တယ် ... သူက စပ်ရတတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ အရမ်းလည်း လူရည်လည်တယ်၊ တစ်ခုပဲ နေ့တိုင်းသွားရင် မင်းတီချယ် ရိပ်မိလေမလား"

နေမျိုးစကားကြောင့် သူ တစ်ချက်တွေသွားပြီးမှ အကြံတစ်ခု ရလာတာမို့ မျက်နှာဝင်းတက်သွားပြီး လက်ဖျောက်တစ်ချက် တီးလိုက်ကာ ...

"ဟုတ်ပြီ ... ဒီလိုလုပ်ကွာ"

သူက သူ့အကြံကို နေမျိုးကို ပြောပြလိုက်တယ်ဆိုရင်ပဲ နေမျိုးက ခေါင်းတညိတ်ညိတ်နှင့် လက်မထောင်ပြရင်း ...





"good ... မင်းကိုတော့ ရေလည်လေးစားသွားပြီ၊ အခုပဲ ငါ မင်းတီချယ်နဲ့ သွားတွေ့လိုက်မယ်"

နေမျိုးတစ်ယောက် ချယ်ရီ fancy house သို့ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလို့လာခဲ့သည်။ ကံကောင်းချင်တော့ တီချယ့်ကို အဆင်သင့် တွေ့လိုက်ရသည်။ မတွေ့လည်း ဖုန်းဆက်ပြီး မတွေ့တွေ့အောင်ချိန်းဖို့ သူ ဆုံးဖြတ်ပြီးသား။

"ဩော် ... နေမျိုးပါလား၊ ထူးထူးဆန်းဆန်း၊ ဘယ်က လှည့်လာတာလဲ၊ ဒီနေ့ ရုံးမတက်ဘူးလား"

"ကိစ္စရှိလို့ ရောက်လာတာ တီချယ်"

"ဆိုစမ်းပါဦး၊ တူတော်မောင်က ဘာများမှာလိုက်လို့လဲ"

"အာ ... ဟုတ်ပါဘူး တီချယ်ရဲ့၊ တီချယ့်ဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

"အကူအညီ"

သံယောင်လိုက်နေတဲ့ တီချယ့်မျက်နှာလေးက ဖြူဖြူနုနု လှလှပပလေး။ ဒါကြောင့်လည်း ဟိုကောင် သူ့တီချယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အူတိုနေတာပဲ ဖြစ်မည်။ သုံးဆယ်ကျော်ဆိုပေမယ့် သူမက ဆယ့်ခုနစ်၊ ဆယ့်ရှစ် အပျိုမလေးတွေနဲ့ အလှတရားမှာ ကောင်းကောင်းယှဉ်လို့ရသေးသည်။ ဒီခေတ်ကြီးထဲမှာ ယောကျ်ားတွေကလည်း ဒီလို ချောချောထောထောမတွေကို မျက်စိကျတတ်တာ ဆိုတော့လည်း ဒီကောင် စိတ်ပူမည်ဆိုလည်း စိတ်ပူလောက်ပါသည်။

"ဘာလဲ ... ပြောလေ နေမျိုး၊ တီချယ့်ကို အားမနာနဲ့"

"ဒီလိုပါ ... ကျွန်တော့်တူမလေး ဒီနှစ်ဆယ်တန်းအောင်တဲ့ တစ်ယောက်လေ၊ အဲဒါ ဒီဆိုင်မှာ အလုပ်လုပ်ချင်တယ်ဆိုလို့ အဲဒါ ... သူက fancy တွေကို crazy ပဲ၊ ငွေရေး ကြေးရေးက အဓိကမကျပါဘူး၊ သူဝါသနာပါတဲ့ စိတ်ချမ်းသာမယ့် အလုပ်လေး ယာယီဖြစ်ဖြစ် လုပ်စေချင်လို့ပါ"

"သြော် ... ဒါများ ပြောစရာလား၊ ဝန်ထမ်းသဘောမျိုးနဲ့တော့ တီချယ်မခိုင်းပါဘူး၊ အကူသဘောမျိုးလေးနဲ့ သူ





လာချင်တဲ့အချိန်လာ၊ ပြန်ချင်တဲ့အချိန်ပြန် အပျော်သဘောမျိုးနဲ့ ဆိုင်ကိုလာခိုင်းလိုက်လေ"

"ဟာ ... ကျေးဇူးတင်လိုက်တာ တီချယ်ရယ်၊ မနက်ဖြန် ကျွန်တော်ကိုယ်တိုင် လာပို့ပေးပါ့မယ်"

"လာခဲ့ ... လာခဲ့၊ ဒါများ လူကိုယ်တိုင် လာစရာလား၊ ဖုန်းဆက်ပြောတောင် ရတဲ့ဟာ၊ သြော် ... ဒါနဲ့ ကြုံတုန်းလေး နေမျိုးကို စပ်စုစရာရှိလို့၊ အချိန်ရရဲ့လား၊ ရှေ့က cafe မှာ ကော်ဖီသွားသောက်ရအောင်လေ"

ဆိုင်ထဲမှာ လူတွေကျနေတာမို့ တီချယ်က သူ့ကို အားတုံ့အားနာဟန်နှင့် ဆိုသည်။ သူကလည်း မဆိုင်းမတွဘဲ ခေါင်းညိတ်ပြလိုက်မိသည်။ ကော်ဖီမှာထားပြီး တီချယ်က သူ့ကို မေးခွန်းတစ်ခု ကောက်ကာငင်ကာ မေးသည်။

"အခုတလော မင်းသူငယ်ချင်းဆီက ထူးထူးခြားခြား အကြောင်းအရာလေးများ မကြားဘူးလား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မင်းကလည်း ဒုံးဝေးလိုက်တာ၊ ကောင်မလေး ကိုစွ ပြောတာ"

"မကြားပါဘူး တီချယ်"

"ဟင်း ဟင်း ဟင်း ... ကာပါ ... ကာပါ မင်းသူငယ် ချင်းဘက်က၊ မင်းသူငယ်ချင်းက ကောင်မလေးကိုပေးဖို့ ကျောက်စိမ်းလက်စွပ်တောင် ဝယ်ထားတာ၊ မြင်တဲ့သူက လည်း မြင်တယ်၊ ဒီတော့ သူ အဲဒီလက်စွပ် ဘယ်သူ့ကို ပေးလဲ၊ မင်းသိရင် တီချယ့်ကို ပြောပြပါလား"

"ဗျာ ... ကျောက်စိမ်းလက်စွပ် ... ဟုတ်လား"

"အေးလေ"

ကြည့်စမ်း။ ဒီကောင် သူ့လို သူငယ်ချင်းအရင်း ခေါက်ခေါက်ကိုတောင် မျက်စိလှည့်ပစ်ခဲ့တာပဲ။ သူ တကယ်ပဲ ခင်သန့်စင်နဲ့ ကျိတ်ပုန်းခုတ်နေတာပေါ့။ အစကတည်းက ဒီကောင် ပြတဲ့ reason ကို သူ ယုံမထားခဲ့တာ။

"ပြောလေ နေမျိုး၊ မင်း သိနေတယ် မဟုတ်လား၊ ဘယ် သူလဲ ... ဘယ်ကလဲ"





ပထမ မပြောဘူးလို့နေမယ် စိတ်ကူးပြီးမှ ဒိုင်လျှို နှင့် သူ့ကိုပင် အသိမပေးဘဲထားသည့် သင်းလုပ်ရပ်ကို မကျေနပ် တာနှင့် ဖော်ကောင်လုပ်လိုက်ပါသည်။

"ခင်သန့်စင်ပါ တီချယ်"

"ဟင် ... ဒါ ... တကယ်ပဲလား"

"တကယ်ပါပဲ၊ ကျွန်တော့်မျက်စိနဲ့ တပ်အပ်မြင်ကဲ့တာပါ၊ မယုံမရှိပါနဲ့"

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"သူ့နာမည်က လင်းလုလင်တဲ့၊ သဘော်အရာရှိတစ်ယောက်လို့ ပြောတယ်၊ သူနေတာ ကျောက်မြောင်းမှာတဲ့၊ ပိုပို့နဲ့ သူ့ဒရိုင်ဘာ နောက်ယောင်ခံလိုက်ထားလို့ သူ့လိပ်စာအတိအကျ ရထားတယ်၊ ဒီလိပ်စာပဲ"

နေမျိုးက ပိုပို့ဆီကရလာတဲ့ လိပ်စာကို မြင့်မြတ်သူ့ရှေ့ ချပေးလိုက်သည်။ ပြီးတော့မှ နှစ်ဖက်ချွန်ဖြစ်နေသည့် သူ့အဖြစ်ကို တွေးမိရင်း ပြုံးမိသွားသည်။

"ဒီတော့ မင်း ဘာဆက်လုပ်မလဲ မြင့်မြတ်သူ"





"ဒီကောင့်ရာဇဝင်ကို စုံစမ်းရမှပေါ့၊ အပေါ်ယံကြည့်ရင်တော့ လက်ခံစရာ ကောင်းသလိုလို ဘာလိုလိုနဲ့ အထဲမှာ ပုပ်အက်နေတဲ့လူစားမျိုး ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ထိုအခိုက် အခန်းထဲသို့ ခင်သန့်စင် ဝင်လာတာတွေ့လိုက်တာမို့ နေမျိုးက မြင့်မြတ်သူကို တစ်ချက်လှမ်းရှိုးလိုက်သည်။ ဒီကောင် ဘယ်လောက်ဟန်ဆောင်ကောင်းလဲ ကြည့်ထားဦးမှ။

"ဆရာ ... စာရင်းစာအုပ်လေး လာပို့တာပါ"

"ထားခဲ့"

သူ့ရှေ့မှာမို့လာမသိ။ ဒီကောင့်လေသံရော၊ မျက်နှာကြောရောက မာမှမာ။ လုပ်ထားဦးပေါ့။ အမှန်တရားပေါ်လာဖို့က မလိုတော့ပါဘူး။

"ဟော့ ... ခဏ ... ခင်သန့်စင်"

"ရှင်"

ထွက်ခွာဖို့ ခြေလှမ်းပြင်နေတဲ့ ခင်သန့်စင်က သူ့ရဲ့စကားကြောင့် ခေါင်းလေးပြန်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းခေါင်းက ကျသွားတဲ့ နှင်းဆီပန်းကိုယူပြီး ဟိုအမှိုက်ပုံးထဲ ထည့်ခဲ့"

သူ့စကားကြားမှ စင်စင် ခေါင်းကို လက်ဖြင့်စမ်းမိလိုက်သည်။ အောက်မှာကျနေတဲ့ နှင်းဆီပန်းကို စင်စင် မျက်နှာပုပ်သိုးသိုးနှင့် ကောက်ယူလိုက်သည်။ ဖြစ်နေလိုက်တာ။ ဒီလောက်ကြီးကျယ်တဲ့လူမျိုးကိုမှ သွားရင်ခုန်မိတာ စင်စင်ကိုက ကံမကောင်းလို့ဖြစ်မှာ။

"ဪ ... ဒါနဲ့ ... မင်းနေတာ ကျောက်မြောင်းမှာနော်"

"ဟုတ်ကဲ့"

"ခဏထိုင်ပါဦး"

စင်စင်က ကြောင်တောင်တောင်လေးနှင့် သူ့ရှေ့ကခုံမှာ ဝင်ထိုင်လိုက်ပါသည်။

"ငါ့ကို ကိစ္စတစ်ခုလောက် စုံစမ်းပေးနိုင်မလား၊ မင်းအတွက် မနစ်နာစေရပါဘူး"

"ဘာကူညီရမလဲ ဆရာ၊ ပြောသာပြောပါ၊ စင်စင့်ဘက်ကအသင့်ပါ"





"ငါ့ကို လူတစ်ယောက်အကြောင်း စုံစမ်းပေးပါ၊ ဒါသူ့လိပ်စာပဲ"

စင်စင်က သူ ကမ်းပေးတဲ့ လိပ်စာကို ကြည့်ပြီးမျက်လုံးတွေ ဝိုင်းဝိုင်းလည်သွားသည်။ ဒါ စင်စင်တို့တိုက်ခန်းလိပ်စာကြီးပဲ။ သူ စင်စင့်ကို တမင်များ လာနောက်နေတာလား။

"မင်းစုံစမ်းရမယ့်လူ နာမည်က လင်းလုလင်လို့ ခေါ်တယ်၊ သဘောအရာရှိလို့ ပြောတာပဲ၊ ဟက် ဟက် ... ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ၊ ငါ သင်းအကြောင်း အကုန်သိချင်တယ်၊ မင်း အချိန်ဘယ်လောက် လိုချင်လဲ ပြော၊ စုံစမ်းခကို တစ်လစာပေးမယ်၊ တိတိကျကျတော့ ဖြစ်ပါစေ၊ ဘယ်လိုလဲ"

သူပေးတဲ့ အခွင့်အရေးက မက်လောက်စရာပါ။ သို့ပေမင့် သူ ကိုကြီးအကြောင်း သိချင်တာ ဘာကြောင့်များပါလိမ့်။

"တစ်ခုလောက် မေးလို့ရမလားဟင်၊ ဘာလို့ စုံစမ်းနိုင်းရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာ မေးခွင့်မရှိဘူး၊ ငါ့အတွက် သင်းအကြောင်းသိရဖို့ အသည်းအသန် လိုအပ်နေတယ်၊ မင်း ငြင်းမယ်ဆိုလည်း ငြင်းခွင့်ရှိပါတယ်၊ ငါ တခြားတစ်ယောက်ကိုပဲ"

"ဟိုး ... ဟိုး ... ဆရာ ... ကျွန်မ လက်ခံပါတယ်"

"အချိန်ဘယ်လောက်လိုချင်လဲ ... ပြော"

စင်စင်က လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

"တစ်ပတ်လား"

"တစ်ရက်ပါ"

"တစ်ရက် ... တစ်ရက်နဲ့ တိတိကျကျ စုံစမ်းလို့ ရမယ်လို့ မင်း ထင်နေတယ်ပေါ့"

ဟွန်း ... အခုချက်ချင်းတောင် ပြောပြလို့ ရနေတဲ့ဟာကို။ သို့သော်လည်း သူ့ သံသယဝင်မည်စိုး၍ လက်သုံးချောင်း ထောင်ပြလိုက်ရင်း ...

"သုံးရက်လောက်ဆိုရင် သိပါပြီ ဆရာ၊ စင်စင်က ကျောက်မြောင်းတစ်ခွင် ပြုံပြုံစင်အောင်သိတာ"





"သိတယ်လေ၊ မင်းက ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ်နဲ့မို့ ဒီအလုပ် မင်းနဲ့သင့်တော်မယ်ထင်လို့ ကမ်းလှမ်းလိုက်တာ"

ဟိ ဟိ ... သိပ်တော်တာပဲ။ ကိုယ့်အစ်ကိုအကြောင်း ညီမကို စုံစမ်းခိုင်းရတယ်လို့။ သုံးရက်ကြီးများတောင် နားခွင့်ရပြီး တစ်လစာကြီးများတောင် အသားတင်ရဦးမည်။ စင်စင်တို့များ ကံကောင်းချက်။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

စင်စင် အခုသတိထားစောင့်ကြည့်တာက ကိုကြီးကို။ သူ ဘာမဟုတ်တာတွေများ လုပ်ထားလို့ပါလိမ့်။ သူလုပ်တဲ့ တစ်ခုခုကလည်း မြင့်မြတ်သူနဲ့ ပတ်သက်တဲ့ တစ်ခုခုပဲ ဖြစ်ရမည်။ ပထမ ပေါ့ပေါ့တန်တန် တွေးမိပေမယ့် တစိမ့်စိမ့်တွေးလေ စင်စင့်ရင်ထဲ စိုးရိမ်မှုတွေ ပိုကဲလာလေပင်။ ဖွင့်မေးရအောင်လည်း အမှန်ပြောရင်တော့ ကောင်းသား။ မဟုတ်ရင် အဖတ်ဘင်လိမ့်မည်။

"ကိုကြီး ... ဘယ်သွားမလို့လဲ၊ အခုတလော ကိုကြီး အိမ်ကပ်တယ်လို့ကို မရှိဘူးနော်"





"ဘာထူးဆန်းလို့လဲ၊ ကိုယ့်အိမ်မှာ ကိုယ်ပြန်နေခိုက်လေး ကိုယ့်နိုင်ငံကိုယ် ပြန်ရောက်တဲ့ အခိုက်အတန့်လေး လွတ်လွတ်လပ်လပ် သွားမယ်၊ စားမယ်၊ လာမယ်၊ ပတ်မယ်လေ"

"ပြီးတော့ ကိုကြီး အခုတလော အရမ်းပဲများလာတယ်၊ ကားလည်း ဝယ်တော့မလို့ဆို၊ ဘယ်လိုဖြစ်တာလဲ၊ ရိုးတော့ မရိုးဘူး ထင်တယ်နော်"

သူ့အခန်းတံခါးကိုမှီပြီး စစ်ဆေးရေးတွေ လာလုပ်နေတဲ့ ညီမလုပ်သူကို လင်းလုလင်က ပြုံးစစမျက်နှာပေးနှင့်ချစ်ကြည်စွာကြည့်လိုက်ရင်း ...

"ဘာလဲ ... ကိုကြီးမှာ ချစ်ရတဲ့သူ ရှိနေပြီလား၊ ထင်တယ် ထင်တယ်၊ ညတိုင်း ဖုန်းတွေအကြာကြီး ဆက်နေကတည်းက ထင်ပြီးသား၊ သူ ဘယ်သူလဲ၊ ဘာလုပ်လဲ၊ ဘယ်တုန်းတည်းက ကြိုက်နေကြတာလဲ"

"ဟား၊ ဟား ... နင် ငါ့ကို အူတိုနေတာလား စင်စင်၊ အချိန်တန်ရင်တော့ သိရမှာပေါ့ဟာ၊ ဖြည်းဖြည်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စင်စင် နှုတ်ခမ်းစူပြီး ကိုကြီးကို ကြည့်နေမိပါသည်။ ကြည့်နေရင်းက အတွေးတစ်စ စင်စင့်ခေါင်းထဲ ခိုဝင်လာသည်။ အခု ကိုကြီးနဲ့ ငြိနေတာ တီချယ် ... တီချယ် များလား။ မြင့်မြတ်သူရဲ့အဒေါ်ဆိုတဲ့ တီချယ်လာရင် ရုံးကဝန်ထမ်းတွေအားလုံး အလုပ်တွေအားလုံးထားပြီး ကြည့်ကြရတာ အမောမဟုတ်လား။ အဲဒီအထဲမှာ ခင်သန့်စင်ဆိုတဲ့ သူမလည်း ပါပါသည်။ တကယ်ချောပြီး၊ တကယ် style ကျသည့်အထဲ ဝတ်တတ်စားတတ်တာမို့ မိန်းမချင်းတောင် ငေးမောရပါသည်။

ဒီတော့ ... ဒီတော့ ... ဒီအကြောင်း သိသွားတဲ့ မြင့်မြတ်သူက ကိုကြီးအကြောင်း ထောက်လှမ်းတော့တာပေါ့။ ဟုတ်သည်။ အများကြီး ဖြစ်နိုင်သည်။

"ဟဲ့ ... ဘာစဉ်းစားနေတာလဲ"

"သူ ဘယ်သူလဲဆိုတာ စင်စင် ရိပ်မိသလိုလိုပဲ"

"အံမာ ... ကြီးကြီးကျယ်ကျယ်နဲ့၊ ပြောစမ်းပါဦး၊ ဘယ်သူဖြစ်မလဲ"





ရယ်ဟာဟနဲ့ ကိုကြီး အမေးမှာ စင်စင် တစ်လုံးချင်းပဲ ဖြေလိုက်ပါသည်။

"တီ ... ချယ်"

"ဟင် ... နင် ... နင် ဘယ်လိုလုပ်သိလဲ"

ကိုကြီးဆီက ထွက်လာတဲ့စကားက စင်စင့်သံသယကို ပိုခိုင်မာသွားစေသည်။ ဒါကြောင့် မြင့်မြတ်သူက အသည်းအသန်ကို သိချင်နေတာပေါ့။ သူ ကိုကြီးနဲ့ တီချယ့်ကို သဘောတူမယ့်ပုံ တစ်စက်မှကိုမရှိ။ ဘယ်သူနဲ့မှကို သူ့တီချယ်ကိုသဘောတူနိုင်မှာလည်း မဟုတ်။

"ဟော့ ... ငါမေးနေတယ်လေ စင်စင်၊ နင်ဘယ်လိုလုပ်သိလဲလို့"

"ကိုကြီး ဖုန်းဆက်တာ ခိုးနားထောင်ထားလို့ပါ၊ ချယ်လို့ကြားလို့ အစ်ကြည့်လိုက်တာ၊ တကယ်ဖြစ်နေတာကိုး"

"ဟဲ ဟဲ ... သူ ငါ့ကို အဖြေမပေးသေးပါဘူးဟာ၊ ဒါပေမဲ့ နီးစပ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … အင်း"

တက်ကြွနေတဲ့ ကိုကြီးကိုကြည့်ပြီး စင်စင် ဘာပြောလို့ ပြောရမှန်းမသိ။ တားလည်း မတားရက်။

"ဘာလဲ … နင် သဘောမတူလို့လား စင်စင်"

"စင်စင်က သဘောတူပါတယ်၊ ဟိုဘက်က သဘောမတူမှာစိုးတာပါ၊ သူတို့က အခြေခံကြီးကြီးထဲက မှလား"

"ဟား ဟား … ဘာများလဲလို့၊ ငါတို့ကလည်း ခပ်နိမ့်နိမ့်ထဲကမှ မဟုတ်တာ၊ ကဲ … ကဲ … ငါသွားဦးမယ်၊ နေပါဦး … နင် ဒီနေ့ အလုပ်မသွားဘူးလား၊ မနေ့ကလည်း နင် အိမ်မှာရှိတယ်"

"အလုပ်မသွားတာ သုံးရက်ရှိပြီ"

"ဟမ် … နင့်ကို အလုပ်ထုတ်လိုက်ပြီလား၊ ထင်တော့ထင်သားပဲ"

"ဘယ်ကသာ … နေသိပ်မကောင်းလို့ ခွင့်ယူထားတာ"

"နင်တို့ boss လား၊ အဲဒီလောက် သဘောကောင်းမှာ





ပြောပြီးမှ လင်းလုလင်တစ်ယောက် ညီမလုပ်သူကို ပြူးပြူးပျာပျာ ကြည့်လိုက်သည်။ သင်း ဒီလိုအခွင့်အရေးရတာ ဟိုဘဲနဲ့များ တော်တော်ရင်းနှီးနေလို့လား။

"ဘာကြည့်တာလဲ၊ ကျန်းမာရေးပဲ ခွင့်ပေးရမှာပေါ့၊ မနက်ဖြန် ရုံးပြန်တက်မှာပါ"

"ပင်ပန်းပါတယ်ဟာ၊ လုပ်မနေစမ်းပါနဲ့"

"မလုပ်လို့ မရဘူးလေ၊ ကိုကြီးက မိန်းမယူတော့မယ်ဟာ၊ ဟင်း ဟင်း … သွားစရာရှိတာ သွားပါ"

ကိုကြီး ထွက်သွားတော့ စင်စင် သက်ပြင်းချလို့ကျန်ခဲ့သည်။ စင်စင်တို့ မောင်နှမနှစ်ယောက်နဲ့ သူတို့တူဝရီးနှစ်ယောက် တွေ့မှတွေ့တတ်ပလေ။ အင်းလေ … ဘာပဲဖြစ်ဖြစ်မြင့်မြတ်သူဆိုတဲ့သူ ကိုကြီးနဲ့ ချယ့်ကို သဘောတူခြင်း၊ မတူခြင်းက စင်စင်ရဲ့ပါးစပ်ထဲမှာပဲ ရှိနေသည် မဟုတ်လား။

ကံတရားက စင်စင်တို့ဘက်မှာ အပြည့်အဝကိုရှိနေသည်လေ။ သူ စုံစမ်းနိုင်းတဲ့လူက စင်စင် ဖြစ်နေခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



လတ်တလောလေး လင်းလုလင်နဲ့ ခင်သန့်စင်က မောင်နှမအရင်းအချာ ဖြစ်နေတာ သူ မသိဖို့ပဲ အရေးကြီးသည်။

သိတဲ့နေ့တော့ ရုံးကနေ ကုန်အထုတ်စံရမှာ အသေအချာ။ နောက်ခါလာ နောက်ဈေးပေါ့။ လောလောဆယ် အဆင်ပြေဖို့ကသာ အဓိကမဟုတ်လား။ စင်စင့်မျက်ဝန်းထဲ ကိန်းကြီးခန်းကြီး နိုင်လွန်းတဲ့ သူ့ရုပ်သွင် ပြေးဝင်လာသည်။ အမြင်ကတ်စရာကောင်းပေမင့် အမြင်မကတ်နိုင်တာက ခက်နေသည်။ တစ်နေ့တစ်ခါ သူ့မျက်နှာ မြင်နေရရုံနဲ့ ရင်ထဲဝေဒနာကို စင်စင် ဖြေသိမ့်ခဲ့ပါသည်။ စင်စင့်အတွက်တော့ လမ်းမရှိပေမင့် လမ်းပေါ်ရောက်နေတဲ့ ကိုကြီးအတွက်တော့ တတ်နိုင်သမျှ ကြိုးစားပေးရမည်လေ။

✣ ✧ ✣





## ၁၇

မည်းခဲနေသော ဆံပင်တို့ကို ကြက်ဆံမြီးတစ်ချောင်းတည်းကျစ်ပြီး ရှေ့ဆံပင်တွေက သူမရဲ့က,ကြီးပုံနဖူးမှာ ဟိုတစ်စ, ဒီတစ်စကျလို့ အမြင်လှလို့ နေပါသည်။ ပန်းနုရောင် သူမနှုတ်ခမ်းတွေက စိုလက်အိထွေးနေသည်။ သူမဆီ အတန်ကြာရောက်နေတဲ့ သူ့အကြည့်တို့ကို ဂရုဖြေနဲ့ သူ ထိန်းချုပ်ပစ်လိုက်သည်။

"ပြောပါဦး ... မင်း သိလာခဲ့တာလေးတွေ"

"သေသေချာချာကို စုံစမ်းခဲ့တာပါ ဆရာ"

"အင်း ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



"သူ သဘော်အရာရှိဆိုတာ အမှန်အကန်ပါ၊ သူ့မှာညီမ တစ်ယောက်ပဲရှိတယ်၊ ကာရိုက်တာပိုင်းအနေနဲ့ ပြောရရင် ဘာပြစ်ချက် တစ်စုံတစ်ရာမှ မရှိဘူး၊ လူမှုရေးမှာအရမ်း ကောင်းပြီး စိတ်ထားလည်း ဖြူစင်တယ်၊ အခု သဘော်က ခဏနားနေတာ၊ သူ့ကိုလိုချင်လို့ သည်းသည်းလှုပ်နေတဲ့ မိန်းမတွေ အများကြီးပေမယ့် သူက ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးတဲ့"

မြင့်မြတ်သူ နှုတ်ခမ်းက ဒီနေရာအရောက်မှာ မဲ့ခနဲ တစ်ချက် ဖြစ်သွားသည်။

"ဟ ... ဒါတော့ ပြောလို့ရမလားကွ၊ သဘော်နဲ့ကမ္ဘာပတ်နေတာ၊ ဘယ်သူမြင်နိုင်မှာမို့လို့"

"အဲဒါတော့ ကျွန်မလည်း မသိဘူးလေ ဆရာ"

"ဒါပဲလား"

"ရှင် ... ဘာထပ်သိချင်သေးလို့လဲ မသိဘူး"

သူကတော့ ဒီလောက်ကလေးနဲ့ မတင်းတိမ်နိုင်ပါ။ ဒီကောင်မလေး တကယ်ရော စုံစမ်းတာ ဟုတ်ရဲ့လား။ မစုံစမ်း





ဘဲနဲ့ ပြီးပြီးရော သဘောမျိုးနဲ့ ပါးစပ်ထဲတွေ့ကရာ ပြောလို့လည်း ရနေတာပဲ။

သူ့အတွက်တော့ တကယ်ကို အရေးကြီးနေတာ။

"ဒါနဲ့ သူ့ညီမနာမည်က ဘယ်သူတဲ့လဲ၊ ဘယ်အရွယ်ရှိနေပြီလဲ၊ မိဘတွေကရော ဘာအလုပ်လုပ်ကြလဲ၊ သူ့မိဘ အခြေအနေကရော ဘယ်လိုအနေအထားမျိုးလဲ"

"ရှင်"

ဟုတ်တယ်၊ တစ်လခပေးရတာနဲ့တန်အောင် စစ်စစ်ပေါက်ပေါက် မေးထားမှ။

သူမေးသမျှ အားလုံး ခရေစေ့တွင်းကျ ပြောပြလို့ရခြားလည်း စင်စင့်မှာ ပြောပြလို့မှ မဖြစ်တာလေနော။

"မိဘတွေကတော့ မရှိကြတော့ဘူးတဲ့ ဆရာ၊ အဒေါ်အပျိုကြီးနဲ့ အတူနေကြတာ၊ ကျွန်မတို့ အဖြစ်အပျက်နဲ့တူနေလို့ အံ့ဩမိတယ်"

သူ သံသယဖြစ်မည်စိုး၍ စင်စင့်မှာ ဟဖော့ထား ထားလေး ပြောလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... မေးပါဦးမယ်၊ မင်းအစ်ကိုက ဘာအလုပ် လုပ်လဲ"

ရုတ်တရက်ကြီး ထ,မေးလိုက်တဲ့ သူ့မေးခွန်းကြောင့် စင်စင် ကြံရာမရ ဖြစ်သွားသည်။ စင်စင့်ကို အကဲခတ်ကြည့်နေတဲ့ သူ့မျက်ဝန်းတွေရဲ့အောက်မှာ စင်စင် ဟန်မပျက်အောင် မနည်းထိန်းလိုက်ရင်း ...

"ကိုကြီးက ဆောက်လုပ်ရေးအင်ဂျင်နီယာ တစ်ယောက်ပါ၊ ကန်ထရိုက်ယူပြီး တိုက်တွေဆောက်ပါတယ်"

"ဩော် ... ဩော် ... ဒါကြောင့် ထင့်ပါရဲ့၊ ခင်သန့်စင်ကို အလုပ်လုပ်စရာ မလိုအောင် ရှာပေးထားတယ်ပြောတာ"

"ဟုတ် ... ကျွန်မကိုက အလုပ် လုပ်ချင်တာပါ၊ ဆရာ ဘာသိချင်သေးလဲ မသိဘူး"

ဒီမိန်းမကတော့ တစ်လခစာ လိုချင်လို့ အထာတွေ ပေးနေပြီ။ သူကလည်း ဒီမဖြစ်စလောက် information အတွက် ပေးရမှာ နှမြောနေမိသည်။





တကယ်ဆို သူ တွေးထင်ထားတာက ဒီကောင့်ရဲ့ အမွေဇာတ်ထုပ်တွေ၊ ဟိုဟိုဒီဒီ ဇယားတွေ၊ မိသားစုပြဿနာတွေ။ ဒါတွေကိုယူပြီး မာမီ့ရှေ့မှာ အဘိုးအဘွားရှေ့မှာ ချပြလိုက်ရင် တီချယ်နဲ့ လင်းလုလင် ဆိုတဲ့ကောင်ရဲ့ဇာတ်လမ်း ပြတ်ပြီလေ။

"ရော့ ... မင်းရဲ့ကြိုးပမ်းမှုအတွက်"

မတတ်သာတဲ့အဆုံးမှာ သူက အံဆွဲထဲက ပိုက်ဆံ တစ်သိန်းကိုထုတ်ပြီး ခင်သန့်စင်ကို ပေးလိုက်သည်။

"မယူပါဘူး ဆရာ"

"ဟာ ... ဘာလို့မယူရမှာလဲ၊ ယူပါ"

"မယူပါရစေနဲ့"

"ယူပါ"

သူက ပိုက်ဆံကို အတင်းထိုးပေးတော့ သူမက ခေါင်းတခါခါနှင့် ငြင်းဆန်နေသည်။ မတော်ပေါ်သွားရင် ပြောစရာကြီး ဖြစ်နေမှာမို့ စင်စင် ယူဖို့ လုံးဝကို အစီအစဉ်မရှိပါ။ ဖြစ်ချင်ရာဖြစ် သဘောမျိုးထား၍ စင်စင် ဆတ်ခနဲထပြီး သူ့အခန်းထဲက မပြေးရုံတမယ် ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ခင်သန့်စင်"

သူက နောက်မှအော်ခေါ်သော်လည်း စင်စင် လှည့်မကြည့်။ သို့သော်လည်း နောက်မှ ခြေသံတဖတ်ဖတ်ကို ကြားရပြီး အခန်းပြင်ရောက်တော့ စင်စင် သွားမယ့်လမ်းကြောင်းပေါ်မှာ သူက ပိတ်ရပ်ရင်း ...

"ယူဆို ယူလိုက်၊ ငါ မင်းရဲ့အလုပ်ရှင်အနေနဲ့ အမိန့်ပေးတာ ... ရော့"

သူက ဆိုးဆိုးဆတ်ဆတ်နှင့် စင်စင့်လက်ကိုဆွဲပြီး လက်ထဲ ပိုက်ဆံထည့်ပေးတာမို့ စင်စင် ရင်တွေဖိုသွားပါသည်။

ရုံးကလူတွေ အကြည့်တွေကလည်း စင်စင်တို့ဆီမှာပဲ စုပြုံလို့။

"ဆရာ ... ဆရာ ... မသင့်တော်ပါဘူး၊ စင်စင့်လက်ကို မဆွဲပါနဲ့"

"အောင်မာ ... မင်းလက်ကို ကိုင်ချင်လို့ ကိုင်တယ်များမှတ်လို့"





သူက မျက်နှာရဲရဲနှင့် ဒေါသဘီဝယာကို တစ်ချက်ဝေ့ကြည့်ပြီး စင်စင့်လက်ကို လွှတ်ချသည်။ ပြီးတော့ ဒရောသောပါးနှင့် စင်စင့်ရှေ့က ထွက်သွားတော့သည်။ စင်စင်ကလည်း ရှက်တက်တက်ရယ်နှင့် ခေါင်းငုံ့ရင်း လက်ထဲက ပိုက်ဆံကို ကျစ်ကျစ်ပါအောင်ဆုပ်လို့ အလုပ်ခန်းဘက် ထွက်လာခဲ့သည်။

စိတ်လောကြီးပြီး လူရှေ့သူရှေ့ အမှားကြီးလုပ်ခဲ့မိတဲ့အတွက် မြင့်မြင့်သူ တစ်ယောက် ကိုယ့်ကိုယ်ကိုယ် စိတ်အပျက်ကြီး ပျက်သွားမိသည်။ သွားပြီ။ ဒီအမှုက ရှင်းလို့ကိုနိုင်မှာမဟုတ်။

ရုံးခန်းထဲ ပြန်ဝင်တော့ ပြုံးဖြီးဖြီးမျက်နှာနဲ့ ဆီးကြိုနေတဲ့ နေမျိုးကို တွေ့လိုက်ရသည်။

"ဟော့ကောင် ... ငါ ဒီနေ့ နည်းနည်းနောက်ကျသွားလို့ ပွဲကြီးပွဲကောင်းနဲ့ လွတ်တော့မလို့ဘဲ၊ တော်သေးလို့ ဇာတ်သိမ်းခန်းလေး ကြည့်လိုက်ရတာ"

"သွားစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါကွာ လုပ်မနေနဲ့၊ ဘယ်ဆိုလဲ၊ သူပေးတဲ့ information"

"ဒီအဲက ထိုင်ရှိုးချင်ဖောက်အောင် ခြောက်ပစ်ကင်း သဲလည်းစင်နေတယ်ကွ"

"ဟား ဟား ဟား"

"ရယ်မနေနဲ့ ... ငါ စိတ်တိုနေတာ"

"ဘာကိုစိတ်တိုနေတာလဲ မင်းက၊ ကျိုင်းရှာလို့ မရလို့လား"

"အဲဒါကလည်း တစ်ကြောင်းပေါ့၊ ခုနက ခင်သန့်စင်ကို ပိုက်ဆံလိုက်ပေးတာ ရုံးကလူတွေ ဘယ်လိုထင်သွားကြပြန်ပြီလဲ မသိဘူး"

"ဟော့ကောင် ... ကျိုင်းရှာရချင် ရှာလို့ရတဲ့နည်းလမ်းတွေက အများကြီး၊ ဒါပေမဲ့ မင်း သူ့ကို ခြောက်ပစ်ကင်း သဲလဲစင်တဲ့ဘဲမျိုး တီချယ့်ကို အစားပြန်ပေးနိုင်မလားပြော ဟဲ ဟဲ"

"ကျစ် ... အရှုးမို့လို့ ခြောက်ပစ်ကင်း သဲလဲစင်တဲ့ ယောကျ်ားဆိုတာကို ယုံပေးရမှာလား"





"ခင်သန့်စင်နဲ့ မင်းကတော့ ရေစက်ရှိတာ အသေအချာပဲ... ဟင်း ဟင်း"

"တော်ပြီကွာ ... ဘာမှတိုင်ပင်ဖော်မရဘဲ ကပ်ပြီးမဲ ငါ့ကို အရွှန်းနဲ့ မ,နေတဲ့ကောင်"

နေမျိုးကတော့ နာဟန်မပြဘဲ အရယ်မပျက်သာရှိနေသည်။ ခင်သန့်စင်နဲ့ မပတ်သက်ချင်ရင် စ,ကတည်းက ဒီကိစ္စ မစုံစမ်းခိုင်းပါနဲ့လား။ သူငယ်ချင်း အချင်းချင်းတောင် သတင်းအမှောင်ဖုံးချင်တဲ့ ဒီကောင် ဘယ်တော့များမှ မတွေးနိုင် မအန်နိုင်တွေဖြစ်ပြီး ဖွင့်ပြောမလဲတော့ မသိ။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ဒါ ချယ်ရဲ့ first experience မဟုတ်ပါသော်လည်း အချစ်နဲ့ မဆုံဖြစ်တော့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီမို့ အခုလို အချစ်နဲ့တစ်ဖန် ချက်နှာချင်းဆိုင်တိုးသည့်အခါ အပျိုဖြန်း မလေးတစ်ယောက်ရဲ့ ရင်ခုန်သံတွေလိုပဲ အသစ်ဖြစ် လတ်ဆတ် လို့နေသည်။

ကော်ဖီသောက်ရင်း ကြည့်လာတဲ့ သူ့မျက်ဝန်းတွေမှာ အချစ်ရိပ်တွေက ဖျပ်ဖျပ်ခါနေ၏။ ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းလဲ့ပြာပြာ ဆိုတာ အခု ချယ် မြင်နေရတဲ့ သူ့မျက်ဝန်းတွေကိုများ ရည်ညွှန်းဖွဲ့ဆိုထားလေရောသလား။





"ချယ်"

"ဟင်"

"ချယ့်ကို အရမ်းချစ်တယ်"

သူ့ရဲ့အသံချိုချိုလေးမှာ ညို့ငင်မှုတွေကအပြည့်။ ဒီစကားသံအကြားမှာ ချယ့်ရင်တွေကလည်း အတိုင်းအဆမရှိ ခုန်လို့ပေါ့။

"ဘယ်လိုယုံကြည်ပေးရမလဲ"

"ချယ့်နှလုံးသားနဲ့ ကျွန်တော့် နှလုံးသားကို ကြည့်ကြည့်လေ၊ ပြီးတော့ ဟုတ်မဟုတ် သူ့ကိုပြန်မေးကြည့်ပေါ့"

"လည်တယ်နော်"

"အရိုးသားဆုံး ပြောတာပါ ချယ်၊ ဟန်ဆောင်မှုသားဖြစ်ခဲ့လို့ရှိရင် ကျွန်တော် သွားလေရာ ဘေးတွေ့ပါစေ"

"အို ... အို ... မပြောကောင်း မဆိုကောင်း လုလင်ရယ်၊ မပြောပါနဲ့၊ ကိုယ်က အမြဲခရီးသွားနေရတာ"

"ချယ် စိတ်ပူတယ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့်တွေနဲ့ ရင်မဆိုင်ရဲတာမို့ ချယ် မျက်လွှာကို အသာချထားလိုက်ရပါသည်။ အခုလောက်ဆို သူလည်း ချယ့်ဆီက သေချာတဲ့အဖြေကို မရသေးပေမယ့် ချယ့်နှလုံးသားကိုတော့ တီးခေါက်မိပြီး ဖြစ်လိမ့်မည်။

"ချယ်ရယ် ... ညှဉ်းမထားပါနဲ့တော့။ မယုံရင် ကျွန်တော့်အကြောင်း၊ ကျွန်တော့်ပတ်ဝန်းကျင်မှာ စုံစမ်းကြည့်ပါ၊ ကျွန်တော် တကယ် ချယ့်ကို မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ ချယ်ရယ်နော်"

သူက တိတ်ဆိတ်နေတဲ့ ချယ့်ကို မချင့်မရဲဖြစ်ဟန်နှင့် ချယ့်လက်ကလေးတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်လာသည်။

"လုလင်နော်"

"ဟုတ်ကဲ့ ... ကျွန်တော် လုလင်လေ"

"လွှတ်ပါကွယ် ... ချယ် ရှက်တယ်"

ဒီအခန်းမျိုးတွေ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ ကြည့်ရလွန်းလို့ အလွတ်တောင်ရနေပြီ။ ဖော်မြူလာလို ဖြစ်နေတာမို့ သူလည်း ထုံးစံအတိုင်း လက်ကိုမလွှတ်ပေးဘဲ ချစ်အဖြေကို ဇွတ်တောင်းရမည်ပေါ့။

"မလွှတ်ဘူး ... ချစ်တယ်ပြောမှ လွှတ်မယ်"

ထိုအချိန်တွင် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကအတိုင်းပဲ သာသနာ့ဖျက်တစ်ကောင် ရောက်ရှိလို့လာသည်။ ကြားနေကျ "ကောင်မလေးကိုလွှတ်လိုက်"လို့တော့ မဟုတ်။

"ချယ် ... ဒီမှာ ဘာလုပ်နေတာလဲ"

"ဟင်"

"ဟာ"

လင်းလုလင်က မြင့်မြတ်သူကိုအတွေ့ ကိုင်ထားတဲ့ ချယ့်လက်ကို လွှတ်ပေးမိလိုက်သည်။ မြင့်မြတ်သူကတော့ သူ့ကို စားမတတ်၊ ဝါးမတတ် အကြည့်မျိုးနှင့် စိုက်ကြည့်လို့နေသည်။

"ချယ့်ကားကို တွေ့တာနဲ့ ဝင်လာတာ၊ ထင်တဲ့အတိုင်းပဲ"

"သူသူ ... please ... တီချယ့်ကို လူရှေ့သူရှေ့ အရှက်မခွဲပါနဲ့"




စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချယ်က ဒီလိုပြောမှ သူသူက ချယ့်ဘေးနားက နေရာလွတ်မှာ ဝင်ထိုင်သည်။ အခု ချယ့်ရင်ထဲမှာ ရှက်စိတ်ရော၊ ဒေါသရော၊ ခံပြင်စိတ်ရော ပလုံစီနေသည်။ လုလင်ရှေ့မှာ သူသူ လုပ်တဲ့အချိုးက ဟုတ်မှမဟုတ်ခဲ့တာ။

"ခင်ဗျားကို မြင်ဖူးသလိုပဲ"

စေ့စေ့ကြည့်ရင်း မေးလာတဲ့ မြင့်မြတ်သူ မေးခွန်းကြောင့် လင်းလုလင် စိတ်ညစ်သွားမိသည်။

"ဟင် ... ခင်ဗျား ... ခင်ဗျား ... တလောက အောဂျင်စီကိုလာခဲ့တဲ့ ခင်သန့်စင်ရဲ့အစ်ကို မဟုတ်လား"

"ဟုတ်ပါတယ်"

"တောက် ... စကောလောက်မှ ဓောက်မနက်၊ တော်တော်အကြံပက်စက်တဲ့မိန်းမ"

"ဗျာ ... ကျွန်တော် မိန်းမ,မဟုတ်ပါဘူး၊ ယောကျ်ားပါ"

"ကျစ် ... ခင်ဗျား ယောကျ်ားမှန်း သိတာပေါ့ဗျာ၊ ယောကျ်ားမို့လို့ ကျွန်တော့်အခေါ်နဲ့ ချိန်းတွေ့နေတာပေါ့"





"သူသူ ... ပြန်ကြရအောင် ... လာ"

အခြေအနေက လုံးဝမဟန်တာမို့ ဒီထက်ပိုပြီး အရှက်မကွဲခင်ပြန်ဖို့ ချယ် စိတ်ကူးမိပြီး သူသူ့လက်မောင်းကို အတင်းဆွဲခေါ်လိုက်သည်။

"တို့ သွားပြီ လုလင်၊ နောက်မှ တွေ့မယ်"

"စိတ်အေးအေးထားပါ ချယ်၊ အချစ်မှန်ရင် ဆုံစည်းရမှာပါ"

"တောက်"

သူ့ကို မခန့်လေးစား ပုံမျိုးနှင့် ပြောလာတဲ့ လင်းလုလင် စကားကြောင့် မြင့်မြတ်သူ တက်တစ်ချက်ခေါက်လိုက်သည်။

"လာစမ်းပါ သူသူ"

သူတို့တွဲဝရီးနှစ်ယောက် ထွက်သွားတော့ လင်းလုလင် တစ်ယောက်တည်း ချယ့်လက်ကို ကိုင်ခဲ့သည့် သူ့လက်ကို ခပ်ဖွဖွမွှေးကြူလို့ ကျန်ခဲ့သည်။ ဒီ့ထက် ဆယ့်ငါးမိနစ် မိနစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်လောက်သာ ဒီကောင် နောက်ကျမှလာကြည့်သူ့ အခုလို အခြေအနေမျိုးမှာ မှုမည်တောင်မဟုတ်။ အခုတော့ စားခါနီး ထမင်းလုတ် ပုတ်ချခံရသလိုလို၊ ရုပ်ရှင်ကောင်းခန်းရောက်မှ မီး ပျက်သွားသလိုလို ခံစားမှုကြီး ရင်မှာပိုက်ထားမိပြီး ဒီည အိပ်လို့ တောင် ပျော်မည်မဟုတ်ပါ။

✣ ✧ ✣





## ၁၉

"နင် တော်တော်တရားလွန်သွားပြီ သူသူ၊ ကလေးလည်း မဟုတ်ဘူး၊ လုပ်ငန်းတစ်ခုလုံး ဦးစီးလုပ်ကိုင်နေတဲ့သူ၊ လူမှုရေးကို နင် နားမလည်ဘူးလားဟင်၊ ပြီးတော့ ငါက လည်း ဆယ့်ကိုး နှစ်ဆယ်အရွယ် မဟုတ်ဘူး"

ပခုံးမှာလွယ်ထားတဲ့ စလင်းဘက်ကို ဆိုဖာဆက်တီ ပေါ် ပစ်တင်ရင်း အနောက်ကလိုက်လာတဲ့ သူသူ့ကို ချယ် ပြဿနာစ,ရှာလိုက်သည်။ သူ့လုပ်ရပ်က ချယ့်ကို အရှက်ရစေ သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"sorry ပဲ တီချယ်၊ ရုတ်တရက်ကြီး တွေ့လိုက်ဘာဆိုတော့ ကျွန်တော် မမြင်ချင်ယောင် မဆောင်နိုင်ခဲ့လို့ပါ၊ အနှောင့်အယှက် ဖြစ်သွားရင် sorry ပါ"

သူ့ဘက်ကအလွန် ဖြစ်နေတဲ့အပြင် ချယ့်ဘက်က လိုက်ကြမယ့် ရှေ့နေတွေ အိမ်မှာများနေတာမို့ သူ အထိနာမှာ သေချာနေ၍ စကားနည်းရန်စဲ လုပ်ပစ်ဖို့ သူ ကားပေါ်မှာတည်းက စဉ်းစားလာခဲ့ပါသည်။

"နေစမ်းပါဦး … နင်က တောက်တွေ ဘာတွေ ခေါက်ရအောင် သူ့မှာ ဘာအပြစ်တွေများ ရှိနေလို့လဲ၊ နင်နဲ့ဘယ်တုန်းကများ ရန်ငြိုးရန်စ ရှိနေလို့လဲ"

"တီချယ်တို့က တကယ်ကြိုက်နေကြပြီလား"

"ဟုတ်တယ် … ကြိုက်နေကြပြီ"

"သူ့အကြောင်း ဘယ်လောက်သိလို့လဲ တီချယ်။ ဒီကောင်က သဘောကောင်းတဲ့သူ ဆိုတာ တီချယ် သိတဲ့အတိုင်းပဲ"





"အဲဒါ နင့်အပူမပါဘူး၊ နောက် … ငါ့ကိုယ်ရေးကိုယ်တာထဲ ဝင်မစွက်ဖက်နဲ့၊ ငါ့ထဲမှာ ဝင်စွက်ဖက်ရင် နင့်တို့ထဲလည်း ငါ ဝင်ပါရလိမ့်မယ်"

တီချယ့်စကားက ဘာလိုလိုမို့ သူ ပါးစပ်ဟ,မေးမယ်ကြံတုန်း မာမီ့ကိုတွေ့တာမို့ သူ ပါးစပ်ပြန်ပိတ်လိုက်ရသည်။ မာမီက သူနဲ့ တီချယ့်ကို တစ်လှည့်စီကြည့်ရင်း …

"နင်တို့တူအရီးတွေ ဘာတွေဖြစ်နေကြတာလဲ"

"မပြောချင်တော့ပါဘူး မမညို"

ဒီကစလို့ သူ့မကောင်းကြောင်း သောက်လျှောက်ပြောတော့မှာ ကြိုသိနေတာမို့ သူ ခပ်တည်တည်မျက်နှာပေးနဲ့ အခန်းထဲ ဝင်သွားခဲ့သည်။ အခု သူ တနုံ့နုံ့ခံစားနေရတာက ခင်သန့်စင်က သူ့ကို အရူးလုပ်သည့်ကိစ္စ။ ဒီမိန်းမ သူ့ကိုနောက်ကွယ်ကနေ ဘယ်လောက် ဟားတိုက်ရယ်နေလိုက်မလဲ။

သူကိုကလည်း ညံ့တာပါ။ ညီမလုပ်သူမှသွားပြီး အစ်ကို့အကြောင်း စုံစမ်းခိုင်းရတယ်လို့။ ဒါကြောင့် ဒီကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေး ပိုက်ဆံယူဖို့ ငြင်းဆန်တာကိုး။ သူမ လိပ်ပြာမှ သူမ မလုံတာပဲကိုး။

"တွေ့ကြသေးတာပေါ့ ခင်သန့်စင်။ ကုလားမနိုင် ရနိုင်မဲ့တာမျိုး မဟုတ်ပေမယ့် မနက်ဖြန်တော့ မင်း သေပြီသာမှတ်"

သူ့ပါးစပ်က ကြုံးဝါးသံအဆုံးမှာ အခန်းတံခါးခေါက်သံတွေ အဆက်မပြတ် ကြားရသည်။ တစ်ယောက်တည်းရဲ့ခေါက်သံမဟုတ်။ တီချယ် ... မာမီကိုပါ စစ်ကူခေါ်၍ မကြေပွဲနွှဲတာဖြစ်မည်။ မထူးတော့ပြီမို့ သူ ရင်ဆိုင်ဖို့ တံခါးဖွင့်ပေးလိုက်သည်ဆိုရင်ပဲ ညီအစ်မနှစ်ယောက် ဒေါင်းတိမောင်းတိနှင့် သူ့အခန်းထဲ ဝင်လာကြသည်။

"ကဲ ... ဘာပြောမှာလဲ၊ ပြောကြ"

သူ လူမိုက်အထာနဲ့ပြောပြီး မွေ့ရာပေါ် ကိုယ်ကိုပစ်လှဲချလိုက်သည်။ ပြောချင်တာ ပြောကြ။ သူလည်း လုပ်ချင်ရာလုပ်မည်။





"ထစမ်း ... လုလင်"

မာမီက သူ့ဘေးနားမှာ ဇွေ့ခနဲ ဝင်ထိုင်ပြီး သူ့လက်မောင်းကို ဆွဲမ,ပြီး ထနိုင်းသည်။

"ဘယ်လိုဖြစ်ကြတာလဲဗျာ၊ ကောင်းပါပြီ၊ ဒီနေ့ကစ,ပြီး ကျွန်တော် တီချယ်ရဲ့ကိစ္စထဲ ဝင်မပါတော့ပါဘူး၊ တူအရီး သံယောဇဉ်နဲ့ စိတ်ပူမိတာ ကျွန်တော့်အမှားပါ၊ ကိုယ်ဖြစ်ကိုယ်ခံပဲ"

"အောင်မာ ... အခုပြောမှာ နင့်ကိစ္စဟဲ့ ... နင့်ကိစ္စ"

"ကျွန်တော့်ကိစ္စ ဟုတ်လား၊ ကျွန်တော်က ဘာဖြစ်လို့လဲ၊ ကျွန်တော်က ဘာတွေလုပ်နေလို့လဲ"

သူ့အမေးအဆုံးမှာ တီချယ်က ဤသို့ ပြန်လည်မေးခွန်းထုတ်သည်။

"နင်နဲ့ ခင်သန့်စင်ရဲ့အခြေအနေကို ငါတို့ကို အမှန်အတိုင်း ပြောပြပါ သူသူ"

"ဗျာ ... ကျွန်တော်နဲ့ ခင်သန့်စင် ... ကျွန်တော်နဲ့ ခင်သန့်စင် ... ဟုတ်လား ... ဟား ... ဟား ... ပြောင်းပြန်

www.burmeseclassic.com



တွေတော့ ဖြစ်ကုန်ပါပြီ၊ အခုဖြစ်တဲ့ ပြဿနာက တီချယ်နဲ့သူ့အစ်ကို ဟိုကောင် လင်းလုလင်ရဲ့ကိစ္စပဲ"

"ငါ့ကိစ္စကို အသာထားစမ်းပါ၊ အခု အပြင်မှာ ဘာတွေ သတင်းထွက်နေလဲ နင် သိလား"

"ကျွန်တော်က ဘာကိုသိရမှာလဲ"

"နင်နဲ့ ခင်သန့်စင်နဲ့ ဖြစ်နေတဲ့ အကြောင်းပေါ့"

"မဟုတ်တာမျှာ"

သူတို့နှစ်ယောက်စကား အဆာနားထောင်တဲ့ မာမီက ဝင်၍ တစ်စခန်းထ,ပြန်သည်။

"ဘာမဟုတ်တာမျှာလဲ၊ နင် အဲဒီကောင်မလေးကို ပေးဖို့ ဝယ်လာတဲ့ ကျောက်စိမ်းလက်စွပ်ကို အေးအေး ကိုယ်တိုင် မြင်ခဲ့တာ၊ ပြီးတော့ ခင်သန့်စင် ဆိုတဲ့ ကောင်မလေးကို ပေးတယ်ဆိုတာ နိုင်လုံတဲ့ သတင်းရပ်ကွက်က ငါတို့ရပြီးပြီ"

"ဘယ်ကသာမျှာ၊ သူ့လက်စွပ် ကျွန်တော့်ခြင်းထဲ ကျလာလို့ နောက်နေ့ ပြန်ပေးတာ"





"ယုံလိုက်ဦးမယ်"

"အင်းလေ မမညီရယ်၊ ယုံချင်စရာကြီး"

"နေဦး ... မယုံလဲ"

"ကဲ ... ဒါဆို မင်း ဘာလို့ ကောင်မလေးကို ပိုက်ဆံလိုက် ပေးတာလဲ ... ပြော"

တီချယ့်စကားကြောင့် သူ နည်းနည်းတော့ လန့်သွားသည်။ ရုံးမှာ စပိုင်တွေတော့ တော်တော်များများ ရှိနေကြပြီထင်၏။

"ဟာ ... သတင်းပို့တာ မြန်လှချည်လား"

"မေးတာပဲ ဖြေစမ်းပါ"

"သူသူ ... မာမီ့ကို မှန်မှန်ပြောစမ်း၊ မင်း သူများသားသမီးကိုများ ..."

"ကျွတ် ... ကျွန်တော် အဲဒီလိုလူစားမျိုးလားဗျာ၊ အမေး ခံရတာတောင် ရှက်ဖို့ကောင်းနေပြီ"

"ကဲ ... ပြော၊ ဒါဆို ဘယ်လိုကြောင့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ တီချယ့်ကို မျက်ထောင့်နီနှင့် လှမ်းလို့ကြည့်မိသည်။ ဒါ ပညာပြတာ။ သူတို့ဇာတ်လမ်းထဲ ဝင်ပါလို့ တခင်မာမို့ကို တို့ပေးပြီး ပြဿနာလာရှာတာ။

"လင်းလုလင်အကြောင်း သူ့ကို စုံစမ်းခိုင်းတာဗျာ၊ တစ်လစာပေးမယ်ဆိုပြီး"

"နင်က သူ့အစ်ကိုအကြောင်း သူ့ညီမကို စုံစမ်းခိုင်းတယ်၊ ဟုတ်လား"

"မသိလို့ပေါ့ဗျာ"

"ဟား ဟား ဟား ဟား"

"ဟင်း ဟင်း ဟင်း ဟင်း"

တီချယ်နဲ့မာမီ ခွက်ထိုးခွက်လန်ရယ်တော့ သူ့ရင်ထဲမှာ အတော်အခံရ ခက်ပါသည်။ ခင်သန့်စင်ကိုလည်း စိတ်ထဲကနေ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်မိ၏။ သင်းအရှက်ခွဲတာ။

"ဖြစ်မှ ဖြစ်ရလေ သူသူရယ်"

"အေးလေ ... ဟိုကောင်မလေးကတော့ သူ့အစ်ကိုအကြောင်း အကောင်းတွေချည်းပဲ ပြောသွားမှာပေါ့၊ မဟုတ်ဘူးလား"





"ဘယ်ပဲဖြစ်ဖြစ် ကျေးဇူးတင်ပါတယ် သူသူရယ်၊ တီချယ့်ကို ဒီလောက် အလေးထားတဲ့အတွက်"

"ကဲ ... သိရလို့ ကျေနပ်ကြပြီ မဟုတ်လား၊ သွားကြတော့၊ ကျွန်တော် နားချင်ပြီ"

မာမီနဲ့တီချယ် သူ့အခန်းထဲက ထွက်သွားတာနဲ့ သူ တံခါးကို ဆောင့်ပိတ်ပစ်လိုက်ပါသည်။

✤ ✧ ✤

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ်-၅၉၊ ၁၉-လမ်း၊ လသာမြို့နယ်သို့ ရေးသား ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"အဲဒါပဲကွာ ... အဖြစ်ကတော့"

တစ်ယောက်တည်း အဖြေရှာမရသည့်အဆုံး နေမျိုးကိုပဲ သူ ဖွင့်ဟတိုင်ပင်မိသည်။

"ဒါဆို မင်းနဲ့ ခင်သန့်စင်နဲ့က လုံးလုံးအကန့်မရှိဘူးပေါ့"

"မရှိပါဘူးဆိုကွာ၊ ဘာဆို ဘာအကန့်မှကို တကယ်မရှိတာပါ၊ အဲဒါကို ဘယ်ကောင်မက ချွန်တွန်းလုပ်လိုက်တယ် မသိဘူး၊ မနေ့က ငါမှာ မာမီနဲ့ တီချယ့်ရှေ့မှာ ပိုက်ဆံပေးရတဲ့ကိစ္စ သိက္ခာအကျခံပြီး ပြောလိုက်ရတယ်"





ဒီစကားအရောက်မှာ နေမျိုး မျက်နှာ မသိမသာ ပျက်သွားသည်။ ချွန်တွန်းလုပ်နေတာ သူမှန်းသိရင် ဒီကောင် ချက်ချင်းတောင် လည်ပင်းညှစ်သတ်နိုင်သည်လေ။

"ငါအခု ဘာလုပ်ရမလဲ နေမျိုး၊ ခင်သန့်စင်ကို ပျစ်ပျစ်နှစ်နှစ် ပြောဆိုပြီး အလုပ်ထုတ်ပစ်လိုက်ရမလား"

"ငါအခု ဘာလုပ်ရမလဲ နေမျိုး၊ ခင်သန့်စင်ကို ပျစ်ပျစ်နှစ်နှစ် ပြောဆိုပြီး အလုပ်ထုတ်ပစ်လိုက်ရမလား"

"မကောင်းဘူး ဟောကောင်၊ စိတ်ဓာတ်သိမ်ဖျင်းရာကျမှာပေါ့ကွ၊ မင်းက ဒီအေဂျင်စီရဲ့ အကြီးအကဲလေ၊ ပြီးတော့ သူက စုံစမ်းပေးပါရစေပြောတာ မဟုတ်ဘူး၊ မင်းအရင်စ, ကမ်းလှမ်းခဲ့တာ"

"ဒီတော့ ငါ ဘာလုပ်ရမှာလဲ၊ ငါ တကယ်ပေါက်ကွဲချင်ပြီကွာ၊ သူကိုက မရိုးသားတာ၊ စကတည်းက လင်းလုလင်က ကျွန်မအစ်ကိုလို့ပြောလည် ရနေတဲ့ဟာ၊ သူ ငါ့ကို အရှက်ခွဲတာ ... တောက်"



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်မနိုင်ခဲ့မရတွေ ဖြစ်နေတဲ့ မြင့်မြတ်သူကို နေမျိုးက အကောင်းဆုံး အကြံအစည်တစ်ခုပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဟော့ကောင် ... မင်း လင်းလုလင်တို့ မောင်နှမနှစ်ယောက်ကို Lesson ပေးချင်နေတယ် မှလား"

"အေးပေါ့ကွာ ... ဒါ မေးစရာမှ မဟုတ်တာ၊ ညီမကလည်း အချိုးမပြေဘူး၊ အစ်ကိုကလည်း သူ့ဘက်မှာ တီချယ်ရှိနေတာသိတော့ ခံတန်တန်နဲ့"

"ဟုတ်ပြီလေ ... ဒီတော့ ဒီကောင့်ကို ပညာပေးဖို့ မင်း ခင်သန့်စင်ကို ဟန်ဆောင်ပတ်သက်ရလိမ့်မယ်"

"ဘာ ... ဘယ်လိုမျိုးလဲ"

"သူက မင်း တီချယ်ကို ကြိုက်တယ်မှလား၊ ဒီတော့ မင်းကလည်း သူ့ညီမ ခင်သန့်စင်ကို ပြန်ကြိုက်ပေါ့"

"ဘာ ... ဟော့ကောင်၊ မင်း ရူးနေပြီလား၊ ငါလိုကောင်က သူလိုအူကြောင်ကြောင် ကောင်မလေးကို နိုး ... နိုး ... ဟန်ဆောင်ပြီးတောင် မရဘူး၊ ကိုယ့်လူ"





မျက်လုံးပြူး ၊ မျက်ဆန်ပြူးနှင့် လက်တစ်ခါခါ၊ ခေါင်းတစ်ခါခါ ဖြစ်နေတဲ့ မြင့်မြတ်သူကို နားဝင်အောင် ပြောဖို့ နေမျိုးရှေ့ကို ကိုယ်ကိုကိုင်းလိုက်ရင်း ...

"ဒီမှာ ... ငါပြောတာ သေချာနားထောင်စမ်းပါ၊ မင်း ခင်သန့်စင်ကို ကပ်လိုက်ပြီဆိုတာနဲ့ လင်းလုလင်ကလည်း မင်း ဘယ်ခြေလှမ်းဆိုတာ သိလို့ မခံချိမခံသာ ဖြစ်မှာ အမှန်ပဲ၊ မင်းလို မြင့်မြတ်ကြီးကျယ်တဲ့ လူမျိုးက သူ့ညီမကို တကယ်ချစ်တာ မဟုတ်ဘူးဆိုတာ သူ တွက်မိမှာပဲ ဟုတ်တယ်နော်"

"အင်း ... ဒါတော့ ဟုတ်တယ်၊ ဒီကောင်လည်း ခပ်ညံ့ညံ့မှ မဟုတ်တာ"

"ဟုတ်ပြီ ... ခင်သန့်စင်ကသာ မင်းကို ရူးရူးမူးမူးဖြစ်သွားရင် ဒီကောင် ပျားတုပ်ပြီ၊ မင်းက သူ့ကို မကျေနပ်လို့ လက်စားချေမှန်း သိနေ၊ သူ့ညီမကိုလည်း သူ မနိုင်နဲ့ လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … မင်းပြောတော့လည်း ဟုတ်တုတ်တုတ်ပါလား၊ အေး … သူကလည်း ငါ့မကျေနပ်လို့ ငါ့တီချယ်ကို မ,သွားရင် ဘယ်လိုလုပ်မလဲ၊ မင်း တာဝန်ယူမလား"

"အာ … ငါက ဘာလို့ တာဝန်ယူရမှာလဲ၊ မ,သွားတဲ့ လင်းလုလင်ကို တာဝန်ယူခိုင်းပေါ့၊ မကျေနပ်ရင် သူ့ညီမ မင်းပြန်မ,ပေါ့ကွ"

"တော်တော် ဟော့ကောင်၊ မုန့်လုံးစက္ကူကပ်တွေ ဖြစ်ကုန်ပြီ"

သူ သက်ပြင်းမောကြီးတစ်ချက် ချလိုက်မိသည်။ လင်းလုလင်က လူကောင်းတစ်ယောက် ဖြစ်ခဲ့ရင်တောင် သူ့ကို နည်းနည်းမှ ရှိန်ခြင်း၊ ဖိန်ခြင်းမရှိသည့် ဒီကောင့် ဒီနိုင်းကို သူ မနှစ်မြို့မိပါ။

"ဟော့ကောင် … သေချာစဉ်းစားနော်၊ ငါပေးတဲ့အကြံက အကောင်းဆုံးပဲ၊ မင်းရှေ့မှာ မင်းအဒေါ်လက်ကို ဒီကောင် ကိုင်ထားတယ်လို့ မင်းပြောတယ်နော်၊ မင်းလည်း သူ့ညီမ လက် ပြန်ကိုင်ပေါ့ကွ"





"ဟွန်း … မင်းပြောတာ နောက်တောင်ကျနေပြီ၊ ဟိုနေ့ကပဲ ငါ ကိုင်လိုက်တာ မင်းမတွေ့ဘူးလား"

"ဪ … ဟုတ်သား၊ ဒါဆို မင်းကတောင် ပိုသာတာ ပေါ့"

"ဟင်း ဟင်း ဟင်း"

တကယ်တော့ နေမျိုးကလည်း မြင့်မြတ်သူကို အရောက်ပို့နေတာ ဖြစ်သည်။ ဘာဖြစ်ဖြစ် သူ့မျက်လုံးထဲမှာ ခင်သန့်စင်နဲ့ မြင့်မြတ်သူကို လိုက်ဖက်သည်ဟု ထင်သည်။ နှစ် ယောက်လုံး ဖြူဖြူစင်စင်၊ ချောချောမွေ့မွေ့နှင့် အလုံးအထည် အရုပ်အမောင်းကလည်း မတိမ်းမယိမ်း။ ပြီးတော့ မြင့်မြတ်သူ ကို ချစ်တတ်စေချင်တာ။ အတ္တတွေ မာနတွေကိုပဲ ဒီကောင်ရင် ခွင်ထဲ ထည့်အိပ်နေတာ ကြာပြီမဟုတ်လား။

အခန်းထဲ ခပ်မတ်မတ် ကိုယ်နေဟန်နဲ့ ဝင်လာတဲ့ ခင်သန့်စင်ကိုမြင်တော့ နေမျိုးက မြင့်မြတ်သူကို ဖျတ်ခနဲ စိုး ကြည့်လိုက်သည်။ ဒီကောင် ဘာလုပ်မလဲ စောင့်ကြည့်ရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်မလေး"

လျှောက်နေရင်းက slipper ကြိုးသိုင်းအဖြူဝတ်ထားတဲ့ သူ့မခြေထောက် ခွင်သွားပြီး ချော်လဲတော့သည်။ မထင်မှတ်ထားတာမို့ နှစ်ယောက်သား မှင်သက်နေသလိုဖြစ်တုန်းမှာ မြင့်မြတ်သူက နေရာမှထ,ပြီး ခင်သန့်စင်ကို ဆွဲထူပေးသည်။

"မရှိတဲ့ဒေါက်ပေါ်ကနေ ချော်ကျတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဘယ်နား နာသွားသေးလဲ"

"မနာပါဘူး ဆရာ၊ ကျေးဇူးပါ"

ဟုတ်တော့ ဟုတ်နေကြပြီ၊ သေချာပြီ ဒီကောင်သူ ပေးတဲ့အကြံကို ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ပြီ။

"ထိုင်ပါ"

"ဆရာ ခေါ်ခိုင်းတယ်ဆိုလို့ လာတာပါ၊ ဘာကိစ္စများလဲ မသိဘူး"

"အလုပ်လုပ်ရတာ အဆင်ပြေလား"

"ရှင်"





"အလုပ်လုပ်ရတာ အဆင်ပြေလားလို့ မေးတာလေ၊ ဘာအခက်အခဲတွေများရှိလဲ"

"ရှင် ... ဘာမှမရှိပါဘူး ဆရာ၊ အားလုံး ချောချောမွေ့မွေ့ပါ"

"အခက်အခဲရှိရင် ကိုယ့်ကိုပြောပါ၊ အားမနာပါနဲ့"

"လုံးဝ လုံးဝကို မရှိပါဘူး ဆရာ"

"ကောင်းပါပြီ၊ အဲဒါဆို အလုပ်ကို သေချာကြိုးစားပြီးလုပ်ပါလို့ပဲ ပြောချင်ပါတယ်၊ မင်း ပြန်လို့ရပါပြီ"

"ဟုတ်ကဲ့"

စမ်းစင်ကာ ထပြန်ဖို့ လှုပ်တော့မှ သူက စကားထပ်ဆက်သည်။

"ပြီးတော့ တစ်ခု ... မင်းစ,ရောက်တဲ့နေ့တုန်းကလိုပဲ၊ ငါတို့ရုံးခန်းထဲ သန့်ရှင်းရေးလုပ်၊ ပန်းအိုးထိုး၊ ကော်ဖီဖျော်တိုက်နိုင်မလား"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



စင်စင် တကယ်ပဲ နားကြားများ များသွားလေသလား။ သူ့ကိုကြည့်တော့ တစ်ခါမှ မမြင်ဖူးတဲ့ နူးညံ့ခြင်းအရောင်က သူ့မျက်နှာမှာ လာဟပ်နေသည်လေ။

"ဆရာခွင့်ပြုမယ်ဆိုရင် စင့်စင်က အဆင်သင့်ပါ"

"စင်စင် ... ကောင်းသားပဲ၊ ကျွန်မ ဆိုဝါကြီးထက်စာရင်"

နေမျိုးကတော့ တကယ်ကိုပဲ ဒီကောင့်ရဲ့ဟန်ဆောင်မှုကို လက်ဖျားခါမိပါသည်။ ဒီလောက်တော်မယ်လို့ကို မထင်ရ။ ဇာတ်လမ်းတစ်ခုတော့ အစ,ပျိုးပြီ။ ပွဲကြီးပွဲကောင်းတွေ တွေ့ရတော့မှာမို့ သူ့ရင်ထဲ ရီးတိုးရှဲတတောင် ဖြစ်နေမိသည်။

"ဟော့ကောင် ... ငါ ဘယ်လိုနေလဲ"

ခင်သန့်စင် အခန်းထဲက ထွက်သွားတာနှင့် မြင့်မြတ်သူက သူ့ဘက်လှည့်ပြီး မေးခွန်းထုတ်သည်။

"လက်ဖျားခါလောက်အောင်တော်တယ်၊ တကယ် feel ဝင်နေတဲ့ အတိုင်းပဲ"





နေမျိုးချိုးကျူးစကားမှာ သူ့မျက်နှာ ပြုံးယောင်သမ်းသွားသည်။ ဘာမဆိုင် ညာမဆိုင် ခင်သန့်စင်ရဲ့ မျက်လုံးဝိုင်းဝိုင်းလေးကို သူ မြင်ယောင်မိလိုက်သည်။ မဆိုးပါဘူး၊ တွဲမယ်ဆိုလည်း တွဲပျော်ပါတယ်လေ။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



# ၉ ၂ ၃

သီချင်လေးတအေးအေးနှင့် ရှိနေသော စင်စင့်ကို လင်းလုလင် လိုက်လို့ကြည့်နေမိသည်။ ခပ်ပြုံးပြုံး မျက်နှာလေးလေးက သူ့ကို မေးခွန်းများစွာ ဖြစ်ပေါ်စေ၏။ သူထင်ထားခဲ့တာ ဒီနေ့ စင်စင် ရုံးကပြန်လာရင် မဟုတ်တာ တစ်ခုခု ကြားရမယ်လို့။ အခုတော့ ရွှင်တောက်နေသော မျက်ဝန်းလေးတွေနှင့် တော်တော်လေး အူမြူးနေတဲ့ဟန်။

"စင်စင်"

"ရှင် … ကိုကြီး"





"ဒီနေ့ ရုံးမှာ ဘာတွေများ ထူးခြားဖြစ်စဉ်တွေ ဖြစ်ခဲ့လို့လဲ၊ နင့်ကြည့်ရတာ တော်တော်ပျော်နေပုံပဲ"

"ဪ … ဒါလား၊ ဒီနေ့ မြင့်မြတ်သူက စင်စင့်ကို သူ့ရုံးခန်းထဲ ခေါ်တွေ့တယ်လေ"

"ဟင် … သူ … သူ ဘာတွေပြောလိုက်လဲ"

"အဆင်ပြေလားတဲ့၊ အဆင်မပြေတာရှိရင် သူ့ကိုပြောပါတဲ့၊ ပြီးတော့လေ"

"ပြီးတော့ ဘာဖြစ်လဲ"

"သူ့ရုံးခန်းထဲ သန့်ရှင်းရေးလုပ်ပေးတာ၊ ကော်ဖီဖျော်တိုက်တာတို့ လုပ်ပေးနိုင်မလားတဲ့"

"ဘာ"

"အံမယ်လေး … လန့်လိုက်တာ ကိုကြီးရယ်၊ ဘာလို့ ဒီလောက်ကြီး အော်ရတာလဲ"

"နင်က ရုံးမှာ စာရင်းကိုင်လေ၊ စာရင်းကိုင်က ဒီလိုသေးသေးမွှားမွှား အလုပ်တွေ လုပ်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



စင်စင့်ကို စကားထိန်းထိန်းသိမ်းသိမ်းသာ ပြောနေရသော်လည်း ယောက်ျားချင်းမို့ ဒီကောင်ဘာအကွက်ထင်မှန်း သူ ဒက်ခနဲ သိလိုက်ပါပြီ။

"ဟာ ... ဒါကတော့ သူ အမိန့်ပေးလာတယ်ဆိုတော့လည်း ဟဲ ဟဲ"

"စင်စင် ... ဒီကောင်နဲ့ အရောဝင်ဖို့ လုံးဝမကြိုးစားနဲ့၊ ငါ ဒါပဲပြောမယ်၊ ကြားပါတယ်။ နင် အလုပ်ထွက်လိုက်တော့"

"အိုး ... မထွက်နိုင်ပါဘူး၊ အဲဒီမှာ လုပ်ချင်လွန်းလို့တော်တော်ကြိုးစားထားခဲ့ရတဲ့ဟာ"

"ကျစ်"

ခေါင်းမလေးတစ်ကောင်လို မြူးကြွစွာနဲ့ သူ့ဘေးနားက ထွက်သွားတဲ့ စင်စင့်ကိုကြည့်ပြီး သူ တော်တော်စိတ်ပျက်သွားသည်။ ဘယ်လိုပြောပြောလည်း နားဝင်မယ့်သူမျိုးလည်း မဟုတ်။ နောက်ဆုံးတော့ ဒီကိစ္စ ဆွေးနွေးရအောင် ချယ့်ဆီကို ဖုန်းခေါ်မိသည်။





"ဟယ်လို ... လုလင် ပြော"

"ချယ် ... ခု ဘာလုပ်နေလဲ"

"dinner စားပြီးလို့ ခဏထိုင်နေတာ၊ လုလင် ဘာပြောစရာရှိလို့လဲ"

"ချယ့်ကို သတိရတာကတစ်ကြောင်း၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ ... လုလင်"

"ချယ့်တူ မြင့်မြတ်သူကိစ္စ"

"ဟင်း ဟင်း ... ချယ် ပြောပြီးပြီပဲလေ၊ သူ့ကိုခေါင်းထဲ မထည့်ပါနဲ့၊ သူ အရမ်းချစ်တဲ့ အဒေါ်မို့ သူကိုတဲ့သဘောမျိုးလောက်ပါ၊ ဘာပြဿနာမှ မရှိပါဘူး"

"မဟုတ်ဘူး ချယ်၊ ပြဿနာရှိနေလို့ ပြောရတာပါ၊ ပြဿနာမှ အကြီးကြီး"

တစ်ဖက်က လုလင် စကားကြောင့် ချယ် ရင်တွေ ထိတ်သွားသည်။ သူသူ ဘာတွေများ ပြဿနာရှာပြန်ပြီလဲ မသိ။ ထင်တော့ ထင်ပါသည်။ ဒီကောင် ငြိမ်နေမယ့်ကောင်မျိုးမဟုတ်တာ၊ တစ်ခုခု ကြံစည်မည်ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



"အခု ချယ့်တူက ကျွန်တော့်ညီမကို ချဉ်းကပ်ဖို့ ကြံစည်နေတယ်"

"ဘယ်လို"

"ဒီနေ့ ရုံးခန်းကိုခေါ်ပြီး သူ့ရုံးခန်းကို နေ့တိုင်း သန့်ရှင်းရေးလုပ်ပေးဖို့ ကော်ဖီဖျော်တိုက်ဖို့ ပြောတယ်ဆိုပဲ၊ ပြီးတော့ အဆင်မပြေတာရှိရင် သူ့ကိုပြောပါတဲ့၊ ဒါသွေးရိုးသားရိုး မဟုတ်တာ ကျွန်တော် သိနေတယ်"

"ဘာလို့လဲ၊ လုလင်က ချယ့်တူနဲ့ လုလင်ညီမကို သဘောမတူလို့လား"

"ချယ့်တူက အတည်ဆိုရင်တော့ အကြောင်းလား၊ ခုတော့ သူက ကျွန်တော့်ကို မကျေနပ်လို့ အကြံအဖန် လုပ်ချင်တာ"

"သူသူက အဲလောက်ထိတော့ စိတ်ဓာတ်အောက်တန်းမကျပါဘူး"

"ဒါတော့ ချယ့်တူဘက်က ချယ်ကပြောနေတာပဲ၊ ဒီကိစ္စက အရှင်းကြီးပဲဟာ"





"သူသူ တကယ်စိတ်ဝင်စားတာလည်း ဖြစ်နိုင်တာပဲလေ၊ ဘာလို့ အဲဒီလိုရော လုလင် မတွေးရတာလဲ"

ပြောရင်း ပြောရင်းက နှစ်ယောက်သား လေသံတွေက မသိမသာ မာလိုက်လာတာမို့ ဆက်ပြောနေရင် သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကိုပါ ထိခိုက်လာနိုင်တာမို့ လင်းလုလင် လျှော့ချပစ်လိုက်သည်။

"sorry ချယ်၊ နောက်မှ ဆက်လိုက်မယ်၊ ကျွန်တော် လုပ်စရာလေးတစ်ခု ပေါ်လာလို့"

"Ok ... bye"

သူ တမင် ဆက်မပြောချင်တော့လို့ ဖုန်းချသွားတာ ချယ် သိပါသည်။ ဆက်ပြောနေရင်လည်း ရန်ဖြစ်ကြဖို့သာ ရှိသည် မဟုတ်လား။ သူသူ ... သင်း ဘာတွေ မွှေနေတယ်မသိ။ မမညိုနဲ့ ချယ်တို့နှစ်ယောက် စစ်မေးတုန်းကတော့ အပီအပြင်ကို ငြင်းပြီးတော့ အခုမှ သူ ဓာတ်လမ်းထွင်တယ်ဆိုတာ စဉ်းတော့ စဉ်းစားချင်စရာ။

www.burmeseclassic.com



ဖုန်းကိုချပြီး ချယ် သူသူ့အခန်းဘက် ထွက်လာခဲ့သည်။ အခန်းတံခါးကို သူမ ပိတ်ထားတာမို့ ချယ် သာသာလေး တွန်းဖွင့်ဝင်လာတော့ သူက laptop သုံးနေရင်းက ချယ့်ကိုလှည့်ကြည့်သည်။

"တီချယ် ... ဘာပြောစရာရှိလို့လဲ"

"မေးစရာရှိလို့၊ နင် အမှန်အတိုင်း ဖြေမယ်လို့ ငါယုံကြည်ပါတယ် သူသူ"

"ဘာမို့လို့ ... စကားတွေနဲ့ လာချည်နေတာလဲ"

"တီချယ် ဘာမေးမှာလဲ၊ သူသူ ကြိုသိမယ်လို့ ထင်ပါတယ်"

"ကြိုသိရအောင် ကျွန်တော်က အကြားအမြင်ရနေတာမှ မဟုတ်တာ တီချယ်ရဲ့၊ တီချယ်မေးမှ သိမှာပေါ့"

"အဲဒါဆို ငါမေးမယ် မင်း ခင်သန့်စင်ကို ဘာလို့ရဖို့ ကြိုးစားနေတာလဲ"

"စိတ်ဝင်စားလို့ပေါ့"





"ငါတို့မေးတုန်းကတော့ ခါးခါးသီးသီး ငြင်းပြီးတော့"

"please ... ချယ်တို့ကိစ္စထဲလည်း ကျွန်တော်ဝင်မပါတော့ဘူး၊ ကျွန်တော်တို့ကိစ္စထဲလည်း ချယ် ဝင်မပါပါနဲ့"

သူ့စကားက လက်ခံစရာ အကြောင်းရှိပေမယ့် စိတ်ထဲမှတော့ ဘဝင်သိပ်မကျချင်။ လုလင် သံသယဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါသည်။ သူသူ ဘာဇာတ်လမ်း ထွင်ချင်နေတာလဲ။ ဒီကိစ္စနဲ့ ချယ်နဲ့လုလင်ကို ပြဿနာတက်စေချင်တာလား။ အခုတောင် လုလင်နဲ့ချယ် စကားကတောက်ကဆဖြစ်ရပြီ မဟုတ်လား။ ချယ် သက်ပြင်းမောတစ်ချက် ချလိုက်မိပါသည်။

✣ ✧ ✣



www.burmeseclassic.com

www.burmeseclassic.com



## ၉ ၂ ၃

အလွန်တရာ ကြီးကျယ်မြင့်မြတ်သော သူ့အတွက် စင်စင် သတိထား ဂရုပြုလို့ သူ့စားပွဲပေါ်မှာ ဆံပင်ချည်မကျန်အောင်၊ ထိုးတဲ့ပန်းမှာ ဘောက်ဖတ်မပါအောင်၊ ဖျော်တိုက်တဲ့ ကော်ဖီခွက်မှာ ဘာအစွန်းအထင်းမှ မရှိအောင် အထူးတလည် ကြိုးစားနေပါသည်။

"morning"

"ဟုတ် ... morning ပါ"

အခန်းထဲဝင်လာတာ သူ့ရဲ့နှုတ်ဆက်သံအကြားမှာ စင်စင် ရင်လေးဖိုမိပါသည်။ လတ်ဆတ်သန့်ပြန့်နေတဲ့ သူ့ရဲ့





မျက်နှာနဲ့ ကိုယ်နေဟန်က မနက်ခင်းလေးကို ပို၍တင့်တယ်လှပစေသည်လေ။

"ကော်ဖီဖျော်ခဲ့ရမလား ဆရာ"

"ရပါတယ် ... နေ့လယ်လောက်မှပေါ့၊ အခု အိမ်က ကိုယ်သောက်ခဲ့ပါတယ်၊ စင်စင် ရောက်နေတာ ကြာပြီလား"

ကိုယ် ... စင်စင် ... သူသုံးတဲ့ အသုံးအနှုန်းလေးတွေက နားဝင်ချို နှစ်လိုဖွယ်ကောင်းလေစွ။ အကယ်၍များ လင်းလုလင်နဲ့ ခင်သန့်စင်ဟာ မောင်နှမတွေဆိုတာသာ သူ သိသွားခဲ့မယ်ဆိုရင် ... အတွေးလေးနဲ့ စင်စင် တုန်လှုပ်ချောက်ချားမိသွားသည်။

"စကားမစပ် ... စင်စင့် အိမ်လိပ်စာလေး တစ်ချက်လောက် ပြောပြနိုင်မလား"

"ရှင်"

"လမ်းကြုံရင် ဝင်လည်လို့ ရအောင်လို့ပါ"

"ဟို ... ဟို ... ဟိုလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကိုယ်လာလည်မှာ စင်စင် ကြောက်နေတာလား၊ ဟင်း ဟင်း ... တကယ်တော့ ကိုယ် စင်စင့်အစ်ကို ဆောက်လုပ်ရေးအင်ဂျင်နီယာနဲ့ တိုက်တစ်လုံးဆောက်ဖို့ ဆွေးနွေးချင်လို့ပါ"

"ရှင်"

သူ့ဆီက စကားတွေ ကြားရတော့ စင်စင်ရဲ့ကြည်လင်နေတဲ့ စိတ်အစဉ်ကို တိမ်အမိုက် ဖုံးသွားသလို ခံစားလိုက်ရသည်။

အခု စင်စင် သူ့စကားတွေကို ဘယ်လိုပြန်တုံ့ပြန်ရမလဲ။

"တရှင်ရှင် တရှန်ရှန်နဲ့ ဘာဖြစ်နေတာလဲ၊ အိမ်မလာစေချင်ရင်လည်း မလာပါဘူး။ ဒါပေမဲ့ ကိုယ့်ကို သူ့ဖုန်းနံပါတ်လေးတော့ ပေးပါ၊ ဖုန်းဆက်ပြီးပဲ ကိုယ် သူနဲ့ချိန်းလိုက်ပါမယ်၊ ဒါနဲ့များ သူ့နာမည်က ဘယ်လိုခေါ်လဲ၊ ဟိုတစ်ခေါက် ဒီကိုလာတုန်းက သူ့နာမည်ကို မပြောသွား





ခဲ့ဘူး"

သေရော။ စင်စင် ဘယ်လိုမှ မကြံတတ်၊ မတွေးတတ်၊ မပြောတတ်၊ မပြုတတ်နှင့် ခွေးအ,လှည်းအနင်းခံရသလို အီးအီးအားအားဆိုတဲ့ အသံတွေတောင် မထွက်နိုင်ရှာပါ။

"ဟော့ ... စင်စင်၊ ကိုယ် မေးနေတယ်လေကွာ"

ကြံရာမရတဲ့အဆုံးမှာ စင်စင် ဝန်ခံဖို့ ဆုံးဖြတ်လိုက်ပါသည်။ အခုမသိလည်း နောက်သိရမှာပဲ။ သူနဲ့ စင်စင်နဲ့ကြားထဲမှာ သာယာနေတဲ့ ရာသီဥတု တကယ်တော့ မုန်တိုင်းမလာခင် ခဏတာဖြစ်တည်တဲ့ အခြေအနေမျိုးပေါ့နော်။

"စင်စင် တောင်းပန်ပါတယ် ဆရာ၊ တကယ်တော့လေ..."

"sorry ... စင်စင်၊ ဖုန်းလာနေလို့ နောက်မှပြောတော့၊ လုပ်စရာရှိတာ သွားလုပ်တော့"

ကုပ်ချောင်းချောင်းနဲ့ ထွက်သွားတဲ့ ခင်သန့်စင် နောက်ကျောကိုကြည့်ပြီး မဲ့ပြုံးတစ်ချက်ပြုံးလို့ သူ ဖုန်းကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဟယ်လို လုပ်မနေနဲ့ ယော့ကောင်၊ မင်း တီချယ်နဲ့ လင်းလုလင်ဆိုတဲ့ကောင်လား မသိဘူး၊ တာမွေက moon bakery ထဲ ဝင်သွားတာ တွေ့လိုက်တယ်"

"အဲဒါ ဘာဖြစ်လဲကွာ၊ ထားလိုက်ပါ"

"မင်း တော်တော်အသုံးမကျတဲ့ ကောင်ပဲ၊ အခုချက်ချင်း ခင်သန့်စင်ကိုခေါ်ပြီး moon bukery ကို လိုက်သွားလေ၊ ဟိုကောင် မခံချိမခံသာဖြစ်အောင်လုပ်ဖို့ အကွက်ကောင်းပဲဟာကို၊ မင်း မြန်မြန်သွားလိုက်၊ ငါ ခဏနေ ရုံးကို ရောက်တော့မှာ"

"Ok ... ကွာ၊ ကျေးဇူး"

ဟုတ်တာပေါ့။ ဒီအခြေအနေကို အခွင့်ကောင်းယူပြီး အကျောတင်းတဲ့ လင်းလုလင် ဆိုတဲ့ကောင်ကို ပညာပေးရမည်။ သူ ခပ်သွက်သွက်ပဲ အတက်ချိုကျေ့စ်ကိုဆွဲယူပြီး ခင်သန့်စင်တို့ အလုပ်ခန်းဘက် ထွက်လာခဲ့သည်။





"ခင်သန့်စင်"

"ရှင်"

အခန်းထဲက စင်စင်နဲ့အတူ အလုပ်လုပ်နေတဲ့ ဝန်ထမ်းတွေကလည်း အခန်းပေါက်ဝမှာ မတ်တတ်လာရပ်တဲ့ သူ့ကို စူးစူးစမ်းစမ်းနဲ့ ကြည့်နေကြပါ၏။

"အပြင်ခဏသွားမလို့၊ ကိုယ်နဲ့လိုက်ခဲ့ပါ။

"ဟုတ်"

စင်စင်က ချက်ချင်းဆိုသလို စလင်းဘတ်ကိုယူလွယ်ပြီး သူ့နောက်က လိုက်လာခဲ့သည်။ တီးတိုး တီးတိုးနဲ့ ပြောဆိုနေကြတဲ့ ဝန်ထမ်းတွေကို သူက ဂရုစိုက်ပုံမရ။ သူ ဘာလို့များ စင်စင့်ကို ဒီလောက် အရေးပေးရနေရပါလိမ့်။

"ဘယ်သွားမလို့လဲ ဆရာ"

"ကော်ဖီသွားသောက်မယ်လေ"

"ဆရာပဲ အိမ်က သောက်လာခဲ့တယ်ဆို"

"အခု ကိုယ် မင်းနဲ့စကားအေးဆေးပြောချင်စိတ် ပေါက်လာလို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိးကလူတွေကတော့ ပြောကျန်နေခဲ့တော့မှာပဲ"

"ဟား ဟား ... ဘာပြောမှာလဲ စင်စင်ရဲ့၊ လူဆိုတာ ဒီလိုပဲ။ ထင်ရာ မြင်ရာ ပြောတတ်ကြတာ ထူးဆန်းတာမှ မဟုတ်တာ"

ကားမောင်းနေတဲ့ သူ့ရုပ်က တစ်စုံတစ်ခုကြောင့် စိတ်လှုပ်ရှားနေသလိုမျိုး ခင်ခင့်ကိုများ propose လုပ်မလို့များလား။ အိုး ... ရင်တွေခုန်လိုက်တာ ပြောပြမှာတတ်အောင်ပါပဲ။

"ဟိုလေ"

"အင်း ... ပြော စင်စင်"

"တကယ်တော့လေ ..."

ပြောမယ်လုပ်ပြီးမှ သူ စင်စင့်ကို ကားပေါ်ကကန်ချမှ အခက်လို့ တွေးမိပြီး ပါးစပ်ပိတ်လိုက်ရသည်။

"ပြောစရာရှိတာ ဆိုင်ရောက်မှပဲ ပြောတော့လေ"

"ဟုတ်"

✣ ✧ ✣





ဆိုင်မှန်တံခါးတွန်းဖွင့် ဝင်ဝင်ချင်းမှာပဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အကြည်ဆိုက် ရယ်မောနေကြတဲ့ တီချယ်နဲ့ လင်းလုလင်ကို တွေ့လိုက်ရသည်။

သူ့နောက်က လိုက်ဝင်လာတဲ့ စင်စင်ကလည်း ဒီမြင်ကွင်းကို မြင်မြင်ချင်း ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွား၏။ ပြီးမှ အသိဝင်ပြီး လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်ချိန်မှာပဲ မြင့်မြတ်သူက သူမလက်ကို ပိုင်စိုးပိုင်နင်း ဆွဲခေါ်လေသည်။

"ဘာဖြစ်လို့လဲ စင်စင်"

"ရှင် ... ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ မျက်လုံးပါရင် ရှေ့တည့်တည့်က မြင်ကွင်းကို မြင်ကိုမြင်ရပါမည်။ သူ မတုန်လှုပ်တာ ... ဟင် ... သူ ကိုကြီးနဲ့ စင်စင်နဲ့ ပတ်သက်မှုကို သိနေပြီးပေါ့။ အလန့်တကြား သူ့ကို မော့ကြည့်တော့ သူ့မျက်နှာမှာ လှောင်ရိပ်စွက်နေသည်လေ။ ပြီးတော့ သူ ရွေးချယ်တဲ့စားပွဲက ကိုကြီးတို့နဲ့ ဘေးချင်းကပ်။

အခုထိုင်နေတဲ့ အနေအထားက ကိုကြီးနဲ့ စင်စင်နဲ့ မျက်နှာချင်းဆိုင်ကြီးလေ။ ထ,ထွက်လို့လည်းမရ။ ထိုင်နေလို့လည်း အဆင်မပြေ။ စင်စင် ထိုင်ရမလို ထရမလိုနှင့် ဒုက္ခတွေ အကြီးအကျယ်ကို ရောက်ရတော့သည်။

“ဟော့ ... ငြိမ်ငြိမ် ထိုင်နေစမ်း၊ menu ကိုကြည့်၊ မှာချင်တာမှာ”

“ဘာမှ မမှာချင်ဘူး၊ ဆရာ့ကို ညာထားတာတစ်ခုကိုပဲ အရင်ပြောပြပါရစေ”

“ငါ သိပြီးသားကွ၊ မင်းမှာ အပြစ်ရှိတာ သိတယ်မလား”





“ဟုတ် ... မရည်ရွယ်ပါဘူး၊ အဲဒီပိုက်ဆံ စင်စင် ပြန်ပေးပါ့မယ်”

“မလိုဘူး ... ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနေစမ်း”

“အာ ... ဒါတော့ မဖြစ်နိုင်ဘူးလေ ဆရာ၊ ကိုယ့်အစ်ကိုကို ရှေ့မှာထားပြီး မျက်ခွက်ပြောင်လို့တော့ မဖြစ်နိုင်ဘူး၊ ကွယ်ရာမှာ ဆိုရင်တော့ တစ်မျိုးပေါ့”

ပြုံးပြီးကြည့်နေတဲ့ ကိုကြီးကို တစ်ချက်လှမ်းကြည့်ပြီး စင်စင် ခေါင်းအသာငုံ့ပြီး ပြောလိုက်တာဖြစ်သည်။

“အံမာ ... အေးလေ ... ကောင်းပြီ၊ မင်းစကားနဲ့မင်းပဲ၊ လာ ... နေရာပြောင်းရအောင်”

လင်းလုလင်က နေရာပြောင်းထိုင်တဲ့ လင်းလုလင်နဲ့ စင်စင့်ကိုကြည့်ရင်း မျက်မှောင်ကြုတ်လိုက်သည်။ ဒီကောင် ပေါ်တင်ကြီး စစ်ကြေညာနေပြီ။ သူတို့နှစ်ယောက် ဝင်လာတာ ချယ် မသိသေး။ သူကလည်း မပြောပြဘဲ သူ့ကို စိန်ခေါ်လာတဲ့ မြင့်မြတ်သူကို ပညာပြန်ပြဖို့ စိတ်ကူးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ချယ် ... ကျွန်တော် ရှေ့လကုန်လောက် သင်္ဘောပြန်တက်ရတော့မယ်"

"သြော်"

"သြော် ... မလုပ်နဲ့ဗျာ၊ မသွားခင် ချယ်နဲ့ ကျွန်တော် စေ့စပ်သွားချင်တယ်၊ ကျွန်တော် နောက်တစ်ခေါက် ပြန်လာရင် လက်ထပ်ချင်တယ်၊ ချယ်လည်း မငယ်တော့ဘူး၊ လူကောင်း သူကောင်း ကိုယ့်ကို မြတ်မြတ်နိုးနိုးချစ်တဲ့သူကို တွေ့တုန်းမှာ လက်မနှေးစေချင်ဘူး"

"အံမယ်လေး ... ကိုယ့်ကိုယ်ကိုယ် ကြော်ငြာနေလိုက်တာ၊ မပြောချင်ဘူး"

"ပြောပါဗျာ"

ပါးစပ်ကလည်းပြော လက်ကလည်း ချယ့်ရဲ့လက်ကလေးတစ်ဖက်ကို ဆတ်ခနဲ ကိုင်လိုက်ပါသည်။ ဖျတ်ခနဲ မျက်နှာချင်းဆိုင်စားပွဲမှာ သူတို့ကို ထိုင်ရှုးနေသည့် မြင့်မြတ်သူကို သူ မချိုမချဉ် ပြုံးပြလိုက်သည်။





"စင်စင် ... ကိုယ့်ကို ဒီ sandwich လေး ခွံ့ကျွေးပါလား"

"ဟင် ... ဘာလို့၊ ဆရာက ကလေးမို့လို့လား၊ ကိုကြီးတွေ့သွားလိမ့်မယ်"

"မရှည်စမ်းပါနဲ့ ကျွေးမှာလား၊ မကျွေးဘူးလားပဲ ပြော"

အခုတော့ စင်စင် သိပါပြီ။ သူ ကိုကြီးနဲ့ တီချယ်တွဲနေတာ မခံချင်၍ စင်စင့်ကို အသုံးချပြီး ကိုကြီးမခံရိုးမခံသာဖြစ်အောင် လုပ်နေတယ်ဆိုတာ။ သို့ပေမဲ့ သူ မသိသေးတာက စင်စင် ဒီအလုပ်မှာ အလုပ်လုပ်ခဲ့တာ သူ့ကို စိတ်ဝင်စားနေလို့ဆိုသည့် အကြောင်းပါ။

စင်စင်ကတော့ သူ ကိုကြီးကိုရွဲ့လေ ပိုကြိုက်လေပင်။ အေးလေ ... ကိုကြီးကို ကျောခိုင်းထားတာပဲ မျက်နှာပူစရာမှ မရှိတာ"

"ရော့ ... စား"

စင်စင်ခွံ့ကျွေးတဲ့ sandwich ကို သူကဝါးရင်း ခပ်ထေ့ထေ့ပြုံးလို့ လင်းလုလင်ကို လှမ်းကြည့်သည်။ နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ် စင်စင် ခွဲ့အကျွေး၊ သူက လင်းလုလင်ကို လှမ်းကြည့်ရင်း ပါးစပ်အဟပ် လွဲသွားတာမို့ စင်စင်ကျွေးတဲ့ sandwich က သူ့ နှာခေါင်းပေါက်တွေထဲ ထိုးမိလျက်သား ဖြစ်သွားတော့သည်။

"ဟား ဟား ဟား ဟား"

ဒီဖြစ်အင်ကိုမြင်တော့ လင်းလုလင် မအောင့်နိုင်ဘဲ ရယ်မောမိသည်။ ချယ်က စူးစူးစမ်းစမ်းနှင့် နောက်လှည့်အကြည့် မြင့်မြတ်သူကို တွေ့သွားတော့သည်။ သူမတို့ကို ကျောခိုင်းထိုင် နေတဲ့ ဆံပင်ရှည်ရှည်နဲ့ ကောင်မလေးက ခင်သန့်စင်ပဲပေါ့။

"ချယ်ရေ ... ကျွန်တော် latraine ခဏ သွားလိုက်ဦးမယ် နော်"

latraine "ရဲ့အဝင်အဝမှာတော့ လင်းလုလင်နှင့် မြင့်မြတ်သူတို့ ဆုံကြသည်။ တမင်တကာ ဆုံချင်လို့ကို လင်းလုလင် နောက်ကနေ မြင့်မြတ်သူ လိုက်လာခဲ့တာ မဟုတ်လား။

"ခင်ဗျားကို တွေ့တာနဲ့ အတော်ပဲ၊ ရော့ ... ဒါလေး တီချယ့်ကို ပေးလိုက်ပါ"





မြင့်မြတ်သူက ဘောင်းဘီအိတ်ထဲကနေ handwash (လက်သန့်ဆေးရည်)ဘူးလေးကို ထုတ်ပေးလိုက်ကာ ...

"မသန့်ရှင်းတဲ့ လက်တစ်ခုနဲ့ ထိမိရင် ပိုးမွှားမပြန့်ပွားရ အောင်လို့ ဒီဆေးရည်လေး အမြန်ပွတ်ပေးပါလို့ ပြောပေး ပါ"

"ဩော် ... ခင်ဗျားက တော်တော်သန့်ရှင်းတာ ကြိုက်တယ် ထင်ပါရဲ့ ကိုမြင့်မြတ်သူ၊ ကျွန်တော့်ညီမ ခင်ဗျားကို မုန့် ခွံ့မကျွေးခင်တုန်းကရော ဒါလေးနဲ့ လက်ကိုပွတ်ခိုင်းခဲ့သေး လား။ သူက သိပ်ညစ်ပတ်တာ၊ လက်ဆေးလေ့ဆေးထ ရှိတာမဟုတ်ဘူး၊ သေချာပါတယ်၊ သူ့လက်ထဲက ပိုးမွှား တွေတော့ ခင်ဗျားပါးစပ်ထဲ ဝင်ကုန်ပါပြီ"

"ဟော့လူ ... တော် ... တော်"

မြင့်မြတ်သူက မျက်နှာရဲရဲနှင့် အော်ပြီး latraine ထဲသို့ ဝင်သွားတာမို့ လင်းလုလင် ပြုံးကျန်ခဲ့သည်။ ဒီလူလုပ်ငန်း ကြီးသာ လုပ်နေတာ၊ ကလေးစိတ်တော့ ကုန်သေးပုံမရ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့အခေါ်နဲ့ တွဲနေတဲ့သူ့ကို ဘလိုင်းကြီး အမြင်ကတ်ပြီး ဖဲ့ဖို့ ရွဲ့ဖို့ ကြိုးစားနေသည်ပေါ့။

နှစ်ယောက်သား ဘာမှမဖြစ်သလို ပုံစံမျိုးနှင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ကိုယ့်စားပွဲကိုယ် ပြန်ရောက်လာကြသည်။

"သူသူနဲ့ စကားများခဲ့သေးလား လုလင်"

"မများပါဘူး၊ များရအောင် ကျွန်တော်တို့က ကလေးတွေ မို့လို့လား ချယ်ရဲ့"

"ကလေးတွေထက်တောင် ဆိုးနေကြသလိုပဲ"

"ချယ့်ကို ချစ်မှတော့ ချယ့်တူကိုလည်း သည်းခံရမှာပေါ့၊ မဟုတ်ဘူးလား၊ ကိုယ့်ညီမကိုပဲ ကိုယ်နိုင်အောင်ထိန်းရမယ်"

ချယ်က ဒီစကားကြားတော့ သူ့ကို မျက်စောင်းလေး ဝင့်သည်။

"သူ ဒီလိုနှစ်ယောက်တည်း ဆိုင်ထိုင်ပြီး မုန့်ခွဲ့ကျွေးတယ် ဆိုကတည်းက သူသူ့ကို ကြွေနေတယ်ဆိုတာ အသိအသာကြီးဟာကိုပဲ လုလင်ရယ်"





"ဒါတော့ ချယ့်တူက စည်းရုံးရေးကောင်းလို့ ဖြစ်မှာပေါ့၊ ဒါမှမဟုတ် ကျွန်တော့်ညီမကို အမိန့်ပေးပြီးမှာ အတင်း အကျပ်တွေ ခိုင်းစေနေတာလားတော့ မပြောတတ်ဘူး"

"အသိအသာကြီးပါ လုလင်ရယ် ... ဟင်း ဟင်း ဟင်း"

ချယ့်ရဲ့ခပ်တိုးတိုးရယ်သံထဲမှာ သူ တကယ်မလုံမလဲ ဖြစ်မိပါသည်။ စင်စင့် ခံစားချက်ကို သူလည်း ကောင်းကောင်း ရိပ်မိနေတာပဲ မဟုတ်လား။ အစ်ကို့မျက်နှာက အိုးမဲသုတ်သည့် ညီမ။ အိမ်ရောက်ရင်တော့ တွေ့ကြသေးတာပေါ့။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



၉ ၂၃ ၅

နိုင်ငံခြားကုမ္ပဏီရုံးခွဲမှာ သွားရောက်တာဝန်ထမ်းဆောင်နေတဲ့ ဒက်ဒီတစ်ယောက် မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့အခါ သူတို့အိမ်ဂေဟာက သာယာစိုပြည်ပြီး အသက်ဝင်လာသလိုပင်။ ဒယ်ဒီက အမြဲပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေတတ်တဲ့ သူပေါ့။

သို့ပေမယ့်လည်း တစ်အိမ်လုံးပေါ်မှာတော့ ဩဇာညောင်းပါသည်။ ဘိုးဘိုးဘွားဘွားတောင်မှ ဒက်ဒီက တစ်ခွန်းဆိုတစ်ခွန်း ပွဲပြီးတတ်သည်။





"သား ... မင်းအခြေအနေရော ကောင်းတယ် မှလား"

"ကောင်းပါတယ် ဒယ်ဒီ"

"အေး ... အေး ... ငါ့သားက တော်ပါတယ်၊ အချိန်တို အတွင်းမှာ အောင်မြင်အောင် လုပ်နိုင်စွမ်းရှိတယ်"

ဒီအချိန်လေးမှာပဲ မာမီက ထမင်းစားနေရင်းက ဒယ်ဒီ့ကို တံတောင်နဲ့တွက်ပြီး မျက်စ,ပစ်လိုက်တာ သူ မြင်လိုက်ပါသည်။

"အေး ... မင်းလည်း မငယ်တော့ဘူး၊ ကြင်ဖော်ကြင်ဖက် ရှာရမယ့်အရွယ် ရောက်ပြီ"

"ဟုတ် ... ကျွန်တော် စိတ်မဝင်စားသေးပါဘူး ဒက်ဒီ"

"စိတ်ဝင်စားသည်ဖြစ်စေ၊ မဝင်စားသည်ဖြစ်စေပေါ့ကွာ၊ ဒက်ဒီတို့မှာက ဒီသားလေးတစ်ယောက်တည်း မွေးထားတာ၊ မင်း အိမ်ထောင်မပြုဘူးဆိုရင် ငါတို့မျိုးဆက်က ပြတ်ပြီ၊ ဒါမျိုးတော့ ငါ အဖြစ်မခံနိုင်ဘူး My son"

"ကျွန်တော် အိမ်ထောင်မပြုဘူးလို့ ပြောတာမှ မဟုတ်တာပဲ ဒက်ဒီ၊ စိတ်မဝင်စားသေးဘူးလို့ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... မင်း စိတ်ဝင်စားတဲ့ အချိန်ရောက်တော့မှ သင့်တော်တဲ့သူ ထ,ရှာလို့ ဘယ်လွယ်ပါတော့မလဲ၊ အခုတည်းက ကိုယ်နဲ့သင့်တော်၏ မတော်၏ ကြည့်ကျက်ထားဖို့တော့ ကောင်းတာပေါ့"

"ဟုတ် ... ဒက်ဒီ"

"ဒက်ဒီ သဘောကျထားတဲ့ ကောင်မလေးတစ်ယောက်တော့ ရှိတယ် ငါ့သား၊ ဒက်ဒီ့မိတ်ဆွေတစ်ယောက်ရဲ့သမီးလေးပါ၊ သားထက်တော့ ငယ်လိမ့်မယ်၊ သူလည်း တစ်ဦးတည်းသော သမီးလေးပါပဲ"

"ဟုတ်ကဲ့"

"မနက်ဖြန် သူတို့မိသားစုကို ဒက်ဒီ ထမင်းစားဖိတ်ထားတယ်"

"ဗျာ ... မြန်လှချည်လား၊ ကျွန်တော့်သဘောထားလေးလည်း မေးဦးမှပေါ့ ဒက်ဒီရယ်"

"ဟေ ... ငါ့သူငယ်ချင်းမိသားစုကို ထမင်းဖိတ်ကျွေးတာ မင်း ခွင့်ပြုချက်ကို တောင်းရမှာလား"





"ခွိ ခွိ"

တီချယ်က ထမင်းစားနေရင်းက အသံထွက်ရယ်ပြီး ထမင်းသီးတော့မလို ဖြစ်သွားတာမို့ ဘေးနားမှာချထားတဲ့ ရေချိုင့်ထဲကရေကို ငုံ့ပြီးသောက်နေသည်။

"မဟုတ်ဘူးလေ ဒက်ဒီ၊ ကျွန်တော် ဆိုလိုတာ ..."

"ဆိုလိုတာတွေ ဘာတွေ လုပ်မနေနဲ့၊ မနက်ဖြန် မင်း အလုပ်ပိတ်တယ်မှလား၊ ဘယ်မှထွက်ဖို့ မစဉ်းစားနဲ့"

မချိုမချဉ်အပြုံးနဲ့ သူ့ကိုကြည့်နေကြတဲ့ မာမီနဲ့ တီချယ်ကို သူ ပုပ်သိုးသိုးရုပ်နဲ့ တစ်ချက်ကြည့်လိုက်ပြီး ထမင်းစားပွဲကနေ ထ,ထွက်ခဲ့သည်။

သေချာပါသည်။ မာမီနဲ့ တီချယ် နှစ်ယောက်ပေါင်းပြီး ဒက်ဒီကို ဗိုင်းကြပ်ကြတာဖြစ်မည်။

ဒီအချိန်မှာ သူ သတိရမိလိုက်တာက ခင်သန့်စင်ကို။ သို့ပေမင့် သူ တကယ်မရည်ရွယ်ထားပါဘဲနှင့် ဒက်ဒီ့ရှေ့ အာသွားချော်လို့မရတာ သိထားတာမို့ သူ စိတ်လျှော့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အားလေ ... ဒက်ဒီ့မိတ်ဆွေသမီးလေးကို တစ်ချက်လောက် အကဲခတ်ကြည့်ရဦးမှာပေါ့။ အခြေအနေမကောင်းရင် လူကြီးမိဘတွေဆီ အရောက်မခံဘဲ လူငယ်တွေကြားထဲမှာ ပွဲပြီးအောင်ဖြတ်ရမည်။ အဲဒီအချိန်ကျရင်တော့ ခင်သန့်စင်က အသုံးဝင်ကောင်းဝင်ပါလိမ့်မည်။

အားလေ ... ဘာဖြစ်ဖြစ်ပေါ့။ လူဆိုတာက ပါးစပ်က ပြောစရာမလိုဘဲ မနော မနောချင်း သိတတ်တဲ့ အမျိုးတွေပဲ။ သူ့ရဲ့ရင်ထဲက သဘောထားအမှန်ကို ကောင်မလေး မနောက သိစေဖို့ပဲ သူ မျှော်လင့်မိပါသည်။

ဝရန်တာမှာ dream bed တစ်လုံးချပြီး သူ လှဲပြီး စာဖတ်နေပါသော်လည်း မျက်လုံးတွေကတော့ ခြံတံခါးဝဆီကို မကြာခဏ အကြည့်ရောက်မိပါသည်။ မကြာပါ။ ခြံတံခါးဝရှေ့သို့ Prado အဖြူရောင်တစ်စီး ထိုးဆိုက်လာတာ မြင်လိုက်ရပြီး အိမ်က အိမ်ဖော်မလေးတစ်ယောက် ခြံတံခါးဖွင့်ပေးတာကိုလည်း တွေ့လိုက်ရသည်။





အောက်မှာတော့ မနက်မိုးလင်းကလည်းက ချက်ကြပြုတ်ကြနှင့် အိမ်ဖော်တွေကအစ တော်တော်လေး အလုပ်များနေကြသည်။

သူ့ကို မိန်းမရစေချင်သည့်အထဲတွင် သင်းတို့လည်း ပါဝင်နေခဲ့သည်လေ။

ဒီနေ့ တီရှယ်ကလည်း ဆိုင်မသွား။ ဧည့်သည်တွေပြန်မှ ဆိုင်သွားမည်တဲ့။ သူကိုက စပ်စုချင်နေတာ။ ညီအစ်မနှစ်ယောက်ပေါင်းပြီး သူ့ကို ကျဉ်းထဲကျပ်ထဲရောက်အောင် လုပ်နေကြတာ။

"ကိုသူ ... ဦးက အောက်ကိုဆင်းခဲ့ပါတဲ့"

အိမ်ဖော်မလေးက မျက်နှာရှုံ့နှင့် သူ့ကိုလာပြောသည်။

"အေး ... လာခဲ့မယ်လို့ ပြောလိုက်"

လက်ထဲကစာအုပ်ကိုချရင်း သူ အကြောဆန့်လိုက်သည်။ တစ်အိမ်လုံးက တက်တက်ကြွကြွ ဖြစ်နေသလောက် သူကတော့ အလုပ်သွားရတာလောက်ကို တက်ကြွမှုမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်လှေကားပေါ်က တစ်ထစ်ချင်းဆင်းလာတဲ့သူ့ကို တီချယ်က ပြောင်စပ်စပ် မျက်နှာပေးနှင့် မော့ကြည့်သည်။

"ဩော် ... သား ... လာ လာ"

"ကျွန်တော့်သားလေ ... ကိုခင်မောင်"

မာမီ့နားက ခုံနေရာလွတ်မှာ သူ ဝင်ထိုင်ရင်းက ဒက်ဒီ့သူငယ်ချင်းမိသားစုဆီ မျက်လုံးအရောက် ဧရာမမိန်းမဝဝကြီးကို တွေ့လိုက်တယ်ဆိုရင်ပဲ ပါးစပ်အဟောင်းသားနှင့် မှင်သက်လို့သွားသည်။

"သားကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ခင်ပပထွန်းတဲ့၊ သားထက် ငါးနှစ်လောက်တော့ ငယ်တယ်"

"ဟုတ် ... ကိုကို၊ တွေ့ရတာ အရမ်းဝမ်းသာပါတယ်"

ဖျတ်ခနဲထ,ပြီး သူ့လက်ကို အတင်းဆွဲနှုတ်ဆက်နေတဲ့ သူမရဲ့လက်ဝါးကြီးကြီးထဲမှာ သူ့လက်ကလေးက နစ်မြုပ်လို့သွားသည်။ မကြည့်ပေမင့် တီချယ်နဲ့ မာမီတို့ ကျိတ်ပြုံးနေကြမှာ သူသိသည်။





"ထွင့်လေ ... တီချယ့်ဆိုင်ကိုတော့ ခဏ ခဏ ရောက်ဖြစ်ပါတယ်၊ ကိုကို့ကိုတော့ တစ်ခါမှ မမြင်ဖူးဘူး"

"ဟုတ်ကဲ့ ... အဲ ... အင်း"

ဒီအယ်စတုံကြီးနဲ့များ သူ့ကို သဘောတူရက်သည့် ဒက်ဒီ့ကို ဒီတစ်ခါတော့ သူ ပစ်စလက်ခတ်ကြီးကို စိတ်နာမိပါသည်။

"သမီးလေးကလေ ဒီလိုပဲ တစ်ယောက်တည်း နေရတာဆိုတော့ အဖော်သိပ်မင်တာ၊ သူ ဒီလိုလေး သာမန်ထက် ပိုဝသွားရတာက အန်တီတို့ အချစ်ပိုသွားလို့ပါ၊ အားရှိအောင်လို့ အားဆေးတွေ စွတ်တိုက် အစားတွေနင်းကန်ကျွေးလိုက်လို့ပါ၊ သူ အခု fitness centre မှာ member ဝင်ပြီး အဆီချနေပါတယ်"

"ဟုတ် ... တစ်ပတ်ကို သုံးလေးပေါင်လောက်တောင်ကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ခန္ဓာကိုယ် slim ဖြစ်ဖို့ဆိုရင် ဆယ်နှစ်လောက် မပျက်မကွက် အဆီချမှပဲ ဖြစ်နိုင်မည်။ ဒါတောင် စွတ်ဆက်စားနေရင် ... အင်း ... ဘယ်လို ဘယ်လိုမှ မဖြစ်နိုင်တာကြီးကို ဒက်ဒီ သိရဲ့သားနှင့်။

ကေ့ခ္ခ ဦးခင်မောင်ဆိုသည့် လူကြီးနဲ့ စီးပွားရေးသဘော၊ လုပ်ငန်းသဘောတွေမှာ မလွှန်ဆန်နိုင်တာများ ရှိနေလို့ သူ့ကို ဒီဆင်မကြီးလက်ထဲ ဝ,ကွက်အပ်ချင်တာများလား။

"ဩော် ... မေ့တော့မလို့၊ ကျွန်တော် ဖုန်းချိန်းထားတာ ရှိလို့ ခွင့်ပြုပါဦးနော်၊ အေးဆေးစကားပြောကြပါဦး"

သူ့ကို တဖိတ်ဖိတ် အရောင်တောက်နေသော မျက်ဝန်းတို့နှင့် ကြည့်နေတဲ့ ဒီကောင်မဝဝကြီးရဲ့ရှေ့မှာ ဆက်နေရမှာကို သူ ကျောချမ်းမိပါသည်။

"ဟို ... ဟိုလေ ... ထွင့် ... အိမ်ထဲကို တစ်ချက်လောက် ကြည့်ကြည့်ချင်လို့ ရမလား"





ခင်ပပထွင့် စကားအဆုံးမှာ သူမမယ်တော်ရဲ့လက်တစ်ဖက်က သူမပေါင်ပေါ်သို့မသိမသာလေးရောက်လာပြီး ခပ်နာနာလေး ဖိလိမ်ခြင်းကို ခံလိုက်ရသည်။

"ဩော် ... ဟော် ... ရတာပေါ့ သမီးရဲ့၊ ကိုယ့်အိမ်ကိုယ့်ယာလို သဘောထားပြီး ကြည့်ပါ ... ကြည့်ပါ"

နာကျင်လို့ ရှုံ့မဲ့နေတဲ့ကြားက ခွင့်ပြုချက်ကို ရလိုက်တာမို့ ခင်ပပထွင့် ဆတ်ခနဲ နေရာကထ,ထွက်ပြီး နောက်ကိုတစ်ချက်လေးတောင် လှည့်မကြည့်ခဲ့။

"အဲဒါပဲကြည့် မညီရေ၊ သမီးက တကယ့်ကလေးအတိုင်းပဲ"

ခင်ပပထွင့်ရဲ့အမေဘ အရှက်ပြေလေး ဖာဖာထေးထေးလေး ဝင်ပြောလိုက်ရှာပါသည်။

"ကိုကို"

လှေကားထစ်တွေအတိုင်း သူတက်လာတော့ နောက်ကနေ အမောတကောခေါ်သံကြောင့် သူ အကြီးအကျယ်ကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်လို့သွားသည်။ သူမခန္ဓာကိုယ်ကိုထိန်းပြီး မောမောပန်းပန်းနဲ့ တက်လာတာမို့သူ မကြည်ရုပ်နှင့် ရောက်တဲ့လှေကားထစ်မှာရပ်ပြီး စောင့်နေမိသည်။

"ဘာလဲ"

"အပေါ်ထပ်လေးကို လိုက်ကြည့်ချင်လို့"

"ဟမ် ... မမြင်ဘူးလို့လား၊ နင်က အိမ်မရှိ ယာမရှိ အပေါ်ထပ်မရှိတဲ့ သူမို့လို့လား"

"သြော် ... ကိုကိုကလည်း ကိုယ့်မျက်လုံးနဲ့ကိုယ်ကြည့်တာပဲဟာ"

"ဟူး"

သူ တကယ်ကို စိတ်မောလွန်းလို့ သက်ပြင်းတစ်ချက် ချမိလိုက်သည်။ ဘယ်လိုဟာမျိုးနဲ့ လာတိုးနေသလဲကို မသိပါဘူး။ ရုတ်တရက် အကြံရသွားတာမို့ သူမထက် မြန်မြန်လေး အပေါ်ထပ်ရောက်အောင် တက်လိုက်ရင်း အခန်းထဲကဖုန်းကိုထုတ်လာပြီး ဝရန်တာဘက် ထွက်ခဲ့သည်။





သူ့နောက်ကနေ သူမ ပါလာမှာကို သူ ကြိုသိနေပါသည်။

အခု သူ ခေါ်တာက စင်စင့်ဖုန်းကို။

"စင်စင်လား ... ကိုယ်ပါ၊ အရမ်းသတိရလို့ ဆက်လိုက်တာပါ"

"ရှင်"

"ဒီနေ့တော့ မလာနိုင်ဘူးကွာ၊ sorry ပါ၊ အိမ်မှာ ဧည့်သည်ရောက်နေလို့"

"ရှင် ... ဆရာ ... ဘာတွေပြောနေတာလဲဟင်"

"စင်စင့်ကို အရမ်းချစ်တယ်၊ တကယ်ပြောတာပါ"

"ရှင်"

ဒီ"ရှင်"အဆုံးမှာ စင်စင်တစ်ယောက် ရင်တွေက ဆုန်ပေါက်အောင် လှုပ်ရှားရလွန်းလို့ ဖုန်းနားထောင်ဖို့ ဘယ်လိုမှ မဖြစ်တာမို့ ဖုန်းချလိုက်ရပါသည်။

"ဟယ်လို ... ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သူ မသိမသာ နောက်လှည့်ကြည့်လိုက်တော့ သူ့ကို ခင်ပပထွင့်က အံတင်းတင်းကြိတ်ကြည့်ပြီး လှည့်ထွက်သွားသည်လေ။ သူမရဲ့ခြေသံ တဒုန်းဒုန်းက အသည်းထိတ်စရာ။ RC တိုက်မို့လို့သာပေါ့။ ဖြစ်ကတတ်ဆန်း ဆောက်ထားတဲ့တိုက်ဆိုရင် သူမခြေနင်းတဲ့ဒဏ်ကြောင့် အက်ကွဲကြောင်းလိုက်လောက်သည်။

✣ ✧ ✣





## ၂၄

ဒီနေ့ ရုံးခန်းထဲ ဝင်လိုက်တာနှင့် ချိုအီအီရေမွှေးနံ့လေးကို သူ ရှူရှိုက်မိလိုက်ရသည်။ သူ့စားပွဲပေါ်က ဖန်ပန်းအိုးထဲမှာ နှင်းဆီအနီနဲ့ အဖြူတို့က hormony ကျကျနှင့် လှပဝေဆာနေ၏။

ဒီနေ့ သူ့စိတ်ထင်လို့လား မသိ။ သူ့ရုံးခန်းက အရင်ရက်တွေထက် ပိုပြီးတောက်ပြောင်နေသလိုလိုလေ။ သူ အခန်းထဲ ဝေ့ဝဲကြည့်ပြီး နေရာမှာ ဝင်ထိုင်လိုက်သည်။ ခါတိုင်းနေ့တွေဆို စင်စင်က သူရောက်လာတော့မှ သူမအလုပ်ခန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်သွားတတ်သည်လေ။ ခုတော့ သူမ အရိပ်အယောင်တောင် မှ သူ မမြင်ရ။

မနေ့က ခင်ပပထွဋ်ကို ပညာပေးချင်တာနှင့် သူ့ ပါးစပ်က ထွက်ခဲ့တဲ့စကား သူမအတည်ယူပြီးတော့များ ရက်ရှာ လို့ ပုန်းနေတာလား။ အေးလေ ... ပြီးမှပဲ အဖြစ်မှန်ကိုပြောပြ ပြီး တောင်းပန်လိုက်တော့မည်။

"ဟား ... ဒီနေ့ ငါတို့ရုံးခန်း ပိုသားနားတောက်ပြောင် နေသလိုပဲ၊ ဟော့ကောင် မင်း ရေမွှေးများ ဖွတ်လာသလား"

"ဘယ်ကသာ ငါ့ဏာ ရေမွှေးဆွတ်စရာလား၊ စင်စင်လုပ် သွားတာပဲနေမှာ"

"ဟား ဟား ... ထူးထူးခြားခြားပါလားကွ၊ နှင်းဆီပန်း တွေကလည်း ဝေပြီးလှနေတာပဲ၊ ကောင်ကွာ ..."

သူက စ,ချင်နောက်ချင်နေတဲ့ နေမျိုးကို မနေ့က အဖြစ်အပျက် ပြောပြမယ် လုပ်ပြီးမှ ပါးစပ်ပိတ်လိုက်မိသည်။ ဒီကောင့်ပါးစပ်ထဲ ရောက်သွားလို့ကတော့ ပြီးတော့မှာကိုမဟုတ်။





အခန်းရှေ့က ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး အခန်း ထဲ ချောင်းကြည့်ကြည့်သွားတဲ့ ခင်သန့်စင်ကို နေမျိုး သင်္ကာမ ကင်းစွာနှင့် လိုက်လို့ကြည့်နေမိသည်။

"ဟော့ကောင် ... မြင့်မြတ်သူ၊ ခင်သန့်စင် ငါတို့အခန်း ရှေ့က ဖြတ်သွားတာ သုံးလေးခါလောက် ရှိနေပြီ၊ အခန်း ထဲကိုလည်း ချောင်းချောင်းကြည့်သွားတယ်"

"အဲဒါ ဘာဖြစ်လဲကွ"

"ဘာဖြစ်လဲဆိုဘာ မင်းပဲ သိမှာပေါ့ကွာ၊ ဒါ normal မှ မဟုတ်တဲ့ဟာ"

ဘယ် normal ဖြစ်နိုင်မှာလဲ။ အတည်ထင်ပြီး ရှက်ကိုးရှက်ကန်းတွေ ဖြစ်နေတာလေ။ မယ်မင်းကြီးမလေး ကံ ကောင်းထောက်မလို့ ရုံးခန်းထဲ ဝင်မလာပါစေနဲ့။

သူ ဆုကောင်းလို့မှ မဆုံးခင် စင်စင် အခန်းထဲဝင် လာတာ တွေ့ရတော့ သူ နည်းနည်းတော့ အိုးတိုးအမ်းတမ်း ဖြစ် သွားမိသည်။ မနေ့ကကိစ္စကို နေမျိုးရှေ့မှာ အကျယ်တဝင့်တွေ မပြောချင်။



www.burmeseclassic.com

www.burmeseclassic.com



“ဆရာ ... ရော့ပါ”

နှင်းဆီနီတစ်ပွင့်ကို သူမက ကမ်းပေးတော့ သူက မျက်လုံးအကြောင်သားနှင့် မျက်ခုံးပင့်ပြီး မေးဆတ်လို့ နားမလည်နိုင်ဟန်တခွဲသားနှင့်။ အခုခေတ် တစ်တန်း၊ နှစ်တန်းကျောင်းသားတောင် နှင်းဆီနီတစ်ပွင့်ရဲ့ အဓိပ္ပာယ်ကို သိနေတဲ့ဟာကို။

“ဘာလဲ ... လူကြီးကို ခိုင်းစရာလား၊ မင်းဘာသာမင်း ပန်းအိုးထဲ လာထိုးပါလား”

သူ့ရဲ့အမြီးအမောက်မတည့်တဲ့စကား ကြားတော့ စင်စင် စိတ်တိုသွားသည်။ ချစ်တယ်လို့ ပြောတုန်းကပြောပြီး အခု သူ့သူငယ်ချင်းရှေ့မှာ ဟန်ဆောင်တာတော့ ဘယ်ကောင်းပါ့မလဲ။

“ဆရာ့ကိုပေးတာလေ၊ ပန်းအိုးမှာပဲထိုးထိုး သိမ်းပဲသိမ်းထားထား ဆရာ့သဘောပါ၊ စင်စင့်ဘက်ကတော့ ဆရာ့ကို နှင်းဆီပန်းအနီတစ်ပွင့် ပေးလိုက်ပါပြီ”





ပြောပြီး ချာခနဲ လှည့်ထွက်သွားတဲ့ စင်စင့်နောက်ကျောကိုကြည့်ပြီး သက်မ,ချကျန်ခဲ့သူက မြင့်မြတ်သူ ဖြစ်သည်။

အခုတော့ သိပြီ၊ သူမ ဘာအဓိပ္ပာယ်နဲ့ ပေးသွားတယ်ဆိုတာ။ ဒါ သူ့ကို အဖြေပေးသွားတာပဲ။ ဘာလို့ နှစ်ဆယ့်လေးနာရီကြီးများတောင် စဉ်းစားခဲ့တာလဲ။ ချက်ချင်း အဖြေပေးလိုက်ပြီးနေတဲ့ဟာ။ သူ စိတ်ပေါက်ပေါက်နဲ့ရွဲ့ပြီး စိတ်ထဲက ပြောမိတဲ့စကားတွေပါ။

“ဟေ့ကောင် ... မှန်မှန်ပြောစမ်း။ မင်း ငါ့ကို ဘာလျှိုထားတာလဲ၊ ဒါသွေးရိုးသားရိုး လုံးဝမဟုတ်ဘူး၊ ပြော ... မင်း ခင်သန့်စင်ကို ...”

“အေးပါကွာ ... အေးပါ၊ လျှိုထားတာတော့ မဟုတ်ပါဘူးကွာ၊ အဖြစ်က ဒီလိုကွ ...”

သူ့စကားအဆုံးမှာ နေမျိုးကတော့ တဝါးဝါးတဟားဟားနှင့် ပွဲကျလို့နေသည်။ သိသည်။ ဒီလိုပြောရင် ဒီလိုအလှောင်ခံရမယ်မှန်း သိလို့ကို သင်းကို ပြောမပြချင်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ မင်းနဲ့ ခင်သန့်စင် ချစ်သူတွေ ဖြစ်သွားကြပြီပေါ့"

"တကယ်မှ မဟုတ်တာကွာ၊ မင်းကလည်း ..."

"ဟာ့ကောင် ... မင်း ဘယ်လိုပဲ အကြောင်းပြပြပေါ့။ တခြားစကားတွေ ပြောလို့လည်း ဖြစ်နေတဲ့ဟာ၊ ဒီစကား မင်းပါးစပ်က ထွက်လာတယ် ဆိုကတည်းက မင်းစိတ်ထဲမှာ သူ ရှိနေလို့ပဲ၊ ဒါကိုတော့ မင်း မငြင်းပါနဲ့"

မငြင်းပါဘူး။ စင်စင်က သူ့စိတ်ထဲမှာ ရှိနေခဲ့တာတော့ အမှန်ပါ။ ဒါကို အချစ်လို့ခေါ်သလား၊ ခေါ်လို့ရသလား ဆိုတာ သူ ဝေခွဲမရနိုင်တာ တစ်ခုတည်းပါ။

"မင်းနဲ့ငါ ပေါင်းလာတာ တက္ကသိုလ် first year တည်းကပါကွာ၊ မင်းဘဝမှာ ဘယ်မိန်းကလေးနဲ့ ဒီလောက် တရင်းတနှီး နေခဲ့ဖူးလို့လဲ၊ ဘယ်မိန်းကလေးကိုရော မင်း စေ့စေ့ကြည့်ခဲ့ဖူးလို့လဲ၊ သေချာပါတယ်၊ မင်းမသိစိတ်ထဲကနေ ခင်သန့်စင်ကို ချစ်နေမိပြီ"





"မဖြစ်နိုင်တာကွာ"

ဝန်မခံချင်တာနှင့် သူ နေမျိုးစကားကို ဇွတ်မိုက် ငြင်းဆိုလိုက်သည်။

♣ ◇ ♣



www.burmeseclassic.com

www.burmeseclassic.com



# ( ၂၁ )

"ဟဲ့ ... လာပါဦး၊ ဒီမှာ ထိုင်ပါဦး"

အခုတလော ကိုကြီးကို စင်စင် ရှောင်နေမိတာ မလုံမလဲ ဖြစ်နေမိလို့ပါ။ Moon bakery မှာ မောင်နှမနှစ်ယောက် တွေ့ခဲ့ကြပြီးကတည်းက ဆိုပါတော့။

"စကားပြောမလို့ လုပ်လိုက်ချင်း အန်တီလေးနားကပ်နေလိုနေ၊ မနေချင် အခန်းထဲအောင်း၊ ငါမျက်စိရှေ့မှာကို နင် မနေဘဲ ပတ်ရှောင်နေတာ ဘာဖြစ်လို့လဲ စင်စင်"

"ရှင် ... ကိုကြီး စိတ်ထင်လို့ပါ"





"အောင်မာ ... ဒီမှာ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း၊ နင်နဲ့ ဟိုကောင်နဲ့က ဘာတွေလဲ၊ ချယ့်ကိုချစ်တာက ချစ်တာပဲ၊ ဒါပေမဲ့ ဒီလိုကောင်မျိုးကိုတော့ ငါ ယောက်ဖမတော်နိုင်တာ အမှန်ပဲ၊ အေးလေ ... ဒီလိုကောင်မျိုးကရော နင့်ကို တကယ်ချစ်မှာမှ မဟုတ်တာ"

ဒါတော့ ကိုကြီး စင်စင့်ကို သက်သက်အထင်အမြင်သေးတာပဲ။

အစ်ကိုမို့လို့ မကောင်းတတ်လို့ ပြောမပြတော့ဘူးလို့ ဆုံးဖြတ်ထားပေမယ့် ကိုယ့်မာနကို လာထိတော့လည်း ပြောပြရတော့မည်ပေါ့။

"သူ စင်စင့်ကို ဟိုနေ့က propose လုပ်တယ် ကိုကြီး၊ စင်စင့်ကို ကိုယ် အရမ်းချစ်တယ်၊ တကယ်ပြောတာပါတဲ့"

"အဲဒီတော့ ..."

"အဲဒီတော့ နောက်နေ့ကျတော့ စင်စင်လည်း သေချာစဉ်းစားဆုံးဖြတ်ပြီး အဖြေပြန်ပေးလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သေချာဆုံးဖြတ်ပြီး အဖြေပြန်ပေးတယ် ဟုတ်လား၊ ပြောစမ်း ... ပြောစမ်း ... နင် ဘယ်လိုတွေ သေချာစဉ်းစား ဆုံးဖြတ်လိုက်သလဲ"

"ဘယ်လိုပြောရမလဲပေါ့နော် ..."

စင်စင်က မျက်လုံးလေးထောင့်ကတ်ပြီး ပြောသင့် မပြောသင့် ချိန်ဆနေမိသည်။ စကားကလည်း အစုအချိန်မှထ ပြီး ရပ်ပစ်နောက်ဆုတ်လို့ကလည်း မဖြစ်နိုင်။ ပြောပြန်ရင်တော့လည်း ...

"ပြောစမ်းပါ ... အချင်းချင်းတွေ လာအိုက်တင်ခံမနေနဲ့"

"သူက ချောတယ်လေ၊ ပြီးတော့ ချမ်းသာတယ်၊ ပြီးတော့ တည်ကြည်တယ် ..."

"ကြီးကျယ်တာလည်း ထည့်ပြောစမ်းပါဟာ"

"အဲ့ ... ကိုကြီးကလည်း ဒီလိုအရည်အချင်းတွေ ပြည့်စုံမှတော့ ကြီးကျယ်ပြီပေါ့လို့"





"အေးလေ ... ဒါကြောင့် နင်နဲ့ လိုက်ဖက်မှုမရှိဘူးလို့ တွေးတောပြီး သူ့ကို အပြတ်ငြင်းလိုက်တယ်ပေါ့၊ ငါထင် ပါတယ်၊ သူ တမင်တကာ ငါ့ကိုမခံချင်လို့ နင့်ကို Moon bakery ကို အတင်းခေါ်လာတာ မဟုတ်လား၊ ငါ့ညီမ တော်တယ်"

ကိုကြီးက သူ ထင်တာတွေကို ဖွင့်ပြောနေတာမို့ စင်စင် တော်တော်စိတ်ညစ်သွားသည်။ မြင့်မြတ်သူ ဆိုတဲ့လူကို အပြတ်ငြင်းပစ်မယ့်ရုပ်များ ပေါက်နေလို့လား။

"ပြောပါဦး ... နင် ဘယ်လိုစကားလုံးတွေသုံးပြီး ငြင်းပစ် လိုက်လဲ"

"ဘာစကားမှ မပြောဘဲနဲ့ နှင်းဆီနီတစ်ပွင့် ပေးလိုက်တယ်"

"ဘာ ... ဘာ ... ဒါ ဘာအဓိပ္ပာယ်လဲ နင်မသိဘူးလား"

"သိတယ်လေ"

"တောက် ... ရှက်လိုက်တာကွာ၊ ရှက်ဖို့ကောင်းလိုက်တာ၊ နင့်အစား ငါ တကယ်ကို ရှက်မိတယ်၊ နင့်ကို ဟိုကဘယ်



www.burmeseclassic.com

www.burmeseclassic.com



လို ထင်သွားမလဲဆိုတာ နင် နည်းနည်းလေးတောင် မစဉ်းစားမိဘူးလားဟင်၊ ဒီနေ့ propose လုပ်၊ နောက်နေ့ အဖြေပေး၊ ဟိုကောင်က နဂိုကမှ ကြီးကြီးကျယ်ကျယ်နဲ့”

“ဒါ ရှက်စရာမှ မဟုတ်တာ ကိုကြီးရယ်၊ သူက ချစ်တယ် ပြောလို့ စင်စင်က ပြန်ပြီးချစ်တယ်ပြောတာ ဘာရှက်စရာ လဲ၊ အချိန်အကြာကြီး စောင့်ခိုင်းရမှာ အားနာစရာကြီးကို”

“တော်စမ်း … တော်စမ်း၊ မနက်ဖြန်ကစ,ပြီး နင် အလုပ် သွားစရာ မလိုတော့ဘူး”

“ဘာဆိုင်လို့လဲ … ဘာဆိုင်လို့လဲ”

“ဆိုင်တယ် … ဟိုကောင်က နင့်ကို တကယ်ချစ်တာမဟုတ် ဘူး၊ ငါ့ကို မကြည်လို့ တမင်ချဉ်းကပ်တာ၊ အန်တီလေး … အန်တီလေး”

သူက စင်စင်နဲ့ စကားကောင်းမကောင်းရက် ပြော နေရာမှ အန်တီလေးကို လှမ်းအော်ခေါ်ပြီး ဓာတ်စုံခင်းတော့ သည်။





“အမယ်လေး … မိုက်လိုက်တာ … မိုက်လိက်တာ စင်စင် ရယ်၊ လုလင်ပြောတာတွေက သဘာဝကျဘာယ်၊ ညည်းရဲ့ အချစ်ရေး အိမ်ထောင်ရေးမှာ တာဝန်အရှိဆုံးက ငါနဲ့ လုလင်၊ အခု ကြားရတဲ့ အခြေအနေမျိုးဆိုရင် အဲဒီကောင် လေးက သိပ်မဟာန်ဘူး”

စင်စင် အော်ငိုချင်စိတ်တောင် ပေါက်မိပါသည်။ အနှစ်နှစ်အလလက မျှော်လင့်ထားခဲ့ရတဲ့ သူ့အချစ်ကို ရပြီဆိုမှ ဝိုင်းပြီးတော့ ဖျက်ဆီးမယ့်သူတွေ ပေါ်လာခဲ့လို့လေ။ စင်စင့်ကိုက မှားတာပါ။ အာချောင်မိတဲ့ ဒီပါးစပ်ကို ပိတ်ပိတ်သာ ရိုက်ချင်မိ တော့သည်။

“မနက်ဖြန်ကစပြီး ညည်း လုံးဝ အလုပ်မသွားရတော့ ဘူး”

“အဲဒီလိုလုပ်လို့တော့ မရဘူးလေ၊ စင်စင် စာရင်းကိစ္စတွေ မရှင်းရသေးဘူး၊ ပြီးတော့ အလုပ်ထွက်မယ်ဆိုရင် တစ်လ ကြိုပြောရတယ်၊ လူရှာလို့ ရအောင်လို့”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ စင်စင်၊ ဒီလကုန်အထိပဲ ငါ နင့်ကို ခွင့်ပေးမယ်၊ ဒီလထဲမှာ စာရင်းဇယားကိစ္စတွေ ပြတ်အောင်လုပ်ခဲ့၊ မနက်ဖြန် နောက်လကစ,ပြီး အလုပ်မလုပ်တော့ဘူးလို့ ပြောထားလိုက်"

စင်စင် ခေါင်းမညိတ် ခေါင်းမခါဘဲ တူအရီးနှစ်ယောက်နားက ထွက်လာခဲ့လိုက်သည်။ ဘာပဲဖြစ်ဖြစ် နောင်ခါလာနောင်ချေး။ လောလောဆယ် သူ့အနားက စင်စင် ထွက်မသွားရတာပဲ ကျေနပ်လိုက်ရမှာပါ။

"ဒီလကုန်အထိ အဲဒီအလုပ်မှာ လုပ်ခိုင်းရမှာကို ကျွန်တော် စိတ်မချဘူး ဖြစ်နေတယ် အန်တီလေး"

"အန်တီလေးရောပဲ၊ ဒါပေမဲ့ သူ ပြောတာလည်း ဟုတ်နေတာဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"

"ဟူး ... စင်စင့် အကြောင်းလည်း အန်တီလေး သိသားပဲ၊ သူက ဘာကိုမှ သိပ်စဉ်းစားတာ မဟုတ်ဘူး၊ သူလုပ်ချင်ရာ လုပ်ရရင်ပြီးရော လူစားမျိုး၊ ဘယ်သူ့မျက်နှာကိုမှလဲ သိပ်ကြည့်တာ မဟုတ်ဘူး"





တူအရီးနှစ်ယောက် သက်ပြင်းကိုယ်စီချမိလိုက်ကြသည်။ ဒီအတောအတွင်း မဟုတ်က ဟုတ်ကဘွေ ကြားရပါစေနဲ့လို့ ကိုယ်စီ ဆုတောင်းရင်းနဲ့ပေါ့။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



၉ ၂၆ ၃

လုပ်နေကျ သူ့ရုံးခန်းထဲ သန့်ရှင်းရေး လာလုပ်နေရပေမင့် စင်စင့်စိတ်ထဲမှာတော့ လေးလေးလံလံရယ်ပါ။ ကိုကြီးပြောသလို သူ စင်စင့်ကို တကယ်မချစ်ဘဲနဲ့ ကိုကြီးကို မခံချင်လို့ propose လုပ်ခဲ့တာလား။ တွေးရင်းနဲ့ စိတ်ပင်ပန်းလာတာမို့ ဆက်မတွေးဖို့ စင်စင် ကြိုးစားလိုက်သည်။

နာရီကြည့်လိုက်တော့ ကိုးနာရီခွဲရှိပြီ။ သူ အခုထိ မရောက်သေး။ ကိုနေမျိုးလည်း ရောက်မလာသေး။ လုပ်စရာရှိတာ လုပ်ပြီးပြီမို့ စင်စင် သူတို့ရုံးခန်းထဲက ထွက်လာခဲ့လိုက်သည်။





"မခင်သန့်စင်"

မောမော်ညီမ မူမူက reception ကနေ လှမ်းခေါ်၍ စင်စင် ထိုအနားသို့ ရောက်လာခဲ့သည်။ ဝဝတုတ်တုတ် ကောင်မလေးတစ်ယောက်က reception နားမှာ စာရေးမတစ်ယောက်နဲ့ စကားအခြေအတင် ပြောနေ၏။

"သူက boss နဲ့ ချိန်းထားတာလို့ ပြောနေတယ်၊ boss မရောက်သေးဘူးပြောတော့ ရုံးခန်းထဲမှာ ထိုင်စောင့်ချင်လို့တဲ့"

ထိုဝတုတ်မကို စင်စင် ခြေဆုံးခေါင်းဆုံးကြည့်ရင်း ရင်ထဲ တစ်ချက်အောင့်သွားသည်။ ဒီဝတုတ်မက စင်စင့်ပြိုင်ဖက်တဲ့လား။ ရင်နာစရာ။ တစ်ဆက်တည်းလိုလိုမှာ မြင့်မြင်သူကို စိတ်ပျက်သွားမိသည်။ သြော် ... သူ့ခမျာ ကြီးကျယ်မြင့်မြတ်လွန်းသူမို့ အများနှင့်မတူအောင် ဒီလို ကြီးကြီးမားမားကြီးကို ရွေးချယ်ခဲ့သည်ပေါ့။

ဒီတော့ သူ စင်စင့်ကို propose လုပ်တာ ကိုကြီးပြောသလိုပဲ တမင်တကာ ကိုကြီး မခံချင်အောင်လုပ်တာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီပေါ့။ စင်စင့်မှာတော့ ရင်တွေခုန်လိုက်ရတာ။ ချစ်တယ်လို့ အဖြေပေးပြီးမှ စင်စင်တို့ ကော်ဖီဆိုင် အတူတိုင်ဖြစ်တိုင်း သူ စင်စင့်ကို "ချစ်လား"လို့ ထပ်မမေးတာ။ လက်ကလေးတောင်မှ မကိုင်ခဲ့တာ။ သူ့မှာ ဒီလို ဒီလို အကန့်တွေ ရှိထားလို့ပေါ့ မဟုတ်ဘူးလား။

"ဖုန်းဆက်ပြီး မေးကြည့်လိုက်လေ၊ သူ စောင့်ခိုင်းရင် စောင့်ခိုင်းထားလိုက်ပါ"

ခင်မမထွေး့က ဆရာမကြီးအထာနှင့် အမျိုးသမီးကို ကြည့်ရတာ အားမရ၍ မျက်မှန်ချွတ်ပြီး သေချာစူးစိုက်ကြည့်လိုက်ရင်း ...

"ဖုန်းဆက်လို့ မရလို့ပေါ့၊ ဒါနဲ့ နေပါဦး၊ ရှင်က ဒီအေဂျင်စီမှာ ဘာလဲ၊ ကိုကို့ရဲ့ secretary လား"

"ဆိုပါတော့၊ ရှင်ကရော ဆရာနဲ့ စေ့စပ်ထားတယ်ဆိုတာ ဟုတ်ရော ဟုတ်ရဲ့လား၊ ခုခေတ်ကြီးထဲမှာ လူလိမ်တွေက ခပ်များများ မဟုတ်လား၊ စိတ်တော့ မရှိပါနဲ့၊ ဆရာနဲ့ ဖုန်းမရမချင်း ရှင့်ကို ရုံးခန်းထဲ ပေးမဝင်နိုင်ဘူး"





"လူကို သေချာကြည့်ပါဦး၊ ဒီရုပ်က လိမ်စားမယ့်ရုပ်လား"

"ဒါကတော့ ပြောရတာ မဟုတ်ဘူးလေ၊ မတ်တတ်ကြီး ရပ်နေရတာ ညောင်းနေမှာပေါ့၊ ဟိုခုံတန်းမှာ ထိုင်နေပါ"

"တောက်"

ဆရာမကြီးလိုလို ဘာလိုလိုနှင့် လာအမိန့်ပေးသွားတဲ့ မိန်းမနောက်ကျောကိုကြည့်ပြီး ခင်ပပထွေး့ တောက်ခေါက်လိုက်သည်။

"သူက ဒီအေဂျင်စီမှာ ဘာလဲ"

စာရေးမလေးတွေဘက်လှည့်ပြီး ခင်ပပထွေး့ စပ်စုလိုက်ပါသည်။

"အစ်မ မသိဘူးလား၊ သူက ဒီအေဂျင်စီက အစ်မနဲ့စေ့စပ်ထားတယ်ဆိုတဲ့ boss ဦးမြင့်မြတ်သူနဲ့ ကြိုက်နေကြတာလေ၊ ချစ်သူတွေပေါ့"

"ချစ်သူတွေ ... ဟုတ်လား"

"ဟုတ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုမှအစချီ၍ စာရေးမတစ်စုက ပိုက်ဆံမရ၊ ဘာမရ ဘဲ အမျိုးသမီးအများစု၏ ဝသီအတိုင်း မြင့်မြတ်သူနှင့် ခင်သန့်စင် တို့အကြောင်းကို သူမတို့သိသမျှ ဇာတ်စုံခင်းတော့သည်။ ရည် ရွယ်ချက်အရင်းကတော့ သူတို့၏ ခန့်ညားလှသော boss နှင့် အလွန့်အလွန်ကို မလိုက်ဖက်သည့် သူမကို နောက်ဆုတ်သွားစေ လိုခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သာသာထိုးထိုးလေးတွေ ထည့် ပြောဖြစ်ကြသည်လေ။ boss က ခင်သန့်စင်ကို ဘယ်လိုချစ် ကြောင်း၊ ဘယ်လောက်ချစ်ကြောင်းပေါ့။

"Don't care ပါ၊ လုံးဝဂရုမစိုက်ဘူး၊ အတိတ်မှာ ကိုကို ဘယ်သူနဲ့ ဘာတွေဖြစ်ဖြစ် ထွင့်တို့ စိတ်မဝင်စားဘူး"

"အမ် ... ဒါ အတိတ် မဟုတ်ဘူးလေ အစ်မ၊ အခု ပစ္စုပ္ပန် မှာ သူတို့ ကြိုက်နေကြတာ"

"shut up ... တော်ပြီ၊ မပြောကြနဲ့တော့၊ ကိုကို့ဆီဖုန်း ခေါ်လိုက်ဦးမယ်"'





သူက စာရေးမလေးတွေရဲ့ ပါးစပ်ပေါက်ကို ဥ ကဲ့သို့ ဟောက်ပြီး ပိတ်လိုက်ရင်း မြင့်မြတ်သူကို ဖုန်းခေါ်သည်။

"ဟယ်လို ... ကိုကို ဘယ်မှာလဲ၊ ဒီမှာ ထွင့်ရောက်နေတာ ကြာပြီ"

"... ... ..."

"ဟုတ်ကဲ့ ... ထွင့် စောင့်နေပါ့မယ် ကိုကို"

ချွဲချွဲပျစ်ပျစ်လေသံနဲ့ ပြောရင်း ဖုန်းချလိုက်ပြီး စာရေးမလေးတွေဘက် သူမလှည့်လိုက်ကာ ...

"ကိုကို ... အခုရောက်ပြီတဲ့၊ ထွင့်ပြောတာ အမှန်ဆိုတာ မကြာခင် တွေ့ရတော့မှာပါ"

မကြာပါ၊ အေဂျင်စီထဲသို့ မြင့်မြတ်သူရော နေမျိုး ပါ ဝင်လာကြသည်။

"ကိုကို ... ထွင့်ကို သူတို့ ရုံးခန်းထဲ ပေးမဝင်ကြဘူး၊ ထွင့် ခြေထောက်တွေလည်း နာနေပြီ၊ ရေလည်းဆာနေပြီ"

မြင့်မြတ်သူ အတော်လေးကို ညစ်သွားပါသည်။ သို့သော်လည်း သူ့စာရေးမတွေရှေ့မှာ သူမ အရှက်ရသွားမည်စိုး၍



www.burmeseclassic.com

www.burmeseclassic.com



ပြေပြေလည်လည် ဆက်ဆံဖို့ စဉ်းစားထားသည်။ တော်ကြ... သူမအဖေ ပြန်တိုင်မှ အခက်။

"ဟော ... နင်တို့ ငါ့ဆီလာတဲ့ ဧည့်သည်ကို ဒီအတိုင်း... ရပ်ခိုင်းထားရသလား"

"ရှင် ... ကျွန်မတို့ မပြောပါဘူး ဆရာ၊ မခင်သန့်စင်... သူ့ကိုမယုံလို့ ရုံးခန်းထဲ ပေးမဝင်ခိုင်းတာပါ"

စာရေးမတွေက ပျာပျာသလဲနှင့် ဖြေရှင်းချက်... ကြ၏။ နေမျိုးကတော့ ခင်ပပထွန်းဆိုသည့် ငနဲမကြီးကိုကြည့်... အတော့်ကို ရယ်ချင်နေပါသည်။ မြင့်မြတ်သူ စိတ်ဆိုးမှာစိုးလို့... မနည်းအောင့်နေရတာဖြစ်သည်။

ရုံးခန်းထဲက ဆိုဖာဆက်တီပေါ်မှာ သူ့ခန္ဓာကိုယ်... အားမနာ ဆောင့်ခနဲ ထိုင်ချလိုက်တဲ့ ခင်ပပထွန်းကိုကြည့်... ဆိုဖာဆက်တီကို သူ အားနာမိသွားသည်။ သူမ သူ့အေဂျင်စီ... လိုက်လာလိမ့်မယ်လို့ သူ လုံးဝကို မထင်မှတ်ထားခဲ့တာပါ။

ထိုအခိုက် ခင်သန့်စင် အခန်းထဲ ဝင်လာသည်... ပြီးတော့ သူ့ရှေ့တည့်တည့် လာရပ်ရင်း ...





"ဆရာ့ကို စင်စင် ပြောစရာရှိလို့ မနက်တည်းက စောင့်နေတာပါ"

"အင်း ... ဒီနေ့ ဖိလစ်ပိုင်က ဟိုတယ်သူဌေးတစ်ယောက်နဲ့တွေ့နေလို့၊ အဲဒါ ဖုန်းပိတ်ထားတာ၊ ဘာကိစ္စလဲ စင်စင်"

"စင်စင် ဒီလကုန် အလုပ်ထွက်မယ့်အကြောင်းပါ"

"ဟင် ... ဘာလို့လဲ၊ ဘာလုပ်ဖို့ ထွက်မှာလဲ"

"လုပ်ချင်စိတ် မရှိတော့လို့ပါ၊ စင်စင် စာရင်းတွေအားလုံး ရှင်းပေးခဲ့ပြီးမှ ထွက်မှာပါ"

"ဒီထက်ခိုင်လုံတဲ့ အကြောင်းပြချက်ပေးပါ စင်စင်"

စင်စင်က ဆိုဖာဆက်တီပေါ်မှာ မိန့်မိန့်ကြီးထိုင်နေတဲ့ မိန်းမကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"နံပါတ်တစ်ကတော့ ကိုကြီးနဲ့ အန်တီလေးက စင်စင့်ကို မလုပ်စေချင်လို့ပါ၊ နံပါတ်နှစ်ကတော့ စင်စင်ကိုယ်တိုင်လည်း လုံးဝကို မလုပ်ချင်တော့လို့ပါ"

"အဲဒီ လုံးဝမလုပ်ချင်တော့တာ ဘာကြောင့်လဲ စင်စင်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သူမဆီက ဒီစကားတွေ ကြားရတဲ့အခါ သူမ သူ့အပါးက ထွက်သွားမှာကို သူ လုံးဝမခံနိုင်အောင်ဖြစ်ရပါသည်။

တကယ်တော့ စင်စင် ရင်ထဲရှိတာကို ထ,ပြီး ပေါက်ကွဲပစ်လိုက်ချင်ပါသည်။ သို့သော်လည်း ဒါ လုပ်ငန်းခွင်ဆိုတဲ့အသိနဲ့ ထိန်းချုပ်ပစ်လိုက်ရပါသည်။ သူ တကယ်မျက်နှာပြောင်တဲ့ လူပဲနော်။ ဆင်မကြီးတစ်ကောင်လုံး တွေ့နေတာတောင် ဖုံးဖိချင်နေသေးသည်။

"စင်စင့်ကို သွားခွင့်ပြုပါ"

သူ့ရှေ့ ဆက်ရပ်နေမိရင် စင်စင့်ပါးစပ်က ထိန်းနိုင်မှာ မဟုတ်တာမို့ လှည့်ထွက်ခဲ့သည်။ သူလည်း ထိုင်နေရာကနေ ထ,ထွက်လို့ စင်စင့်ရှေ့မှာ လာပိတ်ရပ်သည်။ နေမျိုးနဲ့ ခင်ပပထွေးတို့က ပွဲကြည့်ပရိသတ်မျှသာ။

"ဘာလို့လဲလို့ ကိုယ်မေးနေတယ်လေ စင်စင်"

"ကိုကိုကလည်း လုပ်ချင်စိတ် မရှိလို့လို့ ပြောနေတဲ့ဟာ"





ခင်ပပထွေးရဲ့ ကြားဖြတ်ဝင်ပြောသံကြောင့် စင်စင်ရော၊ သူပါ သူမကို လှမ်းကြည့်ဖြစ်ကြသည်။

"ကျေးဇူးပြုပြီး သူ့ပါးစပ်ပေါက်ကို ပိတ်ခိုင်းထားလိုက်ပါ။ ဒီမှာ ... ရှင့်မှာ စေ့စပ်ထားတဲ့သူရှိရက်နဲ့ စင်စင့်ကို propose လုပ်ခဲ့တာ ဘာသဘောလဲ၊ ရှင် စင်စင့်ကိုကစားခဲ့တာလား ဦးမြင့်မြတ်သူရယ်၊ စင်စင့်မှာတော့ ရှင့်ကိုချစ်လိုက်ရတာ"

"ဟာ ... စင်စင် မှားနေပြီ၊ အထင်မှားနေပြီကွာ၊ ကိုယ်ရှင်းပြပါရစေ"

စင်စင်က သူ့ကိုတွန်းဖယ်ပြီး အခန်းအပြင်ဘက်ပြေးထွက်သွားသည်။ လိုက်သွားမလို့ လုပ်ပြီးမှ ဣန္ဒြေပျက်မည်စိုး၍ သူ မနည်းထိန်းလိုက်ရသည်။ အခု သူ့ဒေါသတွေက ခင်ပပထွေးဆီ ပုံကျသွားသည်။

"ခင်ပပထွေး ... နင် ငါ့အောဂျင်စီအထိ လိုက်လာပြီး ဘာလာမွှေတာလဲ၊ နင် သူ့ကို ဘာတွေပြောခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုနဲ့ စေ့စပ်ထားတယ်လို့ ပြောလိုက်တာ၊ မဟုတ်လို့လား၊ လူကြီးချင်း သဘောတူထားတဲ့ဟာကို"

"please ... ခင်ပပထွင့်၊ မင်း ပြန်ပါတော့ကွာ၊ ငါ့ပါးစပ်က မင်းနာကျင်သွားအောင် မပြောဖြစ်ခင်လေး မင်းပြန်သွားပါတော့"

"ဟင်း ... ဒီမှာ ကိုကို၊ ထွင့်အတွက် ယောကျ်ားမရှားပါဘူးရှင့်၊ ထွင့်ရမယ့် အမွေပစ္စည်းတွေကို မက်မောပြီး လာကပ်နေတဲ့ ဘဲတွေကို ခေါင်းခေါက်ပြီးတောင် ယူလို့ရနိုင်သေးတယ်၊ ကိုကို့အဖေနဲ့ ထွင့်အဖေ အလုပ်တွေအများကြီးလုပ်ဖို့ ရှိသေးတယ်ဆိုတာ ကိုကို မမေ့ပါနဲ့"

"အဲဒီတော့ ဘာဖြစ်လဲ၊ ငါ့ကို လာခြိမ်းခြောက်နေတာလား"

"ကဲ ... ကဲ ... ညီမရယ်၊ ဒီနေ့တော့ ပြန်လိုက်ပါ၊ ကြားထဲကပဲ အစ်ကို တောင်းပန်ပါတယ်"

ခင်ပပထွင့်က မြင့်မြတ်သူကို ဆောင့်ကြီးအောင့်ကြီး မျက်စောင်းထိုးပြီး ထွက်သွားတော့သည်။





"ခင်သန့်စင် တော်တော်စိတ်နာသွားပုံပဲ"

"ဟုတ်တယ်၊ ငါလည်း ရင်နာတယ်၊ သူမို့လို့ ဒီလိုဝတုတ်မကြီးနဲ့ ငါ့ကို အထင်လွဲရက်တယ်၊ သူများတွေလို လှတပတလေးနဲ့မို့လို့ သဝန်တိုတယ်ဆို ထားကွာ၊ သူ ဦးနှောက်မရှိလို့လား၊ ဒီအခါင်နဲ့ဒီအဆင်နဲ့ ဖြစ်နိုင်မလား၊ သူမတွေးတတ်ဘူးလား"

"ဟော့ကောင် ... မြင့်မြတ်သူ"

"ဘာလဲ"

"ငါ မြင်နေရတယ်နော် ... မင်းရဲ့အချစ်တွေကို"

နေမျိုးရဲ့စကားကို ဒီတစ်ခါတော့ သူ မငြင်းဆိုတော့ပါ။ ခင်သန့်စင် သူနဲ့အဝေးဆုံးကို ထွက်သွားဖို့ မဆိုထားနှင့် ထွက်သွားတော့မယ် ပြောတာလေးနဲ့တောင် သူ ရုပ်ပျက်ဆင်းကျက်နဲ့ တုန်လှုပ်ချောက်ချားနေခဲ့ပြီလေ။ ဒါကို "အချစ်"လို့ခေါ်သလား။

✤ ✧ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၂၇

စင်စင် အလုပ်မတက်တာ သုံးရက်ရှိပြီ။ သူမနဲ့ အလုပ်အတူတွဲလုပ်သည့် စာရင်းကိုင်ကောင်မလေးကို စာရင်းတွေ အားလုံး ရှင်းပေးသွားခဲ့သည်တဲ့။ သူ ရှင်းပြတာ လက်မခံဘဲ ကိုယ်ထင်ရာ ကိုယ်လုပ်သွားတဲ့ သူမကို သူလည်းပဲ ပြန်မခေါ်ဖို့ ဆုံးဖြတ်ထားခဲ့သည်။

သို့သော်လည်း သူမ မရှိတဲ့ နေ့ရက်တစ်ရက် ကုန်ဆုံးသွားဖို့ သူ့မှာ မနည်းကြီးကို ဖြတ်ကျော်နေရတာမို့ ပင်ပန်းမိပါသည်။ ခြောက်သွေ့ပြီး အထီးကျန်ဆန်လွန်းတဲ့ ဒီနေ့ရက်





တွေကို သူ မုန်းသည်။ ရင်ထဲက တစ်ဆို့ဆို့နဲ့ အခံရခက်တဲ့ ဝေဒနာကိုလည်း သူ မုန်းသည်။ ဘယ်အာရုံကိုမှ မခံစားနိုင်သည့် သူ့ကိုယ်သူလည်း သူ မုန်းမိသည်။

"သူသူ ... နင့်ဒက်ဒီက ခဏလောက် လာခဲ့ပါတဲ့။ ဧည့်ခန်းထဲမှာ စောင့်နေတယ်၊ ဒါနဲ့ နင် အခုတလော ဘာဖြစ်နေလဲ၊ အခန်းထဲပဲ အောင်းနေပါလား"

"ဘာမှမဖြစ်ပါဘူး"

တီချယ့်အမေးကို သူ တိုတိုတုတ်တုတ်နဲ့ဖြေရင်း စိတ်မပါ့တပါ ခြေလှမ်းတွေနှင့် သူ ဧည့်ခန်းဘက်သို့ ထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာ ဒက်ဒီနဲ့မာမီ ရယ်ရယ်မောမော စကားတပြောပြောနှင့် ရှိကြသည်။

"ဒက်ဒီ ... ခေါ်တယ်ဆိုလို့"

"အေး ... သား၊ ဒီနေ့တော့ သားနဲ့ အကျေအလည်ဆွေးနွေးမှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ့စကားကြောင့် သူ့နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ထွန်းသွားသည်။ ဘာအွေးနွေးမှာလဲ သူ သိနေလို့ပေါ့။

"ဒက်ဒီတို့ မိတ်ဆွေအချင်းချင်း ဘာကိစ္စတွေပဲရှိရှိ ကျွန်တော် စိတ်မဝင်စားဘူး၊ ကျွန်တော်တော့ ခင်ပပထွန်းကို မယူနိုင်ဘူး၊ နှစ်ပြည်ထောင် ရွှေလမ်း ငွေလမ်းဖောက်ပြီး သားတော် သမီးတော် အချင်းချင်း လက်ဆက်ပေးရအောင် ဒက်ဒီတို့က ဘုရင်တွေလည်း မဟုတ်ဘူး"

"ဟော့ကောင် ... တော်စမ်း၊ ငါ့ကို လာရွဲ့မနေနဲ့၊ ကောင်းပြီ ... ခင်ပပထွန်းကို မင်း မယူနိုင်ဘူးထား၊ မင်းယူနိုင်တဲ့ မင်းယူချင်တဲ့ မိန်းကလေးကို ခေါ်လာခဲ့"

"ကျွန်တော် ဘယ်မိန်းမကိုမှ မယူချင်ဘူး ဒက်ဒီ"

"အဲဒါပဲ ... ငါပြောတာ အဲဒါပဲ ညို၊ မင်းရဲ့သားက လုံးဝ normal မဟုတ်ဘူး၊ ဒီအသက်အရွယ်အထိ မိန်းမစိတ်မဝင်စားဘူး ပြောကတည်းက ငါ စိတ်ပူနေပြီ၊ မင်းတို့ကတော့ ငါ့သား တည်ကြည်တယ်၊ တည်ငြိမ်တယ်လို့ ဂုဏ်





ယူနေကြမှာပဲ၊ ဒါ ဂုဏ်ယူစရာ မဟုတ်ဘူး၊ ဒါသဘာဝ မကျတာ"

"ကျွန်တော် ဒယ်ဒီထင်သလို gay မဟုတ်ဘူး ဒက်ဒီ"

"ဟုတ်လား ... ဒါဆိုရင် သက်သေပြလေကွာ၊ ဒီအသက် အရွယ်အထိ မင်းဆီက မိန်းကလေးတစ်ယောက်ရဲ့နာမည် တောင် ငါ ကြားဖူးခဲ့တာ မဟုတ်ဘူး"

"စိတ်ချ ... ဒက်ဒီ မကြာခင် တွေ့စေရမယ်"

"အင်တော့ မဖြစ်စေနဲ့ပေါ့ကွာ ... ဟင်း ဟင်း ဟင်း"

ညှိခန်းထဲက ထွက်လာတော့ သူ့ရင်ထဲမှာ မခံချင် …တွေက ရှန်းကြွလို့လာ၏။ မိန်းမတစ်ယောက်ကို ချစ်တတ်တဲ့ …တ် သူ့ဆီမှာ ရှိနေခဲ့တာပဲ။ ဟိုးအရင်ကလည်း ရှိခဲ့တာပဲ။ မာန …စ်ခုနဲ့ အောက်ကျမခံချင်တတ်တဲ့စိတ်ရဲ့ လွှမ်းမိုးမှုကြောင့်သာ … တည်တည်ငြိမ်ငြိမ် နေတတ်မိတာ။

အခု လောလောလတ်လတ် သူ သတိရမိတဲ့သူက …င်စင့်ကို။



www.burmeseclassic.com

www.burmeseclassic.com



သူမဆီကို သူ အခု ဖုန်းခေါ်မိပါသည်။ ခေါ်ချင်ခဲ့တာလည်း ကြာပြီမဟုတ်လား။

"ဟယ်လို"

"စင်စင် ... ကိုယ် မင်းကို အရမ်းသတိရလို့ ဖုန်းဆက်လိုက်တာပါ၊ နေကောင်းရဲ့လားဟင်"

သူ့စကားကြောင့် စင်စင် ငိုချင်သွားမိပါသည်။ သူ စင်စင့်ကို ဖုန်းဆက်လာမယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့ဘူးလေ၊ စင်စင်က သူ့ရဲ့အသုံးချခံ သက်သက်လို့ပဲ ယူဆထားခဲ့တာ။

"ကောင်းပါတယ် ... ဆရာရော"

"ကိုယ်တော့ မကောင်းဘူး၊ စင်စင် မရှိတဲ့ရက်တွေမှာ အရမ်းပင်ပန်းနေခဲ့တာ"

"ပင်ပန်းနေရင် ဆရာ့ဇနီးလောင်းကို ဖက်ကြောဆွဲခိုင်းပြီး နင်းခိုင်း နှိပ်ခိုင်းပေါ့ရှင်"

"မရွဲ့ပါနဲ့ကွာ၊ သူနဲ့ ကိုယ့်ကို မိဘချင်း သဘောတူခဲ့တာမှန်ခဲ့ပေမယ့် ကိုယ် သူ့ကို လုံးဝကို စိတ်မဝင်စားပါဘူး၊





ခင်ခင် ဆန္ဒရှိမယ်ဆိုရင် ကိုယ် စင်စင့်ကို လက်ထပ်ပါရစေ"

"ရှင်"

တဒုန်းဒုန်းနဲ့ ခုန်လာတဲ့ရင်ကို စင်စင် လက်တစ်ဖက်နှင့်ဖိထားလိုက်ရပါသည်။

မတော် တစ်ဖက်က သူ့နားထဲဝင် သွားမှ အခက်မဟုတ်လား။

ရုတ်တရက် သူမလက်ထဲကဖုန်းကို ဆွဲလုယူလိုက်တာ ခံရလိုက်သည်။ လုယူလိုက်တဲ့သူက ကိုကြီးပေါ့။

"စင်စင် ဖြေလေကွာ၊ ဘာလို့ ငြိမ်နေတာလဲ၊ ကိုယ်ပြောတာ မယုံလို့လား၊ ကိုယ် စင်စင့်ကို မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူမှာပါ"

"ယောကောင် ... ငါ့ညီမရဲ့ တည်ငြိမ်နေတဲ့ စိတ်တွေကို ယိုင်နဲ့သွားအောင်လုပ်ဖို့ စိတ်မကူးပါနဲ့၊ ငါ့ညီမက ဘူးဆိုရင် ဖရုံသီးတတ်တဲ့ အစားမျိုး မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တီချယ့်ကို ဖုန်းဆက်တုန်းက ချွဲပျစ်နေတဲ့ ဒီကော
လေသံက အခုတော့ မာရေကျောရေ နိုင်တဲ့နေရာမှာ ကျော
ကတောင် အရှုံးပေးရလောက်ပါသည်။

"please ... ဖုန်းကို စင်စင့်ကို ပြန်ပေးလိုက်ပါ ဦး
ယောက်ဖရယ်၊ စင်စင်နဲ့ ကျွန်တော် ဆက်ပြီးဆွေးနွေး
ပြုပါ"

"အံမာ ... မပြုနိုင်ဘူး ဆိုရင်ရောကွာ"

"ကိုကြီး ... စင်စင့်ကို ဖုန်းပြန်ပေးပါ"

"မပေးဘူး၊ နင် အသာနေစမ်း စင်စင်၊ ဒီမှာ ယော့ကော
ငါ မင်းကို လုံးဝအယုံအကြည် မရှိဘူး။ ငါ့ညီမနဲ့ လုံး
ပတ်သက်ဖို့ မစဉ်းစားနဲ့"

"ကောင်းပြီလေ၊ ဒါဆို ခင်ဗျားလည်း ကျွန်တော့်အ
နဲ့ လုံးဝပတ်သက်ဖို့ မကြိုးစားနဲ့၊ သြော် ... တီချယ်
တာနဲ့ အတော်ပဲ၊ တီချယ့်ဘဲကြီးကို တစ်ချက်ပြောစ
ဗျာ၊ ဒီမှာ ကျွန်တော် စင်စင်နဲ့ ဖုန်းပြောနေတာ
က,ဖျက်ယဖျက် လာလုပ်နေတယ်"





မြင့်မြတ်သူက အခန်းထဲဝင်လာတဲ့ တီချယ့်ကိုတွေ့
တော့ ဖုန်းကို လှမ်းပေးရင်း တိုင်တန်းလိုက်ပါသည်။ ချယ်က
သူ့သူ လှမ်းပေးတဲ့ဖုန်းကို ဆတ်ခနဲ လှမ်းယူလိုက်ရင်း ...

"လုလင် ... သူ့သူ ပြောတာ ဟုတ်လား"

"မဟုတ်ရပါဘူး ချယ်ရယ်"

"မဟုတ်ရပါဘူးတွေ ဟုတ်ရပါတယ်တွေ လုပ်မနေနဲ့၊
အခုအချိန်က သူ့သူ့အတွက် အရမ်းအရေးကြီးတဲ့အချိန်၊
သူ့ စင်စင့်ကို ချစ်လွန်းလို့ သူ့အဖေစကားတောင် လွန်ဆန်
ခဲ့တာ၊ ဒီမှာ ... ရှင်က ဘာလဲ၊ ချယ့်တူနဲ့ ရှင့်ညီမကို
သဘောမတူနိုင်ဘူးဆိုတဲ့ သဘောလား"

"ဟာ ... ချယ်၊ အဲဒီလိုလည်း မဟုတ်ရပါဘူးဗျာ"

"သဘောမတူနိုင်လည်း ရတယ်လေ၊ ရှင်နဲ့ချယ်လည်း
လမ်းခွဲရုံပေါ့"

"ဟာ ... ချယ် ... ချယ် ... မဟုတ်ဘူးလေ၊ ကျွန်တော်
ပြောတာ နားထောင်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ဖက်က ဖုန်းချရုံသာမက ဖုန်းပါပိတ်သွားတာမို့ သူ ကသောကမျောနှင့် စင်စင့်ဖုန်းကို စင်စင့်ကို ပြန်ပေးရင်း သူ့ဖုန်းနှင့် ချယ့်ဖုန်းကို လှမ်းခေါ်လိုက်သည်။ စက်ပိတ်ထားပါသည်နှင့်တိုး၍ သူ တက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။

"ပြီးတာပဲလေ၊ ဒီနေ့ကစ,ပြီး မင်းတို့တူအရီးနှစ်ယောက်နဲ့ ငါတို့မောင်နှမနှစ်ယောက် ပြတ်ပြီ"

✣ ✧ ✣





## ၂၀

ကိုကြီးက စင်စင့်ဖုန်းကို သိမ်းထားရုံသာမက အပြင်ထွက်ဖို့ကိစ္စကိုလည်း အထူးကြပ်မတ် ပိတ်ပင်ထားသည်။ သူကိုယ်တိုင်လည်း တီချယ့်ကို လုံးဝအဆက်အသွယ် မလုပ်။ စင်စင်ကတော့ ဆရာ့ကို သတိရလွမ်းဆွတ်လို့ နေမရ၊ ထိုင်မရ၊ စားမရ၊ သောက်မရနှင့် ဆရာ နောက်ဆုံးပြောသွားတဲ့ စကားတွေကိုသာ အထပ်ထပ် ကြားယောင်လို့ နေပါသည်။

"စင်စင် ... ငါ အလုပ်ကိစ္စနဲ့ အပြင်ခဏ သွားဦးမယ်၊ အန်တီလေး သူ့ကို မျက်ခြည်မပြတ် ကြည့်ထားပေးပါနော်၊ ကျွန်တော် စိတ်ချမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချလက်ချသာသွား၊ ငါ့အကြောင်းလည်း နင်သိသားနဲ့"

တူအရီးနှစ်ယောက် အတိုင်အဖောက်တွေ ညီနေကြတာကို စင်စင် တကယ် နားကြားပြင်း ကတ်မိသည်။ အနုကိုကြီး အပြင်ထွက်သွားတော့ စင်စင့်အတွက် အခွင့်အရေးကောင်းတစ်ရပ်ပေါ့။ အန်တီလေးကို ဘယ်နည်းဘယ်ပုံ လှည့်ရကောင်းမလဲ စင်စင် ဉာဏ်ထုတ်လို့ နေပါသည်။

စင်စင် toilet သွားပြီး ပြန်ထွက်လာတော့ ရှုံ့မဲ့မဲ့ရုပ်နှင့် အနတီလေးအနားသွားရင်း ...

"ပြဿနာပဲ အန်တီလေးရယ်၊ အိမ်သာက ရေဆွဲချတာမကျတော့ဘူး"

"ဟင် ... အဲဒီတော့ ဘယ်လိုလုပ်ကြမလဲ၊ အနုရော ဘာလုပ်ခဲ့လဲ"

"ဘာမှမလုပ်ခဲ့ဘူး၊ လုပ်လို့မှမရတာ၊ စင်စင်လည်း အုတ်ကန်ထဲကရေတွေနဲ့ လောင်းချပါသေးတယ်၊ ကျကိုမကျ





တော့တာ၊ အဲဒါ လျှံကျမှာစိုးလို့ အဖုံးပိတ်ခဲ့တယ်၊ မယုံရင် အန်တီလေး လိုက်ကြည့်ပါလားဟင်"

"အံမယ်လေး ... ငါ နလုံးတွေ မကောင်းလို့ပါဟယ်၊ ငါ ရွံတတ်တာလည်း ညည်း သိသားနဲ့။ ပြဿနာပါပဲဟယ်၊ အခုနေ ငါ ဝမ်းသွားချင်ရင် ဘယ်လိုလုပ်မလဲ"

"ပြင်တတ်တဲ့သူ မြန်မြန်ခေါ်မှဖြစ်မယ် အန်တီလေး"

"နေဦး ... ငါ ဟိုဘက်ခန်းက မရင်ကို မေးကြည့်ဦးမယ်"

"စင်စင့်ဆီမှာ အဲဒါတွေ ပြင်တတ်တဲ့သူရဲ့ဖုန်းနံပါတ်ရှိတယ် အန်တီလေး၊ စင်စင် ခေါ်ပေးမယ်"

"ဟော့အေး ... ဖုန်းနံပါတ် ငါ့ကိုပေး၊ ငါ့ဖုန်းနဲ့ ခေါ်လိုက်မယ်"

အန်တီလေးစကားကြောင့် စင်စင် စိတ်ဆင်းရဲမိသွားသည်။

အင်းလေ ... ကြည့်ကျက်လုပ်ရမှာပေါ့။ စင်စင်ပေးလိုက်တာက မြင့်မြတ်သူရဲ့ ဖုန်းနံပါတ်ကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက သူ့ရဲ့ဖုန်းနဲ့ မြင့်မြတ်သူရဲ့ဖုန်းနံပါတ်ကို ခေါ်ပါသည်။ စင်စင့်မှာတော့ ရင်တထိတ်ထိတ်ရယ်။

"ဟယ်လို"

"ဟယ်လို ... ဟဲ့ ... စင်စင်၊ သူ့နာမည် ဘယ်လိုတဲ့လဲ"

တစ်ဖက်လှည့် မေးလိုက်တဲ့ စကားသံကြောင့် မြင့်မြတ်သူ ရင်တွေ ဆတ်ခနဲ တုန်သွားသည်။ အခုတော့ တီချယ်ဘာကြောင့် မျက်စိရှင်ရှင်၊ နားရှင်ရှင် ထားခိုင်းမှန်း သဘောပေါက်ရသည်၊

"စင်စင်ပြောမယ် အန်တီလေး ... ပေး"

ဒီအသံလေး ... ဒီအသံလေးက စင်စင့်အသံမှ စင်စင့်အသံ အစစ်ပါ။

"ဟို ... အစ်ကို၊ စင်စင်တို့အိမ်မှာ အိမ်သာရေဆွဲချလို့မရလို့၊ အဲဒါ ဖြစ်နိုင်ရင် ချက်ချင်းလာပြီး ကြည့်ပေးပါလားရှင်၊ အိမ်လိပ်စာက ... ... ... ပါ"

"ကိုယ် ရောက်အောင်လာခဲ့ပါ့မယ် စင်စင်၊ ကိုယ် စင်စင့်ကို ရအောင်ခေါ်ထုတ်သွားပါ့မယ်"





"ဟုတ်ကဲ့ပါရှင်၊ မြန်မြန်လာပါ နော်"

စင်စင် ဖုန်းချသွားတာနှင့် သူ ရုံးခန်းကနေ ကတိုက်ကရိုက် ထွက်လာခဲ့သည်။ ထွက်သွားခါနီး နိုင်မျိုးကို သူ မှာခဲ့ပါသည်။ သူ စင်စင့်ကို ခိုးပြေးပါတော့မည်လို့ပေါ့။

"စင်စင်ရယ် ... အဲဒီလူက စိတ်ရော စိတ်ချရပါ့မလား၊ အခု အိမ်မှာ ငါတို့တူအရီးနှစ်ယောက်ပဲ ရှိတာနော်"

"စိတ်ချရပါတယ် အန်တီလေးရဲ့၊ အဲဒီလူက မော်မော်တို့နဲ့ အမျိုးတော်ပါတယ်၊ စင်စင်နဲ့လည်း သိပါတယ်"

"အိုအေ ... ဘာပဲဖြစ်ဖြစ် ညည်းအစ်ကို့ကိုတော့ ဖုန်းဆက်ထားမှ"

ပြောလည်းပြော ကိုကြီးဆီ ဖုန်းဆက်နေတာမို့ ရင်လေးသွားမိသည်။ သူ မြန်မြန်လာနိုင်ပါစေ။

ဆယ်မိနစ်နီးပါးကြာတော့ အိမ်ရှေ့က လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ အပေါ်ကနေ ချောင်းကြည့်တော့ ကပ်ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားပြီး တစ်ပတ်နှမ်းရှပ်



www.burmeseclassic.com

www.burmeseclassic.com



အကျီဝတ်ထားတဲ့ သူ့ကိုတွေ့တော့ စင်စင် ခြေဖျားတွေ လက်ဖျားတွေတောင် အေးစက်သွား၏။

"လာပြီ ... လာပြီ ... အန်တီလေးရေ"

"ဟဲ့ ... ဘယ်သူလာတာတုန်း"

"အိမ်သာပြင်တဲ့သူလေ"

"ဟုတ်ရော ဟုတ်ရဲ့လားအေ၊ သေချာကြည့်ပါဦး"

"ကြည့်ပါတယ် အန်တီလေးရဲ့၊ သူမှ သူအစစ်ပါ၊ ရေတောင်မရောဘူး"

သော့နဲ့ တံခါးဖွင့်ပေးတော့ သူက စင်စင့်ကို ငေးစိုက်ကြည့်နေပါ၏။ သူ့မျက်လုံးတွေက စင်စင့်ကို ပြောကြသည်။ "သိမ်လွှမ်းတာပဲ စင်စင်ရယ်"တဲ့။ စင်စင်ကလည်း ပြန်ပြောလိုက်ပါသည်။

"ဆရာ့ကိုလည်း စင်စင် သိပ်လွှမ်းပါတယ်လို့"

"ဘယ်မှာပါလဲခင်ဗျာ"

"သြော် ... ဒီမှာပါ ... လာပါ"





စင်စင်က သူ့ကို toilet ဆီ ခေါ်သွားတော့ အန်တီလေးကပါ အနောက်က လိုက်လာသည်။ သူက စင်စင့်ဘက်လှည့်ပြီး မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း ...

"ဟိုလေ ... ကျွန်တော် ရေတစ်ခွက်လောက် သောက်ချင်လို့ ရမလား"

"သြော် ... ရပါတယ်၊ ကျွန်မ ခပ်ပေးပါ့မယ်"

စင်စင်က အိမ်ရှေ့ဘက်ကို ထွက်လာပြီး တံခါးကို သာသာလေးဖွင့်ပြီး အပြင်ဘက် ထွက်လာလိုက်သည်။ တိုက်ခန်းရှေ့မှာ ပါကင်ထိုးထားတဲ့ သူ့ကားကိုတွေ့တော့ စင်စင် လှစ်ခနဲ ပြုံးမိပါသည်။

"သြော် ... ဒီကောင်မလေး ရေသွားခပ်တာ ကြာလှချည်လား၊ ကဲ ... မင်းဘာသာမင်း ပြန်နှင့်နေနော်"

"ဟုတ်ကဲ့"

အန်တီလေး ဆိုသည့် အမျိုးသမီးကြီး ထွက်သွားပြီဆိုတာနဲ့ သူလည်း မြန်မြန်လေးပဲ အခန်းပြင်ထွက်လာပြီး လေအဟုန်လို အိမ်ရှေ့တံခါးကနေ အပြင်ဘက်ကို ပြေးထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... စင်စင် ... စင်စင်ရေ"

အန်တီလေးက စင်စင့်ကို ဘယ်မှာမှ မတွေ့တာမို့ တကြော်ကြော် အော်ခေါ်ရင်းက မသင်္ကာလို့ အိမ်ရှေ့တံခါးဆီ လျှောက်လာတော့ တံခါးက ဟစိဖြစ်လို့နေသည်လေ။

"ဟင် ... သွားပြီ၊ သူ ငါ့ကို တစ်ပတ်ရိုက်သွားပြီ"

တံခါးဖွင့်ပြီး တိုက်ခန်းအပြင် ထွက်ကြည့်တော့ စင်စင့်ရဲ့အရိပ်အယောင်ကိုပင် မတွေ့ရတော့။

"ဒုက္ခ ... ဒုက္ခ ... လုလင် သိရင်တော့ မိုးမီးလောင်ပြီ၊ အင်း ... ဟိုကလေးလည်း ပြင်လို့ပြီးပြီလား မသိဘူး"

အန်တီလေးက တိုက်ခန်းထဲ ပြန်ဝင်လာပြီး toilet ဆီသွားတော့ အိမ်သာပြင်တဲ့ ကောင်လေးကို မတွေ့ရတော့။

"ဟင် ... ပြဿနာပဲ ... ပြဿနာပါပဲ၊ ငါ့ကို သင်းတို့ နှစ်ယောက်ပေါင်းပြီး တစ်ပတ်ရိုက်သွားတာ၊ ငါ သေသာ သေချင်လိုက်တော့တာပဲ"

✤ ✧ ✤





## ၂၉

တိတ်ဆိတ်အေးချမ်းသော ကော်ဖီဆိုင်လေး တစ်ခုတွင် လင်းလုလင်နှင့် ချယ်တို့ မျက်နှာချင်းဆိုင်ပြီး အပြုံးချင်း ဖလှယ်နေကြပါသည်။

"ချယ် ... deal က deal နော်၊ ဒီနေ့ ဘာအကြောင်းမှ မထူးရင် ချယ် ရှုံးပြီ၊ ချယ် ရှုံးခဲ့ရင် ချယ့်တူနဲ့ ကျွန်တော့် ညီမကို လုံးဝသဘောမတူဘူးနော်"

"အင်းပါ လုလင်ရဲ့၊ ဒီနေ့ပဲ သတင်းထူးကို လုလင်ကြား ရမှာပါ၊ deal က deal ပဲနော်၊ ချယ့်တူက တစ်ခုခု စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နိုင်ခဲ့ရင် ချယ့်တူနဲ့ လုလင်ညီမကို သဘောတူရမှာ ဖြစ်သလို ချယ့်တူနဲ့ လုံးဝရန်မဖြစ်ရဘူး၊ ချယ့်တူကို ပြေပြေလည်လည် ဆက်ဆံသွားရမယ်"

"ဟုတ်ကဲ့ပါဗျာ"

တကယ်တော့ သူက မြင့်မြတ်သူကို အခွင့်အရေး ပေးသည့်အနေဖြင့် အပြင်ကို တမင်တကာ ထွက်လာခဲ့တာဖြစ်သည်။ စင်စင့်ဆီက သိမ်းထားသည့် ဖုန်းကိုလည်း ဆက်တီစားပွဲပေါ်မှာ မသိမသာလေး ထားခဲ့ပါသည်။ အခွင့်အရေး ပေးတာပေါ့နော်။

စင်စင်ကတော့ ထိုဖုန်းကို မတွေ့ခဲ့ရှာပါ။ အန်တီလေးက ဂျာနယ်ဖတ်ပြီး ဖုန်းပေါ်ပစ်တင်သွားလို့ ဖြစ်သည်။ သို့သော်လည်းပဲ သူမက ရတဲ့အခွင့်ရေးကို ရအောင်ယူနိုင်ခဲ့ပါသည်။ အခု သူတို့နှစ်ယောက်က မြင့်မြတ်သူရဲ့ကားပေါ်မှာ ရယ်ကာမောကာနှင့် သူတို့နှစ်ယောက်၏ မဟာ့မဟာ စွန့်စားခန်းအတွက် သဘောကျ အူမြူးလို့နေ၏။





လင်းလုလင်ရဲ့ဖုန်းလေး ထ,မြည်လာသည်။ ဖုန်းနားထောင်ပြီးတော့ လင်းလုလင် မျက်နှာက ဖြည်းဖြည်းချင်း ပြုံးလာသည်။ ခုနက အိမ်သာပျက်လို့ ပြင်မယ့်သူကို ခေါ်ထားသည်တဲ့။ အခု ပြင်တဲ့သူ ရောက်လာပြီး စင်စင်ရော၊ ထိုလူပါ ထွက်ပြေးသွားသည်တဲ့။ သူက မြင့်မြတ်သူကလွဲလို့ ဘယ်သူဖြစ်မှာလဲ။

"ချယ် ... ချယ် နိုင်သွားပါတယ်၊ သူတို့နှစ်ယောက် အန်တီလေးကို တစ်ပတ်ရိုက်ပြီး ထွက်ပြေးသွားကြတယ်တဲ့"

ချယ့်လက်လေးတစ်ဖက်ကို သူက ဆွဲဆုပ်ရင်းက ဤသို့ ကတိပေး၏။

"ကျွန်တော် ဒီနေ့ ဒီအချိန်ကစပြီး တူယောက်ဖလေးကို တူအရင်းလို သဘောထားပါ့မယ်၊ တစ်လက်စ,တည်းမှာပဲ ကျွန်တော် သဘောမတက်ခင် ချယ့်ကို အန်တီလေးခေါ်လာပြီး မိသားဖသားပီပီ လာတောင်းပါရစေ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကြားထဲမှာ ဆူးခလုတ်လည်း ရှင်းသွားပြီ ဆိုတော့လေ”

“လုလင်နော်”

ရက်ပြုံးလေးနဲ့ ချယ် တိုးတိုးဆိုတော့ လင်းလုလင် ပျော်ရွှင်စွာ ရယ်မောလိုက်ပါသည်။ နောက်ဆုံးတော့လည်း ချစ်တဲ့ ချယ့်ကို သူ ပိုင်ဆိုင်ရတော့မည်ပေါ့။ မြင့်မြတ်သူနဲ့ သူ့ရဲ့ချစ်တုရင် ကစားပွဲမှာ တစ်ကောင်ကျွေး တစ်ကောင်ယူမို့ သရေပွဲ ဖြစ်သွားတာပေါ့နော်။

အသင်

၂၇–၆–၁၄

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ်–၅၉၊ ၁၉–လမ်း၊ လသာမြို့နယ်သို့
ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com